မြန်မာ့ သံတော်ဆင့်

THE MYANMAR HERALD

အပတ်စဉ်သတင်း

အတွဲ ၃၊ အမှတ် (၁၁)၊ မေ ၂၄ - ၃၀၊ ၂၀၁၄ ခုနှစ်

မြန်မာသက္ကရာဇ် ၁၃၇၃ ခုနှစ် ၌ ထူထောင်သည်


မိုးကြိုးသွားလည်း ဂရုစိုက်ပါဦး

သိကြားမင်း လက်မတည့်ဘူးပေါ့

လူမိုက်များ စက်ကွင်းလွတ်၍နေ၏ . . .

စာမျက်နှာ ၃ သို့ ➤

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ

# အာဏာစက်မှာ ဗိုလ်ချုပ်မှူးကြီးများထံမှ ဆင်းသက်

စာမျက်နှာ ၁၉ သို့ ➤



ကြံ့ခိုင်ရေးဥက္ကဋ္ဌ သူရဦးရွှေမန်းကို သမ္မတရုံးဝန်ကြီး ဗိုလ်ချုပ်(ငြိမ်း) ဦးအောင်မင်း တပ်မတော်ထုံးစံဖြင့် အလေးပြုနေစဉ်



ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်



## ၄၇၆ ပြင်ဆင်ရေးအပေါ် ဦးမင်းကိုနိုင်၏ သဘောထား

တပ်မတော်ရဲ့ အရင်မျိုးဆက်တွေကနေပြီးတော့ ရေးဆွဲပြဋ္ဌာန်းခဲ့တာ . . .
အခု အဲဒီအပေါ်မှာ လက်ရှိမျိုးဆက်ဟာ ဘယ်လိုသဘောထားလဲဆိုတာတော့
ရှင်းရှင်းလင်းလင်းပေါ်ဖို့လိုတယ် . . .

စာမျက်နှာ ၁၅ သို့ ➤

## ဦးအိုက်ထွန်းနှင့်ဘာမှမဆိုင်ကြောင်း CB ဘဏ်ဥက္ကဋ္ဌတစ်ဦး ပြော

စာမျက်နှာ ၁၀ သို့ ➤

# တာမွေအိုးရှင်းစူပါစင်တာအသစ် ရေနစ်မြုပ်၍ မီးသတ်မှုကူရ





စာမျက်နှာ ၃၆ သို့ ➤

## ဒုချုပ်မိသားစုဝင်များကို မိသားစုဝင်မဟုတ်ဟု ပြောခဲ့သော ဦးရဲထွဋ် တပ်မတော်ခေါင်းဆောင်များ ရွံ့ကြောက်ရသည့် ဒုချုပ်ဦးမောင်အေး ကျန်းမာရေးသတင်းအမှန် အင်တာနက်မှ ဖြေရှင်းပေးနေပြန်

စာမျက်နှာ ၅ သို့ ➤

## ဒီဒေသမှာ ဖြစ်နေတဲ့အခြေအနေတွေဟာ လူ့အခွင့်အရေးနဲ့အမျိုးသားအကျိုးစီးပွား အားပြိုင်နေ

ရခိုင်ပြည်နယ် စစ်ဌာနချုပ် တိုင်းမှူးနှင့် တွေ့ဆုံမေးမြန်းခြင်း

စာမျက်နှာ ၂၁ သို့ ➤

## ဟံသာဝတီဦးဝင်းတင်၏မွေးနေ့(သို့မဟုတ်)ကွယ်လွန်သည့်နေ့အား နိုင်ငံရေးအကျဉ်းသားများနေ့အဖြစ် သတ်မှတ်ရန်လိုလား

စာမျက်နှာ ၂၄ သို့ ➤

## ဦးရဲထွဋ် မုန်လာဥလုပ်နေကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှတ်ချက်ပြုခဲ့

စာမျက်နှာ ၂ သို့ ➤

## ဦးပိန်တံတားအား အစိုးရသတင်းစာ အမည်ပြောင်းခေါ်

စာမျက်နှာ ၃၄ သို့ ➤

## လူထုဟာစ်တိုင်(ရန်ကုန်) ကြံ့ခိုင်ရေးရုံးအနီး တည်ဆောက်

**ရန်ကုန်၊ မေ ၂၂**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်နှင့်ဗဟန်းမြို့နယ်အစပ် (ယခင်ပြည်ထောင်စုနေ့ကျင်းပရာမြင်းပြိုင်ကွင်း) ကြံ့ခိုင်ရေးတိုင်းဥက္ကဋ္ဌ ဝန်ကြီးချုပ်ဦးမြင့်ဆွေနှင့် ဗဟိုအလုပ်အမှုဆောင်အချို့ရုံးထိုင်ရာ ရန်ကုန် တိုင်းဒေသကြီးကြံ့ခိုင်ရေးရုံးအနီးတွင် လူထုဟာစ်တိုင်ကို ဆောက်လုပ်နေပြီဖြစ်ကြောင်း ၎င်းနေရာနှင့်နီးစပ်သော အုပ်ချုပ်ရေးမှူးများထံမှ သတင်းရရှိသည်။

(နောက်ကျောဖုံးသို့)

မြန်မာ့သံတော်ဆင့် ကာတွန်း



အပတ်စဉ်စနေနေ့တိုင်းထုတ်ဝေသည်

မြန်မာသံတော်ဆင့်
THE MYANMAR HERALD
အတွဲ-၃၊ အမှတ် ( ၁၁ )၊ မေ ၂၄ – ၃၀ ၊ ၂၀၁၄ ခုနှစ်



# တပ်မတော်ခေါင်းဆောင်များရှဲ့ကြောက်ရသည့် ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး (ငြိမ်း) ကွယ်လွန်ကြောင်းသတင်းထွက်ခြင်း မမှန်



ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အနားယူပြီးနောက် ဦးသိန်းစိန်အစိုးရသစ်လက်ထက်တွင် ကန့်ဘလူမြို့သို့ သွားရောက်သောခရီးစဉ်၌ ကမ္ဘောဇဘဏ် ဦးအောင်ကိုဝင်းနှင့်အတူ တွေ့ရစဉ်



၁၈-၅-၂၀၁၄ နေ့တွင် ကွယ်လွန်သွားသော KNUတပ်ဖွဲ့မှူး ဦးစောသူမူဟဲနှင့် ငြိမ်းချမ်းရေးရယူစဉ်က ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဒုတိယဗိုလ်ချုပ်ကြီးတင်လှ၊ ဒုတိယဗိုလ်ချုပ်ကြီး ဝင်းမြင့်၊ တိုင်းမှူးဗိုလ်ချုပ်ကက်စိန်၊ တပ်မမှူးဗိုလ်မှူးကြီးဟန်တင့်တို့ပုံပါအတိုင်း တွေ့ဆုံခဲ့ကြသည်။

**ရန်ကုန်၊ မေ ၂၁**

တပ်မတော်အစိုးရ လက်ထက်တွင် တိုင်းမှူး၊ တပ်မမှူးများအပေါ် DSA အပတ်စဉ် (၁)ဆင်း အနေဖြင့် ဩဇာလွှမ်းမိုးမှု ပြင်းထန်သည်ဟု သတ်မှတ်ခြင်းခံရပြီး တပ်မတော်ခေါင်းဆောင်များ ရှဲ့ကြောက်ခြင်းခံရသည့် တပ်မတော် အစိုးရအဖွဲ့ အကြီးအကဲတစ်ဦးဖြစ်ခဲ့သော ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် နေအိမ်တွင် ဆေးကုသမှုခံယူနေရင်း ၂၀၁၄ ခုနှစ်၊ မေ ၂၁ ရက် နံနက်ပိုင်း၌ မိသားစုဝင်များရှေ့တွင် ကွယ်လွန်သွားသည်ဟူသောသတင်းသည် စစ်အစိုးရ၏ အကျဉ်းသားဘဝဖြင့် ၁၉နှစ်ကျော် အကျဉ်းကျခံခဲ့ရသော အမျိုးသားဒီမိုက

## ဒုတိယဗိုလ်ချုပ်ကြီး တစ်ဦးက "ဒုချုပ်ကို ကြောက်ရတာပေါ့တင်ပြတဲ့စာတွေဆိုရင် ကျွန်တော် သေသေချာချာဖတ်ပြီးရှင်းနိုင်မှ ဒုချုပ်ကိုတင်ရတယ်"ဟု . . .

ရေစီအဖွဲ့ချုပ် သဘာပတိအဖွဲ့ဝင် သတင်းစာဆရာကြီး ဟံသာဝတီဦးဝင်းတင်ကွယ်လွန်ပြီး တစ်လတိတိပြည့် သောနေ့ မေ ၂၁ ရက် နံနက်ပိုင်းမှ စတင်ကာရန်ကုန်မြို့နေလူထုနှင့် နိုင်ငံရေးအသိုင်းအဝိုင်းကြားတွင် စတင်ပျံ့နှံ့ခဲ့သည်။

ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ကွယ်လွန်သွားပြီ၊ သေချာလား မသေချာလား စုံစမ်းပေးကြပါ၊စသဖြင့် ဖေ့စ်ဘွတ်လူမှုကွန်ရက်စာမျက်နှာများတွင် ပျံ့နှံ့ နေခဲ့ပြီး၊ အထူးသဖြင့် ဟံသာဝတီ ဦးဝင်းတင်ကွယ်လွန်ခြင်း တစ်လ ပြည့်အတွက် ကျန်ရစ်သောမိသား စုဝင်များက မဟာစည်သာသနာ့ရိပ်သာ (၁၆၊ သာသနာ့ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်)တွင် ပြုလုပ်သောဆွမ်းကျွေးအလှူတွင်လည်း စာရေးဆရာ အသိုင်းအဝိုင်းနှင့်နိုင်ငံရေး အသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်အချို့လည်း သတင်းမီဒီယာသမားများထံ အပူတပြင်း စုံစမ်းနေကြောင်း တွေ့ရသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီး(ငြိမ်း) ဦးမောင်အေး၏ မိသားစုဝင်တစ်ဦးကို ဆက်သွယ်မေးမြန်းခဲ့ရာ ဦးမောင်အေးကျန်းမာစွာရှိနေကြောင်း၊ ကျန်းမာရေးပြဿနာကြီးကြီးမားမား ဖြစ်ပွားခြင်းမရှိကြောင်း မြန်မာသံတော်ဆင့်သို့ ပြောကြားခဲ့သည်။

ယနေ့တိုင် တပ်မတော်ခေါင်းဆောင်များ၏ ကြောက်ရွံ့လေးစားခြင်းခံရသော ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ပတ်သက်၍လည်း စစ်ရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သော စစ်ရာထူးခန့်ချုပ်ဒုတိယဗိုလ်ချုပ်ကြီး တစ်ဦးက"ဒုချုပ်ကို ကြောက်ရတာပေါ့။ တင်ပြတဲ့စာတွေဆိုရင်ကျွန်တော် သေသေချာချာ ဖတ်ပြီးရှင်းနိုင်မှ ဒုချုပ်ကိုတင်ရတယ်"ဟု မြန်မာသံတော်ဆင့်သို့ ပြောကြားခဲ့သည်။

ဒုတိယဗိုလ်ချုပ်မှူးကြီး(ငြိမ်း)ဦးမောင်အေးသည် ပြည်ပတွင် ဆေးကုသမှုခံယူပြီးနောက် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာပြီးနောက် ၎င်း၏နေအိမ်သို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လာရောက်တွေ့ဆုံခြင်း ရှိခဲ့သည်။ MH - 0011









မြန်မာသံတော်ဆင့်
THE MYANMAR HERALD
အတွဲ-၃၊ အမှတ် ( ၁၁ )၊ မေ ၂၄ - ၃၀ ၊ ၂၀၁၄ ခုနှစ်





# ခြော် ဟုတ်လား ဒါနဲ့ . . ပြောရအုံးမယ် ဟဲ့. ဟဲ့. ဟဲ

( အတူအမ ၊ ဆင်တူယိုမှား သတိပြုပါ။ )

လင်းယုန် ရေးသည်၊

**နေလည်းရဲရဲ သေရဲရဲနှင့်၊ ဖွဲမာန်တုလွတ် မျက်လုံးကျွတ်အောင်**
**ခွပ်သည်ရှိုင်းရှိုင်း၊ နီသမိုင်းနှင့်**
**စိုင်းစိုင်းရှေ့သို့ချီလေဦး ။**

## အကုသိုလ်ကျင့်ဆိုးနဲ့ အယုတ်ဆောင် အပုပ်ကောင်တွေဟာ မကောင်းမှုဒုစရိုက်တွေကို ပြုမြဲဓမ္မတာ၊ လောဘ ဒေါသ မောဟ ကဲကြတာကြောင့် ဝဋ်ကြွေမှာ ငရဲမကြောက် တိဘုမ္မာသားများသာ . . .

ပြည်သူလူထုကြီး ခင်ဗျာ၊ လင်းယုန်သဘောကတော့ ထိုအတိုင်းပါပဲ ခင်ဗျ။ ယခုတင်ပြတဲ့ အက္ခရာသံခိပ်ရဲ့ ရည်ရွယ်ရင်းကို လူထုကြီး သိကြမှာပါခင်ဗျ။

သမိုင်းတစ်ရိုးမှာ အာဏာရှင်စက်ကွင်းက လွတ်ကြောင်းအတွက် ဒေါင်းမျိုးနွယ်တွေဟာ တစိုက်မတ်မတ်ပြုမြဲ . . . အရေးပေါ်တိုင်း ဆူးတက်ချွန်မြ ခွပ်လက်ကျဆဲ မဟုတ်လား ခင်ဗျာ။

သို့ပေမဲ့လည်းပေါ့ ခင်ဗျ။

ခေတ်တိုက်ပွဲဆိုတော့ ဖြစ်တတ်လေ့အတိုင်း မှန်တိုင်းထတဲ့အခါမျိုးတွေမှာ တောင်ပံမခြံနိုင်မို့ လေသင့်ယိုင်တာကြုံရပေမှာပဲခင်ဗျ။

အဲဒီအခါမျိုးမှာ အရေးမပေါက် ထင်တိုင်းမပြောက်လည်း ဖြစ်ကြပေမပေါ့ခင်ဗျာ။ နေညိုမှောင်မိုက် မမြင်ကြောင်စမ်း ရမ်းယောင်လှုပ်ယမ်းခြင်းလည်း ဖြစ်ပေမပေါ့ခင်ဗျာ။

လင်းယုန်အမြင်အရဖြင့် ပြောစရာဖြစ်ခဲ့ကြရတဲ့ ကာလဟောင်းက အကြောင်းတချို့ဟာ ယခုဆိုရင်တော့ ဒေါင်းဇာတိစခန်းဆီအရောက်လှမ်းဖို့ လူထုသန္ဓေသွေးတို့ အားသစ်မွေးလူးလွန့်ကြွလာခဲ့ပြီခင်ဗျ။

ဒါကြောင့်လည်း အခါတော်ချိန်ကောင်းမှာ တုံ့ဆိုင်းမနေဘဲ လူထုအရေးအတွက် ခပ်သွက်သွက်စိုင်းကြရန် ပြောခြင်းဖြစ်တယ်ခင်ဗျ။

လောကီသဘောမှာ ဆွေမျိုးချင်းဆိုတာ နှစ်ရှယ်စဉ်က ဘယ်လောက်ပဲ တစ်သိုက်တစ်မြုံတည်းနေခဲ့ပေမယ့်လည်း ကာလရင့်လာလေလေ လူမနောမြောင် မတူကွဲမှုတွေ များသထက်များလာတတ်ကြတာပဲ ခင်ဗျ။ ဒီတော့လည်း အသိုက်အမြုံခွဲပြီး သီးခြားစီနေတတ်ကြတာက မဆန်းပါဘူး ခင်ဗျ။ ဒါပေမဲ့ အရပ်ဒေသနီးသထက်နီးရင် အမျိုးအင်အားတောင့်ခြင်းက အရေးကြုံတဲ့အခါ ခြေနိုင်လက်နိုင်ဖြစ်စေတယ် ခင်ဗျ။

လင်းယုန်တို့ ယခုတွေ့ရသမျှ ဒေါင်းမျိုးဆက်တွေဟာလည်း လူထုအရေး တော်ပုံဝမ်းကြားတိုက်ကနေ မွေးထုတ်ပေးလိုက်တဲ့ သွေးရင်းတွေချည်းသာဖြစ်တယ် မဟုတ်လားခင်ဗျ။ ဒီတော့ အသိုက်အမြုံခွဲရုံ မဟုတ်ဘဲ မလိုမာန်ကြွပြီး အမျိုးအချင်းချင်း အသွင်ကွဲကြတာဟာ လုပ်ရပ်စခန်းဖြစ်တဲ့ ဒီမိုကရေစီအရေးပန်းတိုင်လမ်းဖောက်မှုမှာ လုပ်အားမစုမိဘဲ ချုံနွယ်ချောက်ကုန်း ခုတ်ဖို့ညှိခြင်း နှောင့်နှေးမယ်ဆိုတာ သိကြမယ်ထင်တယ်ခင်ဗျ။

ယခုဆိုရင် ဒေါင်းတွေညီညာပေါင်းရုန်းတာကြောင့် ခွပ်တက်အကြွက အားရစရာကောင်းလှတယ် ခင်ဗျ။

အာဏာကိုယ်ကျိုးအတွက် လူထုကို ညှဉ်းဆဲဖိယုတ်နေသူများမှာတော့ အခုလောက်ဆို ရှေ့ရေးအတွက် ဗျာပါဒဖောဖောက်နေကြမယ် ထင်ပါရဲ့ ခင်ဗျာ။

( ဝဋ်ကြွေးဆပ်ရဖို့က တဖြည်းဖြည်းနီးလာပြီဆိုတော့ ယကြာချေလို့ မရနိုင်တော့ပါဘူး ခင်ဗျ။ ဘုရားကုက္ကု အလှူလုပ်တာမျိုးထက် စိတ်ယုတ်ကိုဖောက်ပြီး အနိစ္စမမြဲခြင်းကို သတိတရားမွားထားကြဖို့ အကြံပြုပါတယ်ခင်ဗျ။ ဘဝကူးချိန်ကျတော့ စိတ်ဖြေသာရတာပေါ့ ခင်ဗျာ၊ ဟဲ . . ဟဲ)

ပြည်သူလူထုရဲ့ ဆန္ဒသဘောကလည်း ခွပ်ဒေါင်းအပေါင်းညီညာကြောင်းကိုသာ အလိုရှိကြတယ်ဆိုတာ ၂၀၀၈ အခြေခံဥပဒေ၊ ပုဒ်မ ၄၃၆ အရေးအတွက် ဒီချုပ်နဲ့ ၈၈မျိုးဆက်လင်းတို့ ပေါင်းလုပ်ကြတဲ့ မေလ(၁၇) ရက်နေ့ ဗိုလ်စိန်မှန်ကွင်းအခမ်းအနားမှာ ကွင်းလျှံလမ်းပိတ် လူလှိုင်းလုံး တဝုန်ဝုန်းကြွခြင်းက သက်သေဖြစ်တယ် ခင်ဗျ။

ဒါပေမဲ့ ပြည်သူလူထုကြီး ခင်ဗျာ။

လင်းယုန်အနေနဲ့ စိတ်မကောင်းစွာပြောချင်တာက အာဏာကိုယ်ကျိုးအတွက် ကလိန်ခြံညစ်တတ်တဲ့သူတွေကတော့ လူထုဆန္ဒသဘောကို မမြင်ဟန်ပြုပြီး စရိုက်ဆိုးအတိုင်းသာ လိမ်ယုတ်ကြတာပါပဲလို့ ခင်ဗျ။

အကြောင်းကတော့ ဒီချုပ်နဲ့ ၈၈ ၂၀၀၈ အခြေခံဥပဒေပြင်ရေးအတွက် ပေါင်းကြပြီဆိုတာနဲ့ စစ်အာဏာရှင်စနစ်က မွေးထုတ်လိုက်တဲ့ လက်ရှိအာဏာလက်ပိုင်ဆက်ကိုင်ထားသူများရဲ့ ကြံ့ခိုင်ရေးပါတီကြီးကနေ အခြေခံဥပဒေထဲက သူတို့အာဏာမြဲရေးဖြစ်တဲ့ အချက်တွေကို မပြင်ရေး လူထုဆန္ဒပြပွဲကြီးတွေ ဆိုတာကို ဖန်တီးနေကြတာပဲ ခင်ဗျ။

လင်းယုန်အနေနဲ့ ကြံ့ခိုင်ရေးကဦးဆောင်တဲ့ လူထုဆန္ဒပြပွဲကြီးများလို့ အသေအချာမပြောနိုင်ဘဲ ''ဆိုတာ''ဟု သုံးပြီး မရေမရာပြောရတာက မေလ (၁၅)ရက်နေ့မှာ ဖြစ်ခဲ့တဲ့ ဇလွန်မြို့နယ်ကြံ့ခိုင်ရေးပါတီက ဦးဆောင်ပြီး ပုဒ်မ ၅၉(စ)ထောက်ခံရေး ခေါင်းစီးတပ် ဆန္ဒပြပွဲဆိုတာကြီးရဲ့ လိမ်ရှုပ်ပုံကိုသာ ပြန်တွေးကြည့်ကြပါတော့ ခင်ဗျာ။ ပြည်သူလူထု ၅၀၀၀ ကျော် အင်အားရှိတဲ့ဆန္ဒပြပွဲကြီးလို့ ကြံ့ခိုင်ရေးအတွင်းရေးမှူးက ပြောနေပေမယ့် ဆန္ဒပြဒေသခံဆိုသူတွေက ဘုရားလှူမယ်လိုက်ခဲ့ဆိုပြီး ခေါ်တာနဲ့ ဘုရားပင့်ရအောင်လိုက်ခဲ့ကြတာပါလို့ ပြောကြတယ်ဆိုတော့ လင်းယုန်လည်း ဘယ်သို့ယုံမှတ်ရမယ်ဆိုတာ မဆုံးဖြတ်တတ်သမို့ပါခင်ဗျ။

(ယခင် ယခင်က လူထုထောက်ခံပွဲဆိုပြီး အင်အားပြခဲ့ကြတာတွေဟာ ဘယ်သို့ အင်အားစုခဲ့ကြတယ်ဆိုတာ လူထုကြီး သိနိုင်ကောင်းပါရဲ့ခင်ဗျ။ နို့ပေမယ့် အခုလို ဘုရားလှူမယ်ဆိုပြီး လုပ်တာမျိုးကတော့ ဘုရားကုကုဆေးဖောင်မှျောတယ်လို့ပဲ ပြောရလေမလား။ ဟဲ . . ဟဲ) ထိုသို့ဖြစ်နေကြတဲ့အချိန်မှာပဲ လင်းယုန်တို့ရဲ့နိုင်ငံတော်သမ္မတကြီးက 'အခြေခံဥပဒေပြင်ဆင်ရေးနဲ့ တရားမျှတတဲ့ ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက်ကြောင့် တိုင်းပြည်ဆူဆူပူပူဖြစ်ရင် ပြည်သူပဲနစ်နာမှာ' လို့ မိဘပြည်သူများအတွက် စိုးရိမ်လွန်းရှာသတိပေးစကားကို ပြောကြားလိုက်လေတယ်ခင်ဗျ။ တိုင်းပြည်ဆူပူမယ့်အရေးကို အစိုးရိမ်ကြီးရှာတယ် ထင်ပါ့ခင်ဗျ။ သမ္မတသက်တမ်းသိပ်မကျန်တော့ပေမယ့် တိုင်းပြည်နစ်နာမယ့်အရေး အလေးထား အာရုံစိုက်ရှာသားလို့ ချီးကျူးရပေမယ် ခင်ဗျ။

သမ္မတရဲ့ သတိပေးစကားဟာ မေလ(၁၅)ရက်နေ့က ပြောတာဆိုတော့ ဇလွန်ကြံ့ခိုင်ရေးဆန္ဒပြပွဲလုပ်တဲ့နေ့နဲ့ တိုက်ဆိုင်နေတယ် ခင်ဗျ။

( ဒါနဲ့ဆက်စပ်ပြီး ကြံ့ခိုင်ရေးပါတီရဲ့ဥက္ကဋ္ဌကြီး ဦးသိန်းစိန်ရဲ့ ပါတီတံဆိပ်ရင်ထိုးတပ်လို့ သမ္မတလည်းဖြစ်တာကြောင့် ခေါင်းပေါင်း၊ စလွယ်ပါ ဆင်ယင်ထားသော ယခင်က ကြံ့ခိုင်ရေးပါတီရုံးများမှာ ချိတ်ထားတဲ့ ဓာတ်ပုံကိုလည်း မြင်ယောင်မိတယ် ခင်ဗျ၊ ဟဲ . . ဟဲ )

. . . . .

**ဒါနဲ့ . . . ပြောရဦးမယ် ခင်ဗျ။**

သမ္မတရဲ့သတိပေးစကား။ ဒီချုပ်နဲ့ ၈၈ လက်တွဲဆောင်ရွက်လာပြီး မကြာခင်မှာ ကြံ့ခိုင်ရေးက အထက်ပါလုပ်ရပ်တွေနဲ့ တန်ပြန်ဆန္ဒပြခြင်းတွေကို တစ်ပြိုင်တည်း ကြုံရတော့ ဒီမိုကရေစီအရေးအတွက်ဆောင်ရွက်တဲ့ ၁၉၈၈ခုနှစ် လူထုအရေးတော်ပုံ အစဦးကာလက ဒီမိုကရေစီအရေးတော်ပုံတပ်သားတွေရဲ့ လူထုဆန္ဒပြပွဲတွေအပေါ် တန်ပြန်ဆန္ဒပြပွဲပေါက်ပေါက်ခဲ့ပြီး မည်သူက အကြမ်းဖက် ဖျက်ဆီးရေးများကိုအစပြုလုပ်ကာ လူထုကို ဆူပူအုံကြွအောင် လှုံ့ဆော်ခဲ့ပါသလဲ ခင်ဗျ။

ပြည်သူလူထုကြီး ခင်ဗျာ၊ ခြောက်တိုင်းလည်း မကြောက်ကြပါနဲ့။ နှဲ့တိုင်းလည်း မနွဲ့ကြပါနဲ့။ တွန်းတိုင်းလည်း မယိုင်ကြပါနဲ့။ သတိအစဉ်ပြုကြပါ ခင်ဗျာ။

အကုသိုလ်ကျင့်ဆိုးနဲ့ အယုတ်ဆောင် အပုပ်ကောင်တွေဟာ မကောင်းမှုဒုစရိုက်တွေကို ပြုမြဲဓမ္မတာ၊ လောဘ ဒေါသ မောဟ ကဲကြတာကြောင့် ဝဋ်ကြွေမှာငရဲမကြောက် တိဘုမ္မာသားများသာပါ ခင်ဗျာ။

**(လင်းယုန် တွေးမိတာသာ အမှန်ဆိုရင်တော့ ထိုသို့ ဓာတ်ကွက်ဆင်ခန်းအတွက် ဟစ်ရမယ့် ဓာတ်စာကတော့**
**လူထုကြားမှ ငါပြောမယ် ရွှေရှင်ဘုရင်ရဲ့ . . နင် ဆင်ခြင်အုံး။**
**မပြေးသော်ကန်ရာရှိ . . တန်ပါအမိ မဘို့မယ်ရဲ့)**
**ဟဲ . . ဟဲ . . ဟဲ)**




# ပုသိမ်မြို့ရှိ မုန်တိုင်းငယ်သည် ၂၄နာရီအတွင်း ပိုမိုအားကောင်းလာနိုင်

**ရန်ကုန်၊ မေ ၂၂**

ပုသိမ်မြို့၏ အနောက်တောင်ဘက် မိုင် ၂၂၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသောလာနီညာ မုန်တိုင်းငယ်သည် ၂၄နာရီအတွင်း ပိုမိုအားကောင်းလာနိုင်သည်ဟု မေ ၂၂ ရက်တွင် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးဦးက မြန်မာသံတော်ဆင့်သို့ပြောသည်။

မုန်တိုင်း၏ လက်ရှိအခြေအနေမှာအဝါရောင်အဆင့်ရှိပြီး မြောက်၊ အရှေ့မြောက်ဘက်သို့ အနည်းငယ်ရွေ့လျားလာပါက လိမ္မော်ရောင်အဆင့်သို့တိုးလာနိုင်သည်ဟု ၎င်းကထပ်မံပြောကြားခဲ့သည်။

''မုန်တိုင်းရဲ့ လက်ရှိအခြေအနေကအဝါရောင်အဆင့်ရှိတယ်။ နောက် ၂၄ နာရီအတွင်းမှာ ပိုမိုအားကောင်းလာနိုင်တယ်လို့ ခန့်မှန်းရတယ်။ အရှေ့မြောက်ဘက်ကို နည်းနည်းရွေ့လျားသွားပြီဆိုတာနဲ့ လိမ္မော်ရောင်အဆင့်တိုးမှာပေါ့။ နိုင်ငံတကာမိုးလေဝသဌာန ခန့်မှန်းချက်တွေအရလည်း မြောက်၊ အရှေ့မြောက်ဘက်ကိုရွေ့လျားနိုင်တယ်ဆိုပြီး ခန့်မှန်းပေးကြတယ်။ အရှေ့မြောက်ဘက်ကို ရွေ့လျားသွားရင် မြန်မာနဲ့ ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံကြားမှာ ရှိနိုင်တဲ့အတွက် ၂၄ နာရီအတွင်း စောင့်ကြည့်ပြီး အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်သွားမှာပါ''ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးဦးက ပြောသည်။

မေ ၂၂ ရက် နံနက် ၆နာရီခွဲတွင်တိုင်းထွာချက်များအရ အဆိုပါ မုန်တိုင်းငယ်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့၏တောင်အနောက်တောင်ဘက်မိုင် ၃၀၀ ခန့်၊ မြန်မာနိုင်ငံ ဌမြို့နယ်၏ အနောက်တောင်ဘက်မိုင် ၂၂၈ခန့်နှင့် ပုသိမ်မြို့နယ်၏ အနောက်အနောက်တောင်ဘက်မိုင် ၂၂၀ခန့် အကွာပင်လယ်ပြင်တွင် ဗဟိုပြုလျက်ရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

လက်ရှိဖြစ်ပေါ်နေသော မုန်တိုင်းငယ်အခြေအနေနှင့်ပတ်သက်၍ လပွတ္တာမြို့နယ်မှ ဒေသခံတစ်ဦးက ''ဒီဘက်မှာတော့ မိုးနည်းနည်းရွာတာပဲရှိပါတယ်။ လေပြင်းတိုက်တာတို့တော့မရှိပါဘူး။ မုန်တိုင်းအတွက်ပြင်ဆင်ထားဖို့ဆိုပြီး လိုက်ကြေညာတာမျိုးတွေလည်း မရှိသေးဘူး။ လပွတ္တာမြို့ပေါ်ကတော့ ခပ်အေးအေးပါပဲ''

အဆိုပါမုန်တိုင်းငယ်၏ အရှိန်ကြောင့် မြစ်ဝကျွန်းပေါ်နှင့် ရခိုင်ကမ်းရိုးတန်းဒေသများတွင် မိုးသက်လေပြင်းများ တိုက်ခတ်နိုင်ပြီး လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၄၄ မိုင်မှ ၅၅ မိုင်အထိ တိုက်ခတ်နိုင်သည့်အတွက် ကမ်းနီးကမ်းဝေး ငါးဖမ်းရေယာဉ်သင်္ဘောများကို မုန်တိုင်းအန္တရာယ်ကြိုတင်သတိပြုရန် လိုအပ်သည့် အကြံပြုချက်များကိုလည်း ထုတ်ပြန်ထားသည်ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန မှဒုတိယညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးကပြောသည်။

**သဥ္ဇာဆွေ**



ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီး
တဝစေတီ စိန်ဖူးတော်တင်လှူနေစဉ်




မြတောင်ဆရာတော်ဘုရားကြီးနှင့် ရွှေပေါ်ကျွန်း ပဓာန နာယကဆရာတော်
စိန်ဖူးတော် ပြန်လည် တင်လှူပူဇော်ပွဲ

## မဖွသံတော်ဆင့်



# ဝစီဒုစရိုက် ရှောင်ကြဉ်ရေး ကျင့်စဉ်

ဝစီဒုစရိုက် ရှောင်ကြဉ်ရေး ကျင့်စဉ်များကို ကျင့်ဆောင်ကြပါရန် ဆရာတော် ဩဝါဒပေးလိုက်ပါသည်။ ကျင့်ဆောင်ရန်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁) ဘုရားတပည့်တော်သည် **မဟုတ်မမှန်သော စကားကို ပြောဆိုခြင်း** မှ ယနေ့ကစ၍ (၂၇)ရက်တိုင်အောင် ရှောင်ကြဉ်ပါမည်ဘုရား။

(၂) ဘုရားတပည့်တော်သည် **ယုတ်ယုတ်မာမာဆဲရေးတိုင်းထွာ ပြောဆိုခြင်း**မှ ယနေ့ကစ၍ (၂၇)ရက်တိုင်အောင် ရှောင်ကြဉ်ပါမည် ဘုရား။

(၃) ဘုရားတပည့်တော်သည် **သင့်တင့်ညီညွတ်နေသူတို့ကို ကွဲပြားအောင် ကုန်းတိုက်သောစကားတို့ကို ပြောဆိုခြင်း**မှ ယနေ့ကစ၍ (၂၇)ရက် တိုင်အောင် ရှောင်ကြဉ်ပါမည် ဘုရား။

(၄) ဘုရားတပည့်တော်သည် **အနှစ်ကင်းသော အဖျင်းအသောစကားများကို ပြောဆိုခြင်း**မှ ယနေ့ကစ၍ (၂၇)ရက်တိုင်အောင် ရှောင်ကြဉ်ပါမည် ဘုရား။

(၅) ဘုရားတပည့်တော်သည် **ကုန်းသတ္တဝါတို့၏ အသွေးအသားများကို စားသောက်ခြင်း**မှ ယနေ့ကစ၍ (၂၇)ရက်တိုင်အောင် ရှောင်ကြဉ်ပါမည် ဘုရား။

ဆောက်တည်ရာ၌ ဆရာသမားအထံတော်၌ဖြစ်စေ ဆင်းတုတော်၊ စေတီတော်တို့၏ ရှေ့တော်၌ဖြစ်စေ ဆောက်တည်နိုင်ကြပါသည်။ ဤသို့အားဖြင့်ပထမအကြိမ် (၂၇)ရက်၊ ဒုတိယအကြိမ် (၂၇)ရက်၊ တတိယအကြိမ် (၂၇)ရက်၊ စတုတ္ထအကြိမ် (၂၇)ရက်အားဖြင့် (၄)ကြိမ်စလုံး ဆောက်တည်နိုင်လျှင် (၄)ကြိမ်စလုံးကိုပင် တစ်ဆက်တည်း ဆောက်တည်သွားပါ။ အကယ်၍ (၄)ကြိမ်စလုံး မဆောက်တည်နိုင်လျှင် တစ်ကြိမ်ဖြစ်စေ၊ နှစ်ကြိမ်ဖြစ်စေ၊ သုံးကြိမ်ဖြစ်စေခွဲခြား၍ ဆောက်တည်နိုင်ပါသည်။ တစ်ကြိမ်နှင့်တစ်ကြိမ်ကြားကို နှစ်ရက်တန်သည် သုံးရက်တန်သည် ရပ်နားထားလိုပါက ထားနိုင်ပါသည်။

ရွှေပေါ်ကျွန်းဆရာတော်
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇေယျသိဒ္ဓိမဟာဉာဏ်

# ရွှေပေါ်ကျွန်းဆရာတော်၊ မြတောင်ဆရာတော်တို့ ပူဇော်ခဲ့သော တဝစေတီ ရွှေထီးတော်မှစ၍ ရွှေသင်္ကန်းပြန်လည် ကပ်လှူပူဇော်မည်

**မလှိုင်၊ မေ ၂၂**

ရန်ကုန်မြို့တွင် ဦးနေဝင်းလမ်းစဉ်ပါတီအစိုးရမှ မဟာဝိဇယစေတီတည်ထားစဉ် ''ဝမရှိဘဲ ဝိလုပ်၍မရ''ဟူသော စကားအရ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ရွှေပေါ်ကျွန်း ဆရာတော်ဘုရားကြီးက ဦးစွာပြီးစီးအောင်တည်ထားခဲ့သော တဝစေတီတော်မြတ်ရွှေထီးတော်မှစ၍ လုံးတော်ပြည့်ရွှေသင်္ကန်းပြန်လည် ကပ်လှူပူဇော်ရန် ရွှေပေါ်ကျွန်းသာသနာပြုစခန်း ပဓာနနာယကဆရာတော်ဘဒ္ဒန္တကုမာရ အရှင်သူမြတ်ဦးစီး၍ စီစဉ်လျက်ရှိရာ လုပ်ငန်းများစတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ဂေါပကအဖွဲ့မှ သတင်းရရှိသည်။ တဝစေတီ ရွှေသင်္ကန်းကပ်လှူရန် မတည်အလှူရှင် ကျပ်သိန်း(၅၀)အပါအဝင် လှူဒါန်းငွေများကို ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီး၏ ၉၃နှစ်ပြည့် ဝိဇာတမွေးနေ့ပူဇော်ပွဲအခမ်းအနား ကျင်းပမည့် ကဆုန်လပြည့်ကျော် ၁၄ရက်(မေလ ၂၇ရက်)နေ့တွင် ရွှေပေါ်ကျွန်း သာသနာပြုစခန်း ဝိဇယကာရီဇာတ်ရုံကြီးအတွင်း အခမ်းအနားအစီအစဉ်ဖြင့် တာဝန်ရှိအစိုးရ သာသနာရေးဝန်ကြီးဌာနနှင့် ဥပဋ္ဌာကအဖွဲ့တို့မှအခမ်းအနား အစီအစဉ်ဖြင့် လက်ခံမည်ဖြစ်ကြောင်းသိရှိရသည်။

တဝစေတီရွှေထီးတော်သည် ကျေးဇူးတော်ရှင်အရှင်ဇေယျသိဒ္ဓိမဟာဉာဏ် ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီးတင်လှူပူဇော်ခဲ့ခြင်းဖြစ်ပြီး စိန်ဖူးတော်မှာပဓာန နာယကဆရာတော် ဘဒ္ဒန္တကုမာရ အရှင်သူမြတ်လက်ထက် လေပြင်းတိုက်၍ ပဓာနဆရာတော်နှင့် ဝေနေယျများ စုပေါင်းပြန်လည်လှူဒါန်းခဲ့ရာ မန္တလေးမြို့မှ နိုင်ငံတော်ဩဝါဒါစရိယအဘိဓဇမဟာရဋ္ဌဂုရု မြတောင်ဆရာတော်ဘုရားကြီး ကိုယ်တိုင်ကြွရောက်၍ စိန်ဖူးတော်ပြန်လည်တင်လှူပူဇော်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **MH-0011**




ရွှေသင်္ကန်းပြန်လည်ကပ်လှူရန် ထီးတော် အစိတ်အပိုင်းများ ပင့်ဆောင်စဉ်


ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီး ကိုယ်တိုင်ကြွရောက်၍ တဝစေတီ ရွှေထီးတော်တင်လှူ ပူဇော်ခဲ့သော မြင်ကွင်း



မြန်မာသံတော်ဆင့်
THE MYANMAR HERALD
အတွဲ-၃၊ အမှတ် ( ၁၁ )၊ မေ ၂၄ - ၃၀ ၊ ၂၀၁၄ ခုနှစ်



# အကုန်လုံးကို ပယ်ဖို့ဆိုရင် ၄၃၆ က ပင်မတံခါး

## ဖက်ဒရယ်ဒီမိုကရက်ပြည်ထောင်စုဖြစ်ပေါ်ဖို့ ဖွဲ့စည်းပုံ ပြင်ဆင်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးကိစ္စ အဓိကအကျပ်အတည်း ဖြစ်



အခြေခံ ဥပဒေပြင်ဆင်ရေးအတွက် အဓိကကျသည့် ပုဒ်မ ၄၃၆ ပြင်ဆင်ရေး လှုပ်ရှားမှုများ ခပ်စိပ်စိပ် ဖြစ်ပေါ်လာချိန် မီဒီ ယာလောကအတွင်း အသံပျောက်နေသည့် ၈၈ မျိုးဆက်ကျောင်းသား ခေါင်းဆောင် ဦးမင်းကိုနိုင်လည်း စင်မြင့်ပေါ်၌ ပြန်လည် ထွက်ပေါ်လာခဲ့သည်။ အခြေခံဥပဒေ ပြင်ဆင်ရေးအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)နှင့် ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းတို့ပူးပေါင်း၍ အခြေခံဥပဒေပြင်ဆင်ရေး လူထုသဘောထား ဆန္ဒကောက်ယူပွဲကို ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ပိုလိုမိန်မှန် အားကစားကွင်း၌ ပြုလုပ်စဉ် လူထုရှေ့မှောက် ပြန်လည်ထွက်ပေါ်လာခဲ့ခြင်း ဖြစ်သည်။

ယင်းသို့ ထွက်ပေါ်လာပြီး နောက်ဆက်တိုက်ဆိုသလို မန္တလေးတိုင်း၊ အောင်ပင်လယ်ကွင်း၌လည်း အခြေခံဥပဒေပြင်ဆင်ရေး လူထုဆန္ဒသဘောထား ကောက်ယူပွဲအတွက် သွားရောက် ဟောပြောရန် ပြင်ဆင်နေစဉ် အဓိကကျသည့် ပုဒ်မ ၄၃၆ ပြင်ဆင်ရေးအပေါ် ဦးမင်းကိုနိုင်၏ သဘောထား၊ ပြင်ဆင်ရေးအတွက် တွေ့ကြုံနိုင်သည့် အခက်အခဲစသည်တို့နှင့် ပတ်သက်ပြီး ယခုကဲ့သို့ ဆက်သွယ်မေးမြန်းမှုများအား တင်ပြလိုက်ပါသည်။

အောင်ထွန်းလင်း

**နိုင်ငံရေးလောကကနေ နည်းနည်း ပျောက်နေပြီး အခု ၄၃၆ ကိစ္စနဲ့ကျမှ ထွက်လာ တာ လူထုက ဝမ်းလည်း ဝမ်းသာ၊ ကြိုလည်း ကြိုဆိုနေကြပါတယ်။ အဲဒီအပေါ်မှာ အခု ၄၃၆ကျမှ အစ်ကို ဘာလို့ပြန်ထွက်လာတယ်ဆိုတာသိပါရစေ။**

၄၃၆က ဒီဖွဲ့စည်းပုံ တစ်ခုလုံးမှာရှိနေတဲ့ တရားမမျှတတဲ့ ကိစ္စတွေပေါ့ဗျာ။ လူထုရဲ့ အခွင့်အရေးတွေ ဖိနှိပ်ချုပ်ချယ်တာတွေ၊ ဒါတွေ အကုန်လုံးကို ပယ်ဖို့ဆိုရင် ၄၃၆ က ပင်မတံခါးပေါ့ဗျာ။ သူ့ကို ဖွင့်မှ ကျန်တာတွေ ဆက်ပြီး ဖွင့်မယ်ပေါ့။ အဲဒါကြောင့် ဒါကိုပဲ ကျွန်တော်တို့ ဦးတည်ပြီး ပြောရတာပေါ့ဗျာ။

**အခုဆိုရင်၄၃၆နဲ့ ပတ်သက်ပြီး အစ်ကိုတို့ တောက်လျှောက် လုပ်လာတယ်ပေါ့နော်။ ၄၃၆ က လက်ရှိအတွက် ဘာကြောင့် အရေးတကြီး ပြင်ဆင်ရမယ်လို့ လုပ်နေတဲ့ အပေါ်မှာကော အစ်ကို ဘယ်လိုမြင်သလဲ။**

လွှတ်တော်ထဲမှာ ပြင်စေချင်တယ် ပေါ့နော်။ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ဒီကိစ္စကို အောင်မြင်စေချင်တယ်ပေါ့။ လွှတ်တော်ထဲမှာ ပြင်ဖို့ အတွက်ကိုပဲ ကျွန်တော်တို့ အတွက် ကကျတော့ ပြည်သူလူထုရဲ့ သဘောထား ဆန္ဒကို ကျွန်တော်တို့က ဖော်ထုတ်ပြသဖို့ပါပဲ။ ကျွန်တော့်အနေနဲ့က လူထုဆန္ဒကို သိပြီး သားပါ။ ဒါပေမဲ့ သက်ဆိုင်ရာပေါ့ဗျာ။ ပြင်ဆင်ကြရမယ့် ကိုယ်စားလှယ်တွေကိုယ်တိုင် အပ်ကျမပ်ကျ နဖူးတွေ့ဒူးတွေ့ တွေ့သွားဖို့ပဲ။ နောက်တစ်ခုက ပြည်သူလူထုကနေ မေးခွန်းထုတ်လိမ့်မယ်၊ ဒီလှုပ်ရှားမှုနဲ့ တစ်ဆက်တည်းမှာပေါ့။ သူတို့ရဲ့ မဲဆန္ဒနယ်ထဲက ကိုယ်စားလှယ်တွေကို သူတို့ မေးကြပါလိမ့်မယ်။ ၄၃၆ ကို ပြင်ဖို့ ဆန္ဒရှိ၊ မရှိဆိုတာကို ပြည်သူတွေက မေးကြလိမ့်မယ်။ ဘာကြောင့် မပြင်ချင်တယ်၊ ဘာကြောင့် ပြင်ချင်တယ်ဆိုတာကို အထင်အရှားပေါ်လွင်စေမှာပေါ့။

**၄၃၆နဲ့ ပတ်သက် ပြီး ၈၈ နဲ့ NLD နဲ့ ပြန်ပေါင်းပြီး တောက်လျှောက်လုပ်လာတယ်ပေါ့။ NLDနဲ့ ၈၈ အနေနဲ့က ကောဘယ်လိုဟာကိုဘုံ ရည်မှန်းချက်ထားပြီးလက်ရှိ လုပ်နေတာ လဲ။**

အဓိကကတော့ ကျွန်တော်တို့က နှစ်ခုဗျာ။ ဒီကနေ့ တိုင်းပြည်မှာ အကျပ်အတည်း တွေ့နေကြတာ ပြည်တွင်း ငြိမ်းချမ်းရေး ကိစ္စရယ်၊ အဲဒီဖွဲ့စည်းပုံ ပြင်ဆင်ရေး ရယ်။ ဒီနှစ်ခုက ဖက်ဒရယ်ဒီမိုကရက် ပြည်ထောင်စု ဖြစ်ပေါ်ဖို့ပဲ။ အဲဒီတော့ ဒီနှစ်ခုကို ကျောချင်းကပ်ထားရမယ်။ တစ်ဆက်တည်းမှာ ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွေမှာလည်းကျွန်တော်တို့လိုက်ပြီးတော့ ပါဝင်ကြရမယ်။ အခြေခံဥပဒေပြင်ဆင်ရေးကိုလည်း နှစ်ခုစလုံးကို မျက်ခြည်ပြတ် မခံတဲ့နည်း ပေါ့ဗျာ။ အဲဒါကို ကျွန်တော်တို့ ရွေးထားတာ။

**အရင်တုန်းက ၈၈ အနေနဲ့ လူထုနဲ့ တိုက်ရိုက်ထိ တွေ့တာမျိုးကို နည်းနည်းဝေးနေပြီးမှ အခု ၈၈ကိုယ်တိုင်ကကိုပါ ပြန်လည်ဦးဆောင်ပြီးတော့ လုပ်ရတာဟာ ၈၈ တစ်ခုရဲ့ သဘောထားလား အစ်ကို။**



ဒါကျွန်တော်တို့ ငြိမ်းချမ်းရေးနဲ့ ပွင့်လင်းလူ့အဖွဲ့အစည်း တစ်ခုလုံးရဲ့ သဘောထားတင်မကပါဘူး။ ဒီမိုကရေစီ အင်အားစုတွေ အားလုံးရဲ့ ပူးပေါင်းပါဝင်မှုတွေနဲ့မှ ဆက်ပြီး ချိတက်မှာပါ။ အဲဒီမကဘူးဗျ။ တိုင်းရင်းသားအင်အားစုတွေပါ ပါဝင်အောင် ကျွန်တော်တို့ သဘောတူညီမှုတွေတော့ ရထားပါတယ်။ ဆိုပါတော့ဗျာ … KNU လို အဖွဲ့အစည်းက လာရောက်ပြီးတော့ ဆွေးနွေးပြီးတော့ သဘောတူထားတာ ရှိတယ်။ ပြည်တွင်းမှာဆိုရင် UNA လို အဖွဲ့အစည်းမျိုး။ အဲဒီတော့ ကျွန်တော်တို့ အင်အားတွေ အများစုရဲ့ ကိုယ်စားပြုမှုကိုရအောင် လှုပ်ရှားပြီးတော့ ကြိုးစားနေတာပါ။

**အခုလို ပေါင်းစည်းလုပ်ကိုင်တာဟာ အစ်ကိုတို့အနေနဲ့ အဓိက အခက်အခဲဖြစ် လာမှာက ဘယ်ဟာလို့ မှန်းဆထားသလဲ။**

အဓိကတော့ ပြင်ဆင်ဖို့အတွက် ကာယကံရှင်တွေရဲ့ သဘောထားပဲဗျ။ အဲဒီထဲမှာ ပြည်သူလူထု ရွေးချယ်တင်မြှောက် ထားတဲ့လူတွေ ရှိသလို ရွေးချယ်တင်မြှောက်ထားခြင်းမရှိဘဲ ဝင်ထိုင်နေကြတဲ့ တပ်မတော် ကိုယ်စားလှယ်တွေလည်း ရှိတယ်။ အဲဒီသူ တို့ရဲ့အပိုင်းက ပိုပြီးတော့ အခက်အခဲ သို့မဟုတ် တွေ့ဆုံပြီးတော့ အဖြေရှာရမယ့် သဘောရှိတယ်။ အဲဒီမှာ နံပါတ်တစ်ကတော့ အရေးကြီးဆုံးအချက်က ဘာလဲဆို တော့ ဒါဟာ သူတို့ တပ်မတော်ရဲ့ အရင်မျိုးဆက်တွေကနေပြီးတော့ ရေးဆွဲပြဋ္ဌာန်းခဲ့တာ ဖြစ်တယ်။ အခု အဲဒီ အပေါ်မှာ လက်ရှိမျိုးဆက်ဟာ ဘယ်လို သဘောထားလဲဆိုတာ တော့ ရှင်းရှင်းလင်းလင်း ပေါ်ဖို့ လိုတယ်။ ဆိုလိုတာကတော့ဗျာ …သူတို့ ရေးဆွဲထားတာ မဟုတ်ကြဘူး အများစုက။ ရှေ့ကနေပြီး ရေးဆွဲတဲ့ သူတွေရဲ့ သဘောထားနဲ့ အခု သဘောထား၊ အထူးသဖြင့် သူတို့ အဲဒီမှာ အခွင့်အရေးရယူထားတဲ့ အပေါ်မှာ သူတို့ ဘယ်လို သဘောထားသလဲဆိုတာကိုလည်း ထင်ရှား ပေါ်လွင်စေမှာပေါ့။

**လက်ရှိ ၄၃၆ က အဝတ်လဲထားတဲ့ စစ်အစိုးရရဲ့ နောက်ဆုံးခံတပ်လို့ နိုင်ငံရေး သုံးသပ်သူတွေက ပြောတယ်။ ဒီဟာကိုကော အစ်ကိုတို့ပြုပြင်ပြောင်းလဲသွားနိုင်မယ်လို့ ယုံကြည်ထားလား။**

ဒါကတော့ဗျာ… ပြည်သူလူထု တစ်ရပ်လုံးရဲ့ ပူးပေါင်းပါဝင်မှု ရှိတယ်။ နောက်တစ်ခုက သက်ဆိုင်ရာ ပုဂ္ဂိုလ်တွေရဲ့ ဉာဏ်အမြော်အမြင်ရှိမှုပေါ့ဗျာ။ ကာယကံရှင်တွေပေါ့။ ဒါတွေကို မဲဆန္ဒပေးပြီးတော့ လွှတ်တော်ထဲမှာ ဘယ်လိုဆုံးဖြတ် ရမယ်ဆိုတဲ့ လူတွေရဲ့ ဉာဏ်အမြော်အမြင် အရေးကြီးတယ်ဗျ။ ကျွန်တော်တို့ လုပ်နေတာက တစ်ဦးတစ်ယောက်တည်း အတွက် မဟုတ်ဘူး။ တစ်စု တစ်ဖွဲ့ အတွက် မဟုတ်ဘူး။ တစ်မျိုးသားလုံးရဲ့ ဂုဏ်သိက္ခာအတွက်၊ တပ်မတော်ရဲ့ ဂုဏ်သိက္ခာအတွက်လည်း ပါတယ်ဗျ။ တစ်ချိန်ကျလို့ရှိရင် ဒီဟာ အခွင့်ထူးခံတယ်ဆိုတာ အင်မတန် မလိုလားအပ်တဲ့ ကိစ္စဆိုတာ တကယ်သမိုင်းကနေ သက်သေပြပါလိမ့်မယ်ဗျ။ အဲဒါကို ကျွန်တော်တို့က ရှည်ကြာတဲ့ အစဉ်အလာမျိုး ထားဖို့ မသင့်ဘူးပေါ့ဗျာ။ ကျွန်တော်တို့ ပြုပြင်ပြောင်းလဲတယ်ဆိုတာ တစ်မျိုးသားလုံး ဂုဏ်သိက္ခာအတွက်ပါ။



**ဦးမင်းကိုနိုင် (၈၈မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း)၏ (မတ် ၁၇၊ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ပိုလိုမိန်မှန်ကွင်း၌ ပြုလုပ်သည့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေး လူထုဟောပြောပွဲ၌ ပြောကြားခဲ့သည်များမှ ကောက်နုတ်ချက်များ)**

''ဘယ်ဥပဒေ၊ ဘယ်စာကြောင်းတွေဟာ ဥပဒေစကားလုံးအရ ပြည်သူလူထု မရွှတ်တတ်ပေမယ့် ငါတို့ကို နှဖားကြိုးထိုးထားတယ်၊ ငါတို့ကို ကျွန်ပြုထားတယ်ဆိုတာ ပြည်သူလူထု သိပါတယ်''

''ပြည်သူလူထုတွေက မုန်တိုင်းဒဏ်ခံရလို့ ကိုယ်တိုင်မခံရတဲ့သူကအစ ကိုယ့်ရဲ့ ခန္ဓာကိုယ် တစ်နေရာရာမှာ ထိခိုက်ပျက်စီးသလို ပူဆွေးသောက ရောက်နေတဲ့အချိန်မျိုးမှာ ပြည်သူလူထုကို ရာသက်ပန် ကမ္ဘာတည်နေသရွေ့ ဖိနှိပ်ချုပ်ချယ် အခွင့် ထူးခံဖို့ ရေးဆွဲထားတဲ့ ဥပဒေကို ဖွတ်ပြဋ္ဌာန်းတယ်ဆိုတာဟာ အသုဘအိမ်ကို ထပ်ပြီးတော့ မီးကွင်းပစ်တာနဲ့ အတူတူပါပဲ''

''ပြည်သူ့ကိုယ်စားလှယ်တွေအားလုံးက ပြင်ချင်တောင်မှ သေနတ်ကိုင် ထားတဲ့သူ တစ်ယောက်လောက်က သဘောမတူဘူးဆို မရဘူးဆိုတာက အင်မတန်မှ အနိုင်ကျင့်လွန်းတယ်လို့ ကျွန်တော်တို့ မြင်တယ်''

''တစ်ဖက်နိုင်ငံမှာ မယားအဖြစ် ရောင်းစားခံနေရတဲ့ ကျွန်တော်တို့ရဲ့ နှမများအတွက် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ပြင်အောင် ကြိုးစားပေးပါ။ ကျွန် တော်တို့ဘဝတွေ ခြင်ကိုက်၊ မည်းမှောင်၊ ခြင်ဆေးခွေတွေနဲ့ အနံ့ဆိုးတွေနဲ့ ကင်ဆာဖြစ်နေရမယ့်အချိန်မှာ တစ်ဖက်နိုင်ငံတွေကို ဓာတ်ငွေ့တွေ ဈေး ပေါပေါနဲ့ အရောင်းခံပြီး ကျွန်တော်တို့ မျိုးဆက်တွေ ရောဂါဘယ ထူပြောခြင်းမှ ကင်းလွတ်အောင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ပေးကြပါ။ ကျွန်တော်တို့ ချစ်မြတ်နိုးတဲ့ တောင်တန်းကြီးများ၊ ကျွန်တော်တို့အားလုံး အသည်းနှလုံး မိခင် ရေဝတီကို စောင့်ရှောက်ဖို့အတွက် အခြေခံဥပဒေ ပြင်ပေးကြပါ။ ပြည်ပနိုင်ငံတွေမှာ ကျွန်သာသာ အိမ်ဖော်ဘဝနဲ့ မျက်နှာ ငယ်နေရတဲ့ ကျွန်တော်တို့ရဲ့ အမျိုး၊ မိသားစုတွေ သခင်လို ခေါင်းမော့နိုင်အောင် အခြေခံဥပဒေ ပြင်ပေးကြပါ။ ခေတ်အဆက်ဆက်က လူကို လူချင်း လက်နက်နဲ့ အနိုင်ကျင့်ပြီးတော့ နောက်တက်တဲ့သူ ဘုရင်ဖြစ်စတမ်း အဲဒီလို တောရိုင်းဥပဒေကြီးကို ပြင်ပေးကြပါ။ ကျွန်တော်တို့ ပြည်သူလူထုဟာ ဉာဏ်ပညာ အမြော်အမြင် ရှိတယ်။ ရွေးချယ်ဆုံးဖြတ် နိုင်စွမ်း ရှိတယ်။ ထို့အတူ သတ္တိလည်း ရှိတယ်ဆိုတာကို ပြတဲ့အနေနဲ့ အခြေခံဥပဒေ ပြင်ပေးကြပါ''

# ပြေးမလား ခုန်မလား ဂျွမ်းထိုးမလား




ရာဝတီကျော်မြင့်

နိုင်ငံတော်နဲ့ပတ်သက်လို့ ကျွန်တော့်အသည်းကို ဆူးစူးဝင်မှု နှစ်ကြိမ်ခံခဲ့ရပါတယ်။ ပထမဆူးစူးဝင်မှုကတော့ ၁၉၇၄ ခုနှစ်က စူးဝင်ခဲ့တာဖြစ်ပြီး ၂၁-၁၀-၂၀၁၀ နံနက် ၃ နာရီမှာ ဆူးထွက်သွားခဲ့ပါပြီ။ ဒုတိယဆူးကတော့ စူးဝင်နေဆဲဖြစ်လို့ ယခုလို စာရေးရခြင်းဖြစ်ပါတယ်။ ကျွန်တော်သေဆုံးသည်အထိ စူးဝင်မနေပါစေနဲ့လို့လည်း ဆုတောင်းနေပါတယ်။ ကိုယ့်နိုင်ငံ အကျိုးဖြစ်လို့ ကောင်းစေဖို့ ရည်သန်ပြီး ရေးသင့်တယ်ထင်လို့ ရေးရတာပါ။ နိုင်ငံတော်သိက္ခာကို ချတယ်လို့ စွပ်စွဲအပြစ်ပေးရင်လည်း ကျွန်တော် အပြုံးနဲ့ခံယူလိုက်ပါမယ်။

ပထမဆူးအကြောင်းကို စရေးပါတော့မယ်။ ၁၉၇၃ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှာ ကျင်းပတဲ့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရှင်းလင်းပွဲကို ကျွန်တော်ရေတပ်ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့ရပါတယ်။

မတက်မီကဘဲ ကြိုတင်ပေးထားတဲ့ အစည်းအဝေးကျင်းပမည့်ပုံ (ပုံစံစာအုပ်)ကို ရရှိဖတ်ရှုထားပြီးလည်းဖြစ်ပါတယ်။ အစည်းအဝေးမှာ ပြောမယ့် စကားတွေက အစ ခရေစေ့တွင်းကျ ရေးသားထားပါတယ်။ ဆိုလိုရင်းကတော့ စာအုပ်ပါပုံစံအတိုင်း အောင်မြင်အောင် အကောင်အထည်ဖော်ပေးရမှာ ဖြစ်ပါတယ် ခင်ဗျာ။

တပ်အင်္ဂါအစဉ်အရ ရေတပ်ကနောက်ဆုံး ဘယ်ဘက်ခြမ်းမှာ နေရာယူရပါတယ်။ နိုင်ငံတော်အလံအကြောင်း ရောက်လာတော့ ကျွန်တော့်ဘေးကပ်လျက်ရှိ ဗိုလ်မှူးအောင်ဘက စိတ်တူကိုယ်တူကျွန်တော့်ကို "P.O အခမ်းအနားမှူးဆီသွားပြီး ကျွန်တော် အလံကိစ္စကို ဆွေးနွေးလိုကြောင်း ခွင့်တောင်းပေးဗျာ"လို့ တွန်းခိုင်း ခိုင်းလာပါတယ်။

ကျွန်တော်ကလည်း စိတ်တူအလိုတူဆိုတော့ မင်းလမ်းမကနေ စင်မြင့်ထိ တက်သွားပြီး အခမ်းအနားမှူး ဗိုလ်မှူးကြီး တင်အေး(စစ်ဦးစီးမှူးပထမတန်း)ကို သတင်းပို့ပေးရပါတယ်။ တိုင်းမှူး ဗိုလ်မှူးချုပ် သန်းတင်က ခရီးထွက်နေပါတယ်။

ခွင့်ပြုချက်ရပါတယ်။ စစ်ဝတ်စုံအစိမ်းရောင်တွေအကြားမှာ ရေတပ်ဝတ်စုံ အပြာရောင်က ထင်ရှားနေတဲ့အပြင် အစီအစဉ်မပါတာကို လုပ်နေတာတွေ့တော့ အများက ကျွန်တော့်ကို ဝိုင်းကြည့်နေကြပါတယ်..ခင်ဗျာ။

ဗိုလ်မှူးအောင်က (အင်္ဂလန်ကျောင်းဆင်း)က စပါးနှံမှာ စပါးစေ့တွေ ပြွတ်ကျပ်နေတာကို မပြောလိုပါဘူး။ ပင်နီယံ Pinon အကြောင်းကိုပဲ ပြောချင်ပါတယ်တဲ့။ ကျွန်တော် အင်ဂျင်နီယာ မဟုတ်ပေမယ့် စက်မှုဘက်ကိုတော့ တီးမိခေါက်မိရှိပါတယ်။ ပင်နီယံမှာ ခွေးသွားစိပ် (Teeths) တွေရှိပါတယ်။ Groove တို့ LANO တို့ ခေါ်ကြတာတွေရှိပြီး Pinion နဲ့ ဆက်စပ်လည်ပတ်ဖို့အတွက် အစွယ် Teeths တွေဟာ ချွန်ရပါမယ်။

အစွယ်တွေက အတက်ချွန်တော့ တစ်စွယ်နဲ့တစ်စွယ်အကြားဟာ ကျယ်ပါမယ်။ အောက်ခြေကျဉ်းရပါမယ်။ အစွယ်များ အရင်းထိဝင်ဖို့ အံကျဖို့အတွက် ကျဉ်းကို ကျဉ်းထားပေးရပါတယ်။

ယခုပုံပါ ထောင့်မှန် ၉၀ ပုံနဲ့ဆိုရင် ဘယ်ပင်နီယံကိုမှ ဆက်စပ်တွဲချိတ်လည်ပတ်လို့ မရနိုင်ပါဘူး။ အင်ပင်နီယံကြီးဖြစ်ပါတယ်တဲ့။

ပင်နီယံဆိုတာကလည်း အလုပ်လုပ်ဖို့ ဝင်ရိုး (Shaft Line) နဲ့ဆက်သွယ်ဖို့ ထွင်းမြောင်း Key Line ပါရပါမယ်။ ယခုပင်နီယံက Key Line မပါလေတော့ ဘာနဲ့မှ ဆက်စပ်အလုပ်လုပ်လို့ မရနိုင်တဲ့ ပင်နီယံကြီးဖြစ်နေပြန်ပါတယ်။

ပန်းချီမျက်စိနဲ့ကြည့်ရင်လည်း ပုံမလှလို့ သဘာဝကျလှပအောင် ပင်နီယံကို ပြင်ပေးစေလိုကြောင်း တင်ပြရတာပါ။ ဖျက်ခိုင်းတာမဟုတ်ပါဘူး စေတနာနဲ့တင်ပြပြင်ခိုင်းရတာပါလို့ ပြောပါတယ်။ ဘယ်သူကမှ လက်ခုပ်တီးအားမပေးပါဘူး ငြိမ်သက်နေကြပါတယ်။

အခမ်းအနားမှူးက ပေးတဲ့အကြံကောင်းကို မှတ်တမ်းတင်လက်ခံထားပါကြောင်း၊ သက်ဆိုင်ရာသို့ ဆက်လက်တင်ပြပေးမည်ဖြစ်ပါကြောင်း (Honey Mouth) ပျားရည်ပါးစပ်ဖြင့် Lip Service ပေးရှာပါတယ်။ စကားချပ်။ အစွယ်ချွန်တဲ့ ပင်နီယံအကြောင်းတင်ပြပါရစေ။ ကျွန်တော်က တော်ပီဒိုသမား (Torpedo Mate) ပါ။ တော်ပီဒိုလက်နက်မှာ စက်တစ်လုံးသာရှိပြီး ဝင်ရိုးမှာ ပန်ကာတပ်ရင် ဘယ်/ညာ ပန်ကာရွက်တစ်ဖက်သတ်လည်ပတ်မှုအရ တော်ပီဒိုပြေးလမ်းဟာ စက်ဝိုင်းပုံလည်ပတ်နေမှာပါ။

ဝင်ရိုးမှာ ပိုက်ချောင်း(လုံး)ငုံစွပ်ပြီး Main Pinion, Intermediate pinion, Crown pinion စတဲ့ထိပ်ဖျားချွန် Pinion တွေ ထိန်းညှိတပ်ဆင်ပေးလိုက်ရင် Main Shaft ပင်မဝင်ရိုးက ပန်ကာရွက် ဘယ်ဘက်လည်ရင် တပ်စွပ်ထားတဲ့ပိုက်ချောင်းဝန်ရိုးက ပန်ကာက ညာဘက်ကို လည်မှာပါ။

ပန်ကာ ၂ ရွက်ဟာ ဆန့်ကျင်ဘက်တွေလည်ကြတော့ တော်ပီဒိုပြေးလမ်းဟာ ဖြောင့်တန်းတည်ငြိမ်သွားတဲ့အပြင် စက်မှုအကျိုးစွမ်းအင် (Mechinical Advantage) အရ တော်ပီဒိုပြေးနှုန်းဟာလည်း ၂ဆလောက်ပိုမိုမြန်သွားပါတယ်။ အစွယ်ချွန်ပင်နီယံတွေရဲ့ စွမ်းဆောင်မှုပါ။

၁၉၇၄ခုနှစ် အခြေခံဥပဒေပေါ်ထွက်လာတော့ (ထိုနည်းလည်းကောင်း)၂ ပုံစံမပြောင်းဘဲ ဒုံရင်းပုံသာဖြစ်နေလေတော့ ကျွန်တော်တို့ ဝမ်းနည်းရပါတယ်။ ကောင်းတဲ့အကြံတောင် ပြောင်းလဲပြင်ဆင်မပေးနိုင်ဘဲ အထက်အမိန့်တွေသာ အတည်ဖြစ်သွားတော့ ကျွန်တော့်အသည်းဆူးစူးတော့တာပါပဲခင်ဗျာ။

ကျွန်တော်ကတော့ (စန္ဒရားချစ်ဆွေ) ဟဲထားတဲ့ သီချင်းအလိုက်အတိုင်း "ကိုယ့်ရဲ့စိတ်ဘဝင် မတင်မကျ တငွေ့ငွေ့ ဒေါသပြည့်လျှံစိတ်ပူပန်ပြီး ခုချက်ချင်းပင် အချိန်မဆိုင်းဘဲ သချိုင်းကိုသာ သွားသေလိုက်ချင်ပါတယ်"လို့ ဟစ်လိုက်ချင်ပါတယ်။ ချဉ်တူးမိပါတယ်။

အဲဒီ ဆူးပြုသနာက ၂၁-၁၀-၂၀၁၀ ရက်နေ့ နံနက် ၀၃ နာရီအချိန်မှာ အင်္ဂါသားက ဆူးစူးခဲ့တဲ့ အလံဟောင်းကိုချဗုဒ္ဓဟူးသားက ယခုအလံသစ်ကိုတင်လိုက်တော့ ကျွန်တော့်အသည်းမှာ စူးဝင်ခဲ့တဲ့ဆူးလည်း ထွက်သွားပါပြီ။

တစ်ဆင့်ကြားရတဲ့ သတင်းက အလံဟောင်းကို မီးရှို့ဖျက်ဆီးတယ်တဲ့၊ မမှန်ပါစေနဲ့လို့ ဆုတောင်းမိပါတယ်။ ၄-၁-၂၀၁၁ မှာတော့ အလံတော်သစ်ကို အခမ်းအနားနဲ့ လွှင့်တင်ပါတယ်။ ယတြာလား၊ ဘာလားတော့ ကျွန်တော်မသိပါဘူးခင်ဗျာ။ ဆူးနှုတ်ခံလိုက်ရတော့ ကျွန်တော်ဝမ်းသာနေမိပါတယ်။ နို့မို့ အလံကိုမြင်တိုင်း ဆင့်ကဲ စိတ်ဆင်းရဲမှုတွေ ခံစားနေရလွန်းလို့ပါ။

နောက်တစ်ဆူးကတော့ ကျွန်တော်သေလို့ အလောင်းပြာချတော့မှပဲ ဆူးလည်းပြာဖြစ်မယ်ထင်ပါတယ်။ နိုင်ငံတော်ငွေကြေးမှာပါတဲ့ ခြင်္သေ့ပုံကိစ္စပါ။ မြန်မာ့ခြင်္သေ့၊ ကိန္နရီ ကိန္နရာ၊ ဂဠုန်၊ တိုးနယား၊ မနုသီဟ၊ တရုတ်နဂါး၊ အီဂျစ်စဖင့်စတဲ့ ရိုးရာရုပ်တွေ ကို ကျွန်တော်လက်ခံပါတယ်။ ယဉ်ကျေးမှုနဲ့ယှဉ်တွဲနေခဲ့ကြတာပါ။ သမိုင်းလည်း ရှည်ကြာလှပါပြီ။

မဆီမဆိုင်လို့ဆိုရမယ့် အာဖရိကခြင်္သေ့အကြောင်းဖော်ပြပါရစေ။ ၁၉၇၇ခုနှစ် သင်္ဘောလန်ခန်ရောက်နေစဉ် ကျွန်တော် TV ကြည့်နေမိပါတယ်။ ညဥ့်နက်လို့ အိပ်ချင်လာတာနဲ့ခလုတ်ပိတ်မယ်အလုပ်မှာ (Wild Life) တောရိုင်းဘဝအစီအစဉ် ပေါ်လာတော့ဆက်ကြည့်နေမိပါတယ်။ ဇာတ်လမ်းက ကင်ညာနိုင်ငံမှာ ကျွဲအုပ်ကြီးဟာ စားကျက်ရှိရာကို သွားနေကြပါတယ်။ ကျွဲတွေက များမှများပါ။ ဩဇာသီးအစေ့တောင်းမှောက်ချလိုက်သလိုကို များမှများပါ။ မည်းမည်းကိုလှုပ်နေပါတယ်။

စားကျက်ရောက်လုနီးနီးမှာ ကျွဲမကြီးတစ်ကောင်က ရပ်ကျန်နေခဲ့ပါတယ်။ ကိုယ်ဝန်ကြီးနဲ့မို့ပါ။ ရပ်လျက်အနေအထားကပဲ ကျွဲမကြီးက ကျွဲလေးတစ်ကောင်ကို မွေးချလိုက်ပါပြီ။ စိုစွတ်နေတဲ့ ကျွဲလေးရဲ့ အမွေးတွေ ခြောက်အောင် ကျွဲမကြီးက လျှာနဲ့လျက်ပေးလိုက်တာနဲ့ ကျွဲလေးဟာ စက္ကန့်ပိုင်းအတွင်းမှာကို လေးဖက်ထောက်ရပ်နိုင်ပါပြီ။

စက္ကန့်ပိုင်းအတွင်းမှာပါပဲ ခွေးအတစ်ကောင်နဲ့ ခြင်္သေ့အထီးကြီးတစ်ကောင် ကျွဲသားအမိအနီးကို ရောက်လာပါပြီ။ ကျွဲလေးက မွေးစဆိုတော့ သူ့ရဲ့ Instinct က ရန်သူမိတ်ဆွေလုံးဝမခွဲခြားတတ်သေးပါဘူး။ ပေ ၃၀ အကွာမှာ ခြင်္သေ့နဲ့ခွေးအက ကျွဲသားအမိကို စားဖို့ချောင်းနေပါပြီ။

ရန်သူတွေဆီကို ကျွဲပေါက်ကလေးသွားချင်နေတယ်။ ကျွဲမကြီးက နှာမှုတ်အသံပေး တားကာထားရင်းက ၂၅ ပေလောက်အကွာမှာရှိတဲ့ ခွေးအဆီကို ကျွဲ ပေါက်ကလေးပြေးသွားပါတော့တယ်။ ခွေးအက လှမ်းကိုက်လိုက်တော့မှ လန့်ပြီး ကျွဲမကြီးဆီ ပြန်ပြေးကပ်ပါတယ်။

လန်ဒန်ဆောင်းက အေးလှပေမယ့် ကျွန်တော်ရင်ပူလာနေပြီး အသက်ရှူဖို့တောင် မေ့နေပါပြီ။ သွားရှာပါပြီ။ မွေးပြီးမိနစ်ပိုင်းအတွင်း ကျွဲလေးနဲ့ ကျွန်မကြီးတို့ သေရတော့မှာပဲလို့ သနားလည်းသနားနေမိပါတယ်။ ကျွန်တော့်တစ်သက်မှာ စိတ်အလှုပ်ရှားရဆုံး မြင်ကွင်းကို တွေ့နေရပါပြီ။ ကင်မရာမင်းကလည်း ဘယ်နေရာကနေ ဘယ်လိုချောင်းရိုက်ထားသလဲမသိပါဘူး။

ကျွဲမကြီးဆီ ကျွဲလေးပြန်ရောက်လာပြီးတော့ ကျွဲမကြီးက နှုတ်သီးနဲ့ကာထားတဲ့ကြားကပဲ ကျွဲလေးက ခြင်္သေ့ကြီးဆီထပ် ပြေးပြန်ပါပြီ။ ခြင်္သေ့ကြီးက ညာလက်နဲ့ လှမ်းပုတ်လိုက်တာ ကျွဲလေးတလိမ့်ခေါက်ကွေးနဲ့ လွင့်ထွက်သွားရပြန်ရှာပါတယ်။

ကျွဲမကြီးက မကြောက်မရွံ့ ချိတကားကားနဲ့ ကျွဲပေါက်ကလေးဆီပြေးလာပြီး ကျွဲပေါက်ကလေးကို မေးအောက်နဲ့ရှေ့လက်နှစ်ဖက်အကြားသွင်းထားလိုက်ပါပြီ။ ခွေးအက မလှုပ်ရှား၊ ခြင်္သေ့ကြီးကလည်း မလှုပ်မယှက်နဲ့ အခြေအနေကို စောင့်ကြည့်နေကြပါတယ်။

**ပုံပန်းသဏ္ဌာန်ကျနလှပတဲ့ ခြင်္သေ့ရုပ်ပုံတွေရှိကြသလို ပုံပန်းမကျတဲ့ ခြင်္သေ့ရုပ်ပုံတွေလည်းရှိကြပါတယ်။ နိုင်ငံတော်သုံးငွေကြေးပိုက်ဆံ(စက္ကူ)တွေပေါ်မှာ ရိုက်နှိပ်ထားတဲ့ ခြင်္သေ့ပုံရဲ့အချိုးအစားတွေ ခြင်္သေ့ဟာလည်း ဘာသာဘာဝလေးဖက်ရပ်လိုက်ရင် ဦးခေါင်းစိုက် ဖင်ထောင်ပုံစံနဲ့မို့ ဂျွမ်းထိုးမယ့် ပုံပေါက်နေတာကို စိတ်ကူးကြည့်ရင် မြင်နိုင်ပါတယ်။ မသင့်လျော်လျှင်၊ နေရာမကျလျှင်၊ ပုံပျက်ပန်းပျက်ဖြစ်လျှင် ပြင်သင့်သည့်အချိန်တွင်ပြင်ခြင်းသည် မင်္ဂလာတစ်ပါးပင်ဖြစ်သည်ဟု ရေးပါရစေခင်ဗျား . . .**

ကျွန်တော်ရင်ထပ်ပူလာရပြန်တာကတော့ နောက်ထပ်ခွေးအတစ်ကောင်နဲ့ ရှေ့ဆင့်နောက်ဆင့် ခြင်္သေ့ကြီးတစ်ကောင် ထပ်ရောက်လာကြလို့ပါ။

သွားပါပြီ၊ ပွဲတော့ပြတ်ပါပြီ။ Killing Ground, Killing Field သတ်ကွင်းသတ်မြေမှာတော့ ကျွဲသားအမိကို အသတ်ခံအကိုက်ခံရတော့မှာမို့ မျက်တောင်မခတ်ကို ရင်မပြီး ကျွန်တော်စောင့်ကြည့်နေရပါပြီ။

(Jungle Law) တောရိုင်းဥပဒေအရ နိုင် သူစားတော့မယ်လို့ ထင်နေတုန်း အမှတ်မထင် မမျှော်လင့်ရဲတဲ့ ဖြစ်ရပ်တွေ ဆက် မြင်လာရပါပြီ။ ကျွဲမကြီးက ကျွဲအုပ်ကြီးရှိရာကို လည်ထောင်ပြီး အသံကုန်ဟစ် အကူအညီတောင်းနေပါပြီ။

ချက်ချင်းပါပဲခင်ဗျာ။ ကျွဲထီးကြီး ၂ ကောင်ဟာ ကျွဲအုပ်ထဲကနေပြီး ကျွဲသားအမိရှိရာကို ရင်ပေါင်တန်း ကဆုန်ချ ပြေးလာပါပြီ။ ကျွဲသားအမိဆီရောက်တော့ ချိုတရမ်းရမ်း နှာမှုတ်သံတရှူးရှူးနဲ့ ကျွဲသားအမိကို ရံထားပေးလိုက်ပါတယ်။

ကျွဲမကြီးက ကျွဲပေါက်ကလေးကို နှုတ်သီးနဲ့တွန်း တရှူးရှူးမှုတ်သံနဲ့ ကျွဲအုပ်ရှိရာစားကျက်ဆီကို တွန်းခေါ်သွားပါပြီ။ နောက်ဆုံးတော့ ကျွဲထီး ၂ ကောင် အကူအညီနဲ့ ကျွဲသားအမိတို့ အန္တရာယ်မှ လွတ်မြောက်သွားပါပြီ။

ခွေးအ၂ကောင်နဲ့ ခြင်္သေ့ထီး၂ကောင်ကတော့ Killing Field မှာ Kill မလုပ်ရကြဘဲ ငေးလို့သာကျန်ခဲ့တာ ကျွန်တော်မြင်ရတာ စိတ်ချမ်းသာလိုက်တာ။ ပျော်ရွှင်လန်းဆန်းကို ဖြစ်သွားတော့တာပါပဲ။

အင်္ဂလန်မှာက ရှေးဟောင်းကားတွေလည်း ပြသလေ့ရှိတော့ မြန်မာရုပ်ရှင်မင်းသမီး ဝင်းမင်းသန်းနဲ့ မင်းသား Gregory Peck တို့ရဲ့ (Purple Plain) ခရမ်းရောင်လွင်ပြင် ရုပ်ရှင်တောင် ကြည့်ခွင့်ရခဲ့ပါတယ်။

အာဖရိကခြင်္သေ့တွေဟာ အလွန်ပျင်းတယ်လို့စာထဲမှာ ဖတ်ဖူးခဲ့ရပြီး ကျွန်တော်တို့ကတော့ ခွေးခြင်္သေ့လို့ပဲ ခေါ်လေ့ရှိပါတယ်။

မြန်မာခြင်္သေ့မှာတော့ ခြင်္သေ့(၄)မျိုးရှိတယ်လို့ စာထဲမှာ ဖတ်ဖူးခဲ့ရပြီး တောသုံးတောင်ကို အစိုးရသော တောဘုရင်၊ တိရစ္ဆာန်အပေါင်းတို့၏ ဘုရင်၊ ခြင်္သေ့ဟောက်သံဟိန်းသံကြောင့်ပင် တိရစ္ဆာန်ငယ်များ အသက်ဆုံးရှုံးနိုင်ကြောင်းလည်း သိရတဲ့အပြင် ယဉ်ကျေးမှုနယ်ပယ်မှာ သာမက နိုပါတ်တွေ၊ ရာဇဝင်တွေမှာကို အတိအကျပါရှိပြီးသားပါ။ မြင့်မြတ်တဲ့တောဘုရင်လို့ပင် ယူဆမှတ်ယူရပါတယ်။

မြန်မာ့ရိုးရာ ယဉ်ကျေးမှုမှာ ကျက်သရေဆောင်အဖြစ်သတ်မှတ်ပြီး ကနုတ်ပန်းအလှတွေနဲ့ တင့်တယ်အောင်ကို ဆင်ယင်ထားတာပါ။ ခြင်္သေ့ရုပ်ပုံကို ကျွန်တော်ကြိုက်နှစ်သက်ပါတယ်။

မြန်မာနိုင်ငံတစ်ဝန်း စေတီပုထိုးဘုရားကျောင်းကန်တွေမှာကို ဂုဏ်ပြုတည်ထားကြတာပါ။ ပုံပန်းသဏ္ဌာန်ကျနလှပတဲ့ ခြင်္သေ့ရုပ်ပုံတွေရှိကြသလို ပုံပန်းမကျတဲ့ ခြင်္သေ့ရုပ်ပုံတွေလည်းရှိကြပါတယ်။

ကျွန်တော် တင်ပြချင်တာကတော့ နိုင်ငံတော်သုံးငွေကြေးပိုက်ဆံ (စက္ကူ)တွေပေါ်မှာရိုက်နှိပ်ထားတဲ့ ခြင်္သေ့ပုံရဲ့အချိုးအစားတွေကိုပါ။ ကျွန်တော်ပန်းချီပန်းပုပညာရှင်တစ်ယောက်မဟုတ်သော်လည်း အနုပညာအလှကို ကောင်းကောင်းမြင်တတ် ခံစားတတ်ပါကြောင်း ပြောထားပါရစေ။

ခြင်္သေ့ရဲ့ ရှေ့လက် ၂ချောင်းနဲ့ နောက်ခြေ ၂ချောင်းတို့ဟာ ယှဉ်လျက်ရှိကြပါတယ်။ မျက်စိတန်းမျဉ်း (Eye Level Line) အရ ကြည့်ပါလျှင် ဘယ်လက် ဘယ်ခြေထောက်၊ ညာလက် ညာခြေက အနည်းငယ်မြင့်တက်နေပါတယ်။ အမှန် E.L.L အရ ညာဘက် ညာခြေက အနည်းငယ်နိမ့်သယောင်ယောင်ရှိနေရပါမယ်။ ပန်းချီပညာရှင်များ စိစစ်စစ်ဆေး ဆုံးဖြတ်ကြည့်စေလိုပါတယ်။

ခြင်္သေ့ပါးစပ်အတွင်းရှိ အစွယ်နှင့်သွားများအနေအထားတွင် ဘက်တက်ထက် ညာဘက်က အနည်းငယ်နိမ့်နေပါတယ်။

ရှေ့လက်များ နောက်ခြေများ အစွယ်နှင့် သွားများ၏ အနေအထားများမှာ မျက်စိတန်းမျဉ်း (E.L.L) အရ ကြည့်ပါလျှင် နှစ်မျိုးနှစ်ပုံ ဖြစ်နေပါသည်။ အမှန်မှာ တစ်ပုံတွင် တစ်မျိုးတည်းသာဖြစ်ရပါတယ်။

ကျွန်တော့်အသည်းသို့ ဆူးစူးဝင်နေသည့် အချက်မှာ အထက်ပါ E.L.L များ မတူညီကြသည့်ဖြစ်ရပ်များအား ကျွန်တော်သိပြီးသားဖြစ်သော်လည်း နိုင်ငံခြားသား ၂ ယောက်ကထောက်ပြလာသောအခါ ဖြစ်ခါမှသာဖြစ်ရော မခံချင်လွန်းလို့ ရင်ဖွင့်ပြီး ယခုကဲ့သို့စာရေးရခြင်းဖြစ်ပါတယ်ခင်ဗျာ။

ပုသိမ်၊ ရောဝတီဆိပ်ကမ်းတံတားအနီး ဗန်ဒါပင်အောက်ရှိ အအေးဆိုင်တစ်ဆိုင်တွင် ကျွန်တော်သံပုရာရည်သောက်နေစဉ် ကမ္ဘာလှည့်ယောကျ်ားနှစ်ယောက်တို့ ဆိုင်အနီးရစ်ဝဲရစ်ဝဲလုပ်နေတာကို ကျွန်တော်သတိထားမိပါတယ်။ ပူအိုက်လို့ အအေး

စာမျက်နှာ ၁၇ သို့

**စာမျက်နှာ ၁၆ မှအဆက်**

သောက်ချင်နေကြမယ်လို့ ထင်မိပါတယ်။ ဖျော်တဲ့ဖျော်ရည်ကိုတော့ သူတို့ သောက်ချင်မယ် မထင်ပါဘူး။ Tin ဘူး ဆိုရင်တော့ သူတို့ကြိုက်ကြမှာပါ။

ကျွန်တော်က စတင်နှုတ်ဆက်ပြီး မင်းတို့သောက်ချင်ရင် အအေးဘူး Tin တွေ ရှိပါတယ်။ ငါ ဧည့်ခံပါမယ်ဆိုတော့ သူတို့ ကျွန်တော်နဲ့ လာ Join ထိုင်ကြပါတယ်။ အသက် ၄၀ ကျော်ခန့်တွေပါ။

သူတို့ကြိုက်နှစ်သက်တဲ့ Coke အအေးဘူးနဲ့ ဧည့်ခံလေကျကြရင်း ရင်တွင်းခံစားချက် အသည်းဆူးစူးချက်ကို ယခုလို စာရေးဖြစ်သွားတာပါ။ ကိုယ့်အတတ်ကိုယ်စူးလို့လည်း ပြောရင်ရပါတယ်။

သူတို့က အမေရိကန်တက္ကဆက်ပြည်နယ်ကပါ။ သူတို့မြို့လေးအနီးက မြို့ကလေးကို ကျွန်တော်ရောက်ခဲ့ဖူးကြောင်း။ အရှေ့ဘက်ကမ်းခြေအတ္တလန္တစ်အခြမ်း၊ ပစိဖိတ်အခြမ်းသာမက ကနေဒါမြောက်ပိုင်းက သူတို့ပိုင် အလာစကာပါရောက်ဖူးကြောင်း ပြောတော့ သူတို့အံ့အားသင့်နေကြပါတယ်။

စကားတွေ ဆက်ပြောကြရင်း တစ်ယောက်က မြန်မာငွေစက္ကူတစ်ထောင်ကျပ်တန်ကို ထုတ်ယူပြသရင်း မင်းတို့ငွေတွေက (Animal Series) တိရစ္ဆာန်ပုံတွေနဲ့ပါလားကွ။ ငါတို့ဆီမှာတော့(Presidenis Series)သမ္မတပုံတွေချည်းရှိတယ်လို့ ပြောလာပါပြီ။

ကျွန်တော်ဧည့်ခံတဲ့ အအေးကိုသောက်ရင်း ကျွန်တော့်ပြည်၊ ကျွန်တော့်နိုင်ငံကို စော်ကားတယ်၊ ရိုင်းလှတယ်လို့ ထင်လို့ မဖြစ်ပါဘူး။ လက်ရှိဖြစ်နေတာကလည်း အမှန်တွေလည်းဖြစ်နေပါတယ်။ ဒီလူမျိုးခြားတွေက ထင်ရင်ထင်သလို မြင်ရင်မြင်သလိုပြောလေ့ရှိကြတာမို့ ခွင့်လွှတ်ရမှာပါ။

အာဖရိကခြင်္သေ့နဲ့ ကျွန်တော်တို့ခြင်္သေ့ကို ယှဉ်ပြီး ပြောလာကြပြန်ပါပြီ။ ကျွန်တော်ကတော့ ကိုယ့်ခြင်္သေ့ကို ကိုယ်ချစ်ရပါတယ်။ အမွှမ်းတင်ရပြန်ပါတယ်။ ယဉ်ကျေးမှု အမွေအနှစ်ဖြစ်ပါကြောင်း၊ အနုပညာလက်ရာတွေနဲ့ အမြတ်တနိုးလုပအောင် ခြယ်မှုန်းထားခြင်းဖြစ်ပါကြောင်း ဘာညာသာရကာတွေနဲ့ပြောပြရပါတယ်။

သူတို့နောက်ဆုံး သဘောမကျတာက ကျွန်တော်တို့ခြင်္သေ့ရဲ့ ခန္ဓာကိုယ် တည်ဆောက်ထားပုံပါ။ (ကျွန်တော်က သိထားတာ ကြာလှပါပြီခင်ဗျာ) ကျွန်တော်လည်း လုံးဝသဘောမကျခဲ့ပါဘူး။

သူတို့အဆို သူတို့အလိုကို လိုတိုရှင်း ပြောပြရရင်တော့ ခြင်္သေ့ရဲ့ ရှေ့လက်နှစ်ဖက်ရဲ့ အရှည်အမြင့်ဟာ ဆန့်တန်းထားပြီး သားမို့ ပိုရှည်ထွက်၊ ပိုမြင့်တက်လာစရာ အကြောင်းမရှိပါဘူးတဲ့။ မှန်ပါတယ်ခင်ဗျာ။

ကွေးထားတဲ့ နောက်ခြေနှစ်ဖက်က ဆန့်လိုက်ရင်၊ ထရပ်လိုက်ရင် ရှေ့လက်တွေထက် ပိုရှည်လာမယ်။ ပိုမြင့်လာမယ်တဲ့။ ခြေလက်လေးဖက်ဆန့်ရပ်လိုက်ရင် ရှေ့ပိုင်းခန္ဓာက နိမ့်နေမှာဖြစ်ပြီး နောက်ပိုင်း ခန္ဓာကိုယ်(တင်ပိုင်း)က မြင့်နေလိမ့်မယ်တဲ့။ ဒါလည်းမှန်ပါတယ်ခင်ဗျာ။

ဒီလိုခန္ဓာပုံစံနဲ့ ဘယ်လိုလုပ်ပြေးနိုင်မှာလဲ။ ပြေးနိုင်မယ့်ပုံ လုံးဝမပေါ်ဘူးတဲ့။ အာဖရိက ခြင်္သေ့က စပြေးပြီး ၃/၄ စက္ကန့်မှာပြေးနှုန်းဟာ တစ်နာရီ မိုင် ၄၀ ရောက်သွားတယ်လို့ ညွှန်းပါတယ်။ ဒီစကားလည်း မှန်ပါပေတယ်။ ကျွန်တော်က Wild Life တွေကြည့်ဖူး။ စာဖတ်ဖူးထားတော့ သူတို့ပြောတာတွေဟာ အမှန်တွေချည်းဖြစ်နေပါတယ်။

ဒီလိုအခြေအနေမှာ ကျွန်တော်ဧည့်ခံတဲ့ Coke အအေးသောက်ပြီး ကျေးဇူးကန်းစကားပြော စော်ကားတယ်လို့ ရန်ထဖြစ်ဖို့၊ ဂျစ်ကျဖို့လည်း မဖြစ်သင့်တဲ့ အခြေအနေပါ။ ကျွန်တော်က အနုပညာအရ ရေးဆွဲ တန်ဆာဆင် အလှဖော်ဆောင်ထားတာပါလို့ မြွေမသေ တုတ်မကျိုး အချိုရည်တိုက်ပြီးတဲ့နောက် အခုတော့ ထပ်မံပြီး ပျားရည်နဲ့ဝမ်းချလိုက်ခဲ့ပြန်ပါတယ်။

ကောင်းပါတယ်နော်။ အရပ်းကို လွှတ်ကောင်းတာပါ။ တော်လိုက်တာလည်း လွန်လွန်ကျူးကျူးကြီးကို တော်တာပါ။ ခြင်္သေ့ပုံရေးဆွဲဖန်တီးခဲ့တဲ့ ပန်းချီပညာရှင်ကြီးကို အပြင် ခွင့်ပြုခဲ့တဲ့ ပုဂ္ဂိုလ်တွေကိုလည်း သဘောတူမှုခဲ့တဲ့ ပညာရှင်တွေကိုလည်း ချီးမွမ်းရမှာလား၊ ဘာလုပ်ရမှာလဲခင်ဗျာ။

ကျွန်တော့်မှာတော့ ခံလိုက်ရတာ။ ရှက်လည်းရှက်မိပါရဲ့၊ ကိုယ့်လူညံ့တော့ ကိုယ်ခံပေါ့။ တစ်မျိုးသားလုံးခံပေါ့။ ယဉ်ကျေးမှုတွေ တိုးတက်ထွန်းကားအောင် ကြိုးဆောင်ခဲ့တဲ့ ဘုရင်အနော်ရထာသာ ဒီအကြောင်းကို ကြားသိရရင် ထပ်သေမှာ သေချာပါတယ်။ ယဉ်ကျေးမှုအမွေအနှစ်တွေ တင်းပြည့်ရှိခဲ့တဲ့ ပုဂံခေတ် အနုပညာအစော်ကားခံရတာနဲ့ ဘာထူးသေးလဲဗျာ။ ညံ့တာမှ တန်းမရှိအောင်ညံ့တာလို့ ပြောချင်ပါတယ်။

ငွေစက္ကူပါ ခြင်္သေ့ဟာလည်း ဘာသာဘာဝလေးဖက်ရပ်လိုက်ရင် ဦးခေါင်းစိုက်ဖင်ထောင်ပုံစံနဲ့မို့ ဂျွမ်းထိုးမယ့် ပုံပေါက်နေတာကို စိတ်ကူးကြည့်ရင် မြင်နိုင်ပါတယ်။

ဒီပုံစံအနေအထားနဲ့ (ငွေစက္ကူပေါ်က ခြင်္သေ့ဟာ)ပြေးနိုင်မလား။ မပြေးနိုင်ဘူးလားဆိုတဲ့အဖြေကို လွန်ခဲ့တဲ့၃နှစ်ခန့်က စတုတ္ထတန်းကျောင်းသူ မြေးမလေးကို စာသင်စာပြ၊ Guide လုပ်ပေးတုန်းကတည်းက ကျွန်တော် အဖြေရထားပြီးခဲ့ပါပြီ။ ကာတွန်း။ စိတ်ကူးယဉ်စာအုပ်မဟုတ်ပါဘူး။ စတုတ္ထတန်းကျောင်းသုံးစာအုပ်ထဲမှာပါတဲ့ အဖြေလည်း ဖြစ်ပါတယ်။

ကိုးကားတဲ့စာအုပ်ထဲက အဖြေက ရိုးစင်းလွန်းလှပါတယ်။ ဖားနှင့်ယုန်တို့သည် ရှေ့လက်များထက် နောက်ခြေထောက်များက ပို၍ရှည်ကြသဖြင့် မပြေးနိုင်ဘဲ ခုန်၍သာ သွားတတ်ကြပါသည် ခင်ဗျားပါတဲ့။

ကျွန်တော်ထပ်မံဖြည့်စွက်ဖြေချင်တာကတော့ ခြင်္သေ့သည် ခုန်၍သာမဟုတ်မှုဘဲ ရှေ့ဂျွမ်းပါ ထိုးနိုင်သည်ဆိုပါက မှားမည်မဟုတ်ပါ။

ကျွန်တော့်၏ ရေးသားတင်ပြချက်များသည် နိုင်ငံတော်၏အထွတ်အမြတ် အလေးထားရာ အထိမ်းအမှတ်ကို သိက္ခာကျစေရန် ဖြစ်သည်ဟု မထင်မြင်စေလိုပါ။ စိတ်ရင်းကောင်းဖြင့်သာ တင်ပြခြင်းသာ ဖြစ်ပါသည်။ အနည်းငယ်ပြင်လိုက်ခြင်းဖြင့် ပြောကွက်၊ ဆိုကွက်ထောက်ကွက်မရှိမည့် ကောင်းခြင်းများနှင့် ပြည့်စုံသွားပါမည်။

ဘာကြောင့်များ ညံ့လွန်းလှသည့်ပန်းချီပညာရှင်ကို သုံးသည်ကို ယခုအချိန်ထိ ကျွန်တော်နားမလည်နိုင်သေးသည်က အမှန်ဖြစ်ပါသည်။

တင်ပါးအနည်းငယ်နိမ့်၍ ခြေအနေအထားပြင်ဆင်ခြင်းနှင့် မျက်စိတန်းမျဉ်း (E.L.L) များညီပေးလိုက်ခြင်းဖြင့် စင်းလုံးချော ဖြစ်သွားပါမည်။

ကျွန်တော့်အား သိက္ခာချမှုဖြင့် အရေးယူမည်ဆိုပါကလည်း ရှေ့နေမလို၊ တရားရုံးမလို ချက်ချင်းသေဒဏ်ပေးရန်သာ တောင်းဆိုလိုပါသည်။ အပြုံးဖြင့်ပင် လက်ခံမည်လည်းဖြစ်ပါသည်။ နောက်ဆုံးတောင်းဆိုလိုသည်မှာ Give Me Five Seconds More, Only five Seconds More To Pray ဗုဒ္ဓအားအာရုံပြုခွင့်ပေးရန်ပင်ဖြစ်ပါသည်။ ငါးစက္ကန့်မျှပါ။

စာဖြင့်ရေးသား၍ ကျွန်တော့်အသည်းတွင် စူးဝင်ဆဲဖြစ်သော ဆူးအား ထွင်ခြင်းလည်းဖြစ်ပါသည်။ ယခုအသက် ၇၄ နှစ်သို့ရောက်ပြီဖြစ်၍ မကြာမီသေရွာအသွား ခန္ဓာပြာအချုတွင်မှ ထွင်မရသေးသောဆူးလည်း ပြာဖြစ်သွားမည်မှာ သေချာပါသည်။

မသင့်လျော်လျှင်၊ နေရာမကျလျှင်၊ ပုံပျက်ပန်းပျက်ဖြစ်လျှင် ပြင်သင့်သည့်အချိန်တွင် ပြင်ခြင်းသည် မင်္ဂလာတစ်ပါးပင် ဖြစ်သည်ဟု ရေးပါရစေခင်ဗျား။

**၁၉၅၈မှ ၁၉၇၈ထိ Burma Navy**
**Po. No. 6966၊**
**ရေအောက်လက်နက်နည်းပြ**
**၁၉၇၇မှ ၁၉၈၀ထိ၊ W.T.B**
**ရေယာဉ်ဒုတိယတန်ဦးစီး၊ ဓာတ်ခွဲ၁၈**
**၁၉၈၂မှ ၁၉၉၅ ထိ SECD BOSUN**
**CDC ၁၀၅၈၃**

# ဦးသန့်အရေးအခင်း အတွေ့အကြုံ

ကမ္ဘာပေါ်ရှိ နိုင်ငံအချို့က မြန်မာနိုင်ငံဆိုလျှင် ရုတ်တရက် ကောင်းစွာမသိကြ။ ဦးသန့်နိုင်ငံဆိုလျှင် သိကြသည်။ မြန်မာနိုင်ငံမှ ကမ္ဘာ့ကုလသမဂ္ဂကိုယ်စားလှယ်အဖြစ် သွားရောက်တာဝန်ယူနေစဉ် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး ဒက်ဟမ်းမားရှိုး လေယာဉ်ပျက်ကျကွယ်လွန်သောအခါ အရှေ့အနောက်နိုင်ငံအသီးသီး၏ သဘောတူညီချက်ဖြင့် ဦးသန့်သည် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးဖြစ်လာရ၏။

ဦးသန့်သည် ကမ္ဘာ့အရေးအခင်းများကို နိုင်နင်းစွာ၊ ဂုဏ်သရေရှိစွာ ဖြေရှင်းပေးနိုင်သဖြင့် နိုင်ငံတကာက လေးစားရသော ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်လာရသည်။ သူသည် ကုလသမဂ္ဂတွင် ကမ္ဘာ့အရေးအခင်းများကို ကြိုးစားဖြေရှင်းနေစဉ် မမျှော်လင့်သော ကိုယ်ရေးကိစ္စစိတ်မချမ်းသာစရာ ဖြစ်ရပ်တစ်ခုနှင့် တွေ့ကြုံရပါသည်။

ဦးသန့်၏သားအငယ်ဖြစ်သူ တင်မောင်သန့်သည် မြန်မာနိုင်ငံသို့ အလည်အပတ်လာရောက်သည်။ တစ်နေ့တွင် ရန်ကုန်မြို့တွင်းသို့ ဘတ်စ်ကားတစ်စီးအသွား ဗဟန်းအပိုင်းအနီးရှိ သံဃာ့ဆေးရုံကွေ့တွင် ဘတ်စ်ကားပေါ်မှလိမ့်ကျကာ ကွယ်လွန်သွားရှာသည်။

ဦးသန့်သည် သားဖြစ်သူ၏ ဈာပနကိစ္စအတွက် ဇနီးသည်ဒေါ်သိန်းတင်ကို ပြောပြ၏။ ရက်လည်ဆွမ်းကျွေးအခမ်းအနားတက်ရောက်ပြီး ရေစက်သွန်းချအမျှဝေရန်လာလိုသော်လည်း မလာဖြစ်ပေ။

ကျွန်တော်သည် ကြေးမုံသတင်းထောက်ကြီးကိုဝင်းဖေ့သတင်းယူရာအတူလိုက်ပါခဲ့သဖြင့် ဦးသန့်ကို ကံအားလျော်စွာတွေ့မြင်ခဲ့ဖူးပါသည်။ ၁၉၆၇ ခုနှစ်တွင်မှ ကွယ်လွန်သူသားအား ရည်စူးပြီး မဟာစည်တွင်ဆွမ်းကျွေးသည်။ လူများလှသဖြင့် ခပ်ဝေးဝေးကသာ တွေ့ရသည်။ ဦးသန့်ကို ကမ္ဘာ့နိုင်ငံခေါင်းဆောင်ကြီးများက သူတို့နိုင်ငံလာရောက်လျှင် လေဆိပ်သို့ သွားရောက်ကြိုဆိုလေ့ရှိကြသည်။

ထိုစဉ်က တော်လှန်ရေးကောင်စီဥက္ကဋ္ဌလုပ်နေသူ ဦးနေဝင်းကတော့ အရေးတယူ မလုပ်ပေ။ ကြိုဆိုခြင်း၊ တွေ့ဆုံခြင်းပင် မပြုပေ။ ဦးသန့်ကို မလိုလားသောကြောင့်ဖြစ်၏။

ဦးသန့်သည် တာဝန်ထမ်းဆောင်စဉ်၌ပင် ဆေးပြင်းလိပ်ကို နှစ်သက်စွာသောက်သုံးရာ ပါးစပ်၌ ကင်ဆာရောဂါ စွဲကပ်လာသည်။ ထိုရောဂါဖြင့်ပင် အသက် ၆၅ နှစ်အရွယ်၌ ကွယ်လွန်ရရှာလေသည်။

မိသားစုက ၎င်း၏ ရုပ်ကလာပ်ကို မြန်မာနိုင်ငံသို့ သယ်ယူလိုရာ ဦးနေဝင်းက ဂရုတစိုက်မရှိသဖြင့် ကျိုက္ကဆံကွင်းအတွင်း၌ အလောင်းပြင်ထားရသည်။ ဒီဇင်ဘာလဆန်း အေးမြသော ညချမ်းတွင်ဖြစ်သည်။ ကျွန်တော်သည် မမျှော်လင့်ဘဲ ဦးသန့်၏ ရုပ်ကလာပ်ကို ဂါရဝပြုလိုက်ရပုံကို မှတ်မိနေသည်။

ထိုစဉ်က ကျိုက္ကဆံကွင်း အနောက်မြင်းပြိုင်ကွင်းလမ်းအနီး ဝွတ္တလစ်ရပ်ကွက်တစ်နေရာတွင် ရခိုင်ယဉ်ကျေးမှုအဖွဲ့က ရိုးရာပစ္စည်းများနှင့်အတူ ပြပွဲပြုလုပ်နေလေသည်။

ကျွန်တော်သည် ညနေ ၆နာရီခန့်တွင် ထိုအခမ်းအနားသို့သွားရောက်ပြီး သတင်းယူသည်။ တာဝန်ရှိပုဂ္ဂိုလ်အချို့ကို မေးမြန်းသတင်းမှတ်သားပြီး အရှေ့ဘက်သို့ လှမ်းကြည့်လိုက်သောအခါ ကျိုက္ကဆံကွင်းဝင်ပေါက်တစ်နေရာတွင် မီးများထွန်းထားသည်ကို တွေ့ရလေသည်။ လူအများအပြားမတွေ့ရ၊ တစ်ယောက်၊ နှစ်ယောက်စသာတွေ့ရသည်။ ဦးသန့်ရုပ်ကလာပ်ထားရှိသည်ဟု သိရသည်။

ကျွန်တော် ရုတ်တရက်စိတ်ဝင်စားသွားကာ ဦးသန့်ရုပ်ကလာပ်ပြင်ဆင်ထားသောနေရာသို့ ရောက်သွားမိသည်။ ခမ်းနားကြီးကျယ်စွာမဟုတ်။ မဏ္ဍပ်ကလေးတစ်ခုအတွင်း ဦးသန့်၏ ရုပ်ကလာပ်ကို ပြင်ဆင်ထားခြင်းဖြစ်လေသည်။ ခေါင်းသွင်းထားပြီး ပန်းခွေအချို့တွေ့ရသည်။ အစောင့်အရှောက် များများမတွေ့ရ။ ရဲသားကလေးတစ်ဦးကိုသာ တွေ့ရလေသည်။



မြတ်ဆွေ

## ထိုစဉ်က တော်လှန်ရေးကောင်စီ
## ဥက္ကဋ္ဌလုပ်နေသူ ဦးနေဝင်းကတော့
## အရေးတယူ မလုပ်ပေ။
## ကြိုဆိုခြင်း၊ တွေ့ဆုံခြင်းပင် မပြုပေ။
## ဦးသန့်ကို မလိုလားသောကြောင့် ဖြစ်၏ . . .

ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး၏ ဈာပနမှာ သာမန်သူလိုငါလိုတစ်ယောက်လိုပြင်ဆင်ထားလေသည်။ တိတ်ဆိတ်သောညဦး၊ ချောက်ချားစရာကောင်းသေးတော့။ ကျွန်တော် စိတ်မကောင်းစွာဖြင့် ပြန်ထွက်လာခဲ့မိသည်။

နောက်ရက်များတွင်တော့ ဈာပနကော်မတီတွင် ကျောင်းသားများ ပါဝင်လာသည်။ ကျောင်းသားသမဂ္ဂနေရာသို့ သယ်ယူသွားကြပြီးဂူသွင်းမည်ဟုကြားသိရသည်။

ဦးနေဝင်းက သီးခြားနေရာမပေးလို့၊ ကြိုတောသုသာန်မှာသာ သဂြိုဟ်စေချင်သည်။

"ငါ့မယားတောင် ကြိုတောမှာ သဂြိုဟ်ရတာကွ"ဟု သူ့လူယုံလ်မှူးကြီးများကို စိတ်ဆိုးမာန်ဆိုးပြောသည်။ ထိုသတင်းစကားဘယ်က ဘယ်လိုပျံ့သွားသည်မသိ၊ လူထုထံရောက်သွားသည်။ ကျောင်းသားတွေကြားသွားသည်။

နောက်တစ်နေ့တွင် လူထုနှင့်ကျောင်းသားများက ဦးသန့်ရုပ်ကလာပ်ကို တက္ကသိုလ်ကျောင်းသားသမဂ္ဂနေရာသို့ သယ်ဆောင်သွားကြပြီး ဂူသွင်းကြသည်ဟုကြားရလေသည်။

ထိုအခါက တော်လှန်ရေးအစိုးရလက်အောက်ခံ သတင်းစာများသည် အစိုးရသတင်းစဉ်က ပေးပို့သော သတင်းများကိုသာထည့်ကြရသည်။ ကျွန်တော်တို့တိုက် သတင်းထောက်များကတော့ အနုပညာလောကမှ သာရေးနာရေးသတင်း၊ သမဝါယမ အစည်းအဝေးသတင်းလောက်သာ ရေးကြသည်။ အေးအေးနေလို့ရသည်။ သက်သာသည်ဟု ဆိုနိုင်သည်။

ဦးသန့်အရေးအခင်းကာလက ကျွန်တော် သတင်းစာတိုက်မှာပဲ အေးအေးထိုင်နေ၊ လက်ဖက်ရည်ဆိုင်မှာ လေပေးနေလို့ ရသည်။ သို့သော် ကျွန်တော်က အေးအေးမနေနိုင်၊ လူထုနှင့် ကျောင်းသားများ တက္ကသိုလ်ဝင်းအတွင်း စည်ကားနေပြီဟု ကြားရာ သွားချင်နေသည်။

ဦးသန့်ဂူ၌ ကျောင်းသားတွေ၊ ပြည်သူတွေ လွတ်လပ်စွာ ဟောပြောအောင်ပွဲခံနေကြသည်ဟု ကြားရသည်။ သို့သော် ထိုသတင်းရေးရန် မလို။ သတင်းထောက်တွေ သွားစရာမလိုဟု အစိုးရသတင်းစာများက နားလည်ထားကြသည်။

နောက်တစ်နေ့တွင် ကျွန်တော်သည် တိုက်မှ သတင်းထောက်များသုံးရန် ပေးထားသော အီးတူးသောင်ဇင်ကားဒရိုင်ဘာကို စည်းရုံးပြီး ရုပ်ရှင်ကောင်စီသွားရန်ဟု ခေါ်ထွက်ခဲ့သည်။

ငါးထပ်ကြီးဘုရားရှေ့ရောက်တော့ သံဃာတစ်စု လမ်းပေါ်ကနေ တားသည်။ အစိုးရရုံးကားဖြစ်နေ၍ ရပ်ပေးလို့မဖြစ်။ ပြဿနာတက်နိုင်သည်။ ထိုဘုန်းကြီးများကလည်း တက္ကသိုလ်ဝင်းထဲ သွားမှာသေချာသည်။ ကျွန်တော်က ဒရိုင်ဘာကို ရပ်မပေးနဲ့ဟုပြောကာ ဆက်မောင်းလာကြသည်။ ဘုန်းကြီးများ အော်ဟစ်ကျန်ခဲ့သည်။

ကျွန်တော်သည် ကားပေါ်မှ သမဂ္ဂအဆောက်အအုံနေရာသို့လှမ်းကြည့်လိုက်သည်။ ကျောင်းသားတွေ၊ လူငယ်လူကြီးတွေတက်ကြွစွာလှုပ်ရှားနေကြသည်။ ခပ်လှမ်းလှမ်းမှာတော့ စစ်ကားတစ်စီးနှင့် ရဲကားတစ်စီးတွေ့ရသည်။ အခြေအနေကမကောင်း။ ကျွန်တော်လည်း သတင်းရေးခွင့်မရ။ ရေးလျှင် အရေးယူခံရဖို့သာရှိသည်။

အတော်ကြာကြာကြည့်နေပြီး လှည့်ပြန်ခဲ့ရလေသည်။ သို့သော် ထိုနေ့ညနေ သတင်းစာတိုက်က မပြန်မီ သတင်းထောက်ချုပ်က ခေါ်တွေ့သည်။ ကျွန်တော်သွားသည့်ကိစ္စ ဘယ်ကဘယ်လို သိသွားသည်မသိ 'နောက်မသွားပါနဲ့'ဟု အပြင်းအထန်သတိပေးခံရလေသည်။

**ရည်ညွှန်း**
**အောင်ဗလ၏ ဘီလူးတို့ရွာ**

**ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယခင် တပ်မတော်အစိုးရလက်ထက် အမျိုးသားညီလာခံက ချမှတ်သည့် အခြေခံမူ ၁၀၄ ချက်ဖြင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခဲ့ကြောင်း၊ အခြေခံဥပဒေပြင်ဆင်ခြင်းအခန်းတွင် ပြဋ္ဌာန်းထားသည်နှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်တွင် အဓိကတာဝန်ရှိကြောင်း အတိအလင်းပြောကြားချက်များအရ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အဓိကကိုင်စွဲ၍ နိုင်ငံတော်အာဏာအရပ်ရပ်ချုပ်ကိုင်ထားနိုင်သော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီသည် လာမည့်ရွေးကောက်ပွဲတွင်လည်း တပ်မတော်မှ ဖွဲ့စည်းပေးလိုက်သော အင်အားကြီးပါတီအဖြစ် နိုင်ငံရေးစင်မြင့်၌ နေရာရနေမည်သာ . . .**

**စာမျက်နှာ ၁၉ မှအဆက်-**

တာဝန်ထမ်းဆောင်ပြီးရင်းကို သမ္မတလောင်းအမည်စာရင်းတင်သွင်းရန် အာဏာရ ကြံ့ခိုင်ရေးပါတီ ဗဟိုအတိုင်ပင်ခံ ဦးအောင်သောင်းက ထုတ်ဖော်ပြောကြားခဲ့သလို အခြားဗဟိုအတိုင်ပင်ခံ အချို့ကလည်းသမ္မတလောင်းကိစ္စ မစဉ်းစားရသေးကြောင်းကွဲလွဲသောပြောကြားချက်များ ရှိနေပြန်သည်။

အခြားတစ်ဖက်တွင်လည်း တစ်ချိန်က ဗိုလ်ချုပ်မှူးကြီး သန်းရွှေလက်အောက်တွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအမာခံအသင်းဝင်များဖြစ်ခဲ့ကြသောလက်ရှိ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီးခင်အောင်မြင့်တို့နှင့် စစ်တိုင်းမှူးများသည်လည်း ပြီးခဲ့သောတပ်မတော်အစဉ်အလာအရ တပ်မတော် တာဝန်မှသည် တပ်မတော်တည်ထောင်ထားသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၏ နိုင်ငံရေးတာဝန်များသို့ ပြောင်းလဲထမ်းဆောင်နိုင်ကြောင်း သုံးသပ် မိပေသည်။

ပါဝင်ခဲ့သောပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီး၁၉၉၃ခုနှစ်မှသည် ၂၀၁၀ပါတီသို့ ပြောင်းချိန်အထိ (၁၈)နှစ်ခန့်နှစ်စဉ် ကြံ့ခိုင်ရေးနှစ်ပတ်လည် အခမ်း



အနားသို့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်ဩဝါဒပေးခဲ့သည်ကို နှစ်စဉ်ကြံ့ခိုင်ရေး၏ လုပ်ငန်းလမ်းညွှန်ချက်များအဖြစ် တက်ရောက်နာခံခဲ့ကြသူများမှာ ယနေ့နိုင်ငံတော်သမ္မတဖြစ်နေသော ဗိုလ်ချုပ်ကြီး သိန်းစိန်၊ ဗိုလ်ချုပ်ကြီး သူရရွှေမန်းတို့မှစ၍ ယနေ့ ကာချုပ်၊ ဒုချုပ်၊ တိုင်းမှူးများအဆုံး ဖြစ်ပေသည်။

ထို့ကြောင့် လက်ရှိမြန်မာ့နိုင်ငံရေးလောကတွင် အစိုးရနှင့် လွှတ်တော်တို့၌ ပါဝင်ထိန်းချုပ်ထားသော အာဏာရပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီသည် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ နိုင်ငံရေးဩဇာကိုလွှမ်းဆန့်၍ မရနိုင်သကဲ့သို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမှသည်တပ်မှူးကြီးများအနေဖြင့်လည်း အချိန်အခါမရွေး၊ ၎င်းတို့အခေါ်မလွှဲသာ မရှောင်သာသော အခြေအနေတစ်ရပ်ကြောင့်ပြည်ထောင်စုကြံ့ခိုင် ရေးနှင့်ဖွံ့ဖြိုးရေးပါတီတွင် ပါတီဗဟိုအလုပ် အမှုဆောင်ကော်မတီ ဥက္ကဋ္ဌတာဝန်မှစ၍ ပါတီဗဟိုကော်မတီတာဝန်များထမ်းဆောင်၍မြန်မာ့နိုင်ငံရေးနယ်ပယ်တွင် တွေ့မြင်ရဖွယ်ရှိကြောင်း သုံးသပ်မိပေသည်။

သို့သော်လည်း လက်ရှိအခြေအနေအရ ယခင်ကြံ့ခိုင်ရေးမှ ယခုကြံ့ခိုင်ရေးတာဝန်ရှိသူများအပေါ်အများပြည်သူ အယုံအကြည်မဲ့နေသော အခြေအနေတစ်ရပ် ပပျောက်သွားမှသာ တပ်မတော်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီအစဉ်အလာသမိုင်းကြောင်းကောင်းနိုင် ပေမည်။ တပ်မတော်တွင် ဗိုလ်ချုပ်ကြီး ဗိုလ်ချုပ်တာဝန်များမှသည်အရပ်ဘက်နိုင်ငံရေးတာဝန်များသို့ ပြောင်းလဲသည့်အခါ စစ်အလေ့အထ ရောဂါများကြောင့် အရပ်သားများအတွင်း စည်းရုံးရေးကျဆင်း ခဲ့ရကြောင်း ပါတီဗဟိုအတိုင်ပင်ခံဦးတင်ထွတ်ကအတိအလင်းသုံးသပ်ထားခြင်း၊ နယကအဖွဲ့ဝင် (ဗိုလ်ချုပ်ကြီးများ၊ ဒုတိယဗိုလ်ချုပ်ကြီးများ) ဖြစ်ခဲ့ခြင်းကြောင့် မိမိတို့ကိုယ်မိမိ အရာအားလုံးနားလည်တတ်ကျွမ်း ဦးဆောင်မှုပေးနိုင်သည်ဟု သွေးနားထင်ရောက်နေခြင်းသည် အလွန်တရာမှားယွင်းကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင် မြင့်က မြန်မာသံတော်ဆင့်သို့ သုံးသပ်ပြောကြားခဲ့ခြင်း၊ တပ်မတော်နှင့် ကြံ့ခိုင်ရေးပါတီအတွင်း လျှို့ဝှက်ကတိကဝတ်ရှိနေခြင်းကို ယခင်တပ်မတော်စစ်ရာထူးခန့်ချုပ်နှင့် လက်ရှိ ကြံ့ခိုင်ရေးဗဟိုအတိုင်ပင်ခံ(၁)တို့က ပြောကြားထားခြင်းတို့ကြောင့် ၂၀၁၅အလွန်တွင် နိုင်ငံရေးအာဏာကိုကြံ့ခိုင်ရေးပါတီက မည်သို့ပင် ဖြစ်စေ ရယူချုပ်ကိုင်နိုင်မည်သာဖြစ်ကြောင်း အရိပ်အယောင်များတွေ့နေရပေသည်။

ထိုအထဲမှ ကြံ့ခိုင်ရေးပါတီ၏ ရွေးကောက်ပွဲကြေညာချက်ပါ လုပ်ငန်းများအကောင်အထည်ဖော်ရေး စာအုပ်ငယ်၌ ကာကွယ်ရေးလုပ်ငန်းစဉ်ဖော်ပြ၍ တပ်မတော်ကိုအင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော မျိုးချစ်တပ်မတော် ဖြစ်အောင်တည်ဆောက်မည်၊ စီးပွားရေးလုပ်ငန်းစဉ်၌ သမဝါယမပုဂ္ဂလိက လုပ်ငန်းများတွင် ပါဝင်ခွင့်ရရှိအောင် ဆောင်ရွက်သွားမည်(လက်ရှိကြံ့ခိုင်ရေး ဝန်ကြီးဦးကျော်ဆန်းက သမချေးငွေများ အကြီးအကျယ်အကောင်အထည်ဖော်လျက်ရှိရာ နိုင်ငံတော်သမ္မတကစ၍ အား ပေးနေခြင်းတွေ့မြင်နေရ)၊ နိုင်ငံရေး လုပ်ငန်းစဉ်၌စတုတ္ထမဏ္ဍိုင်မီဒီယာအပေါ် ပျိုးထောင်ပေးသွားမည်ဟူ၍ နိုင်ငံရေးအရ အပေါ်စီးယူထားနိုင်သော အားသာချက်ဖြင့် ရေးသားထားခြင်းကို ကြည့်ခြင်းအားဖြင့်လည်း အာဏာရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အကြီးအကဲဗိုလ်ချုပ်ကြီးဟောင်းများသည် မြန်မာ့နိုင်ငံရေး၌ ထိပ်ဆုံးဩဇာချုပ်ကိုင်ထားနိုင်သူ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ထောက်ခံအားကိုးမှု အတိအလင်းယူထားကြောင်း လေ့လာမိသည်။

ပြီးခဲ့သော မတ်လ ၂၇ရက်နေ့ ၆၉ နှစ်မြောက်တပ်မတော်နေ့အခမ်းအနားတွင် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေဖြင့် တပ်မတော်နေ့ မိန့်ခွန်းပြောကြားရာ၌ ယခင်တပ်မတော်အစိုးရလက်ထက် အမျိုးသားညီလာခံက ချမှတ်သည့် အခြေခံမူ ၁၀၄ချက်ဖြင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခဲ့ကြောင်း။ အဆိုပါအခြေခံဥပဒေကိုထောက်ခံ ဆန္ဒမဲပေးခဲ့သည့် ၉၂.၄၈ ရာခိုင်နှုန်း၏ဆန္ဒကို လေးစားရမည်ဖြစ်ကြောင်း။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနှင့်ပတ်သက်ပြီး အခန်း၁၂ အခြေခံဥပဒေပြင်ဆင်ခြင်း အခန်းတွင် ပြဋ္ဌာန်းထားသည်နှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေကိုကာကွယ်စောင့် ရှောက်ရန် တပ်မတော်တွင် အဓိကတာဝန်ရှိကြောင်း အတိအလင်းပြောကြားချက်များအရ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အဓိကကိုင်စွဲ၍ နိုင်ငံတော်အာဏာ အရပ်ရပ် ချုပ်ကိုင်ထားနိုင်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် လာမည့်ရွေးကောက်ပွဲတွင်လည်း တပ်မတော်မှ ဖွဲ့စည်းပေးလိုက်သော အင်အားကြီးပါတီအဖြစ် နိုင်ငံရေးစင်မြင့်၌ နေရာရနေမည်သာဖြစ်သည်။

မြန်မာ့နိုင်ငံရေး အပြောင်းအလဲကြီးများ၌ တပ်မတော်မပါလျှင် မပြီးခဲ့သည့် အစဉ်အလာအရ လာမည့် ရွေးကောက်ပွဲ၌ ပြည်သူတို့ အဆုံးအဖြတ် မည်မျှပင်ဖြစ်စေ၊ လူထု ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်ပင်လျှင် လိုက်နာလက်ခံပါဝင်နေရသည့် အသက်ဝင်နေသော ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် ဗိုလ်ချုပ်မှူးကြီးများ ဆက်စပ်နေသောနိုင်ငံရေးအာဏာစက်ကြောင့်သာ နိုင်ငံတော်အစိုးရခေါင်းဆောင်ပိုင်းနေရာ အပြောင်းအလဲဖြစ်နိုင်ပေမည်။ **မောင်ရေစက်**



ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၆၉ နှစ်မြောက် တပ်မတော်နေ့သို့ ကာကွယ်ရေးဦးစီးချုပ် အနေဖြင့် တက်ရောက်နေစဉ်(အပေါ်ပုံ)နှင့် ၂၀၁၂ ပထမအကြိမ် ပါတီညီလာခံ၌ ကြံ့ခိုင်ရေးပါတီဥက္ကဋ္ဌ သူရဦးရွှေမန်းကို ကြံ့ခိုင်ရေးဗဟိုအလုပ်အမှုဆောင် သမ္မတရုံးဝန်ကြီး ဦးအောင်မင်းက တပ်မတော် အစဉ်အလာ အလေးပြုသည့် ပုံစံဖြင့် ဂါရဝပြု နှုတ်ဆက်နေစဉ် (ဝဲဘက်ပုံ)

## သံတော်ဆင့်ကာတွန်း



# သစ္စာကေသွေး သန္ဓေမို့ စစ်ကျွန်စနစ်မှ လွတ်ရေး သဘောအား မယွင်းဘယ်ခါ တည်သော

# အပြာ

**'အပြာ'** အဆင်းရောင် ထွန်းပြောင်လိုက်လေခြင်း ကွယ်တို့. . . ။

ဗီးနစ်ငှက်မျိုး မီးလျှံရေချိုး၊ အာဇာနည်တန်ခိုးသေလည်း တွန်မယ့်အရိုး. . .

အကုသိုလ်စရိုက်ဆိုးတွေ ရှင်းဖို့ ခေတ်သတင်းကို 'အပြာ'အရိုးက တလူလူ တွန်ကျူးနေသကွယ့်. . .

ဟဲ့ . . . အာဏာညာဏ်အမိုက်မျိုးတွေရဲ့ . **'အပြာ'**တရားလင်းတောက်လို့ လူထုလက်အားကြားကုပ်ကျိုးပြီး တဂိန့်ဂိန့် အဘတနေရခြင်းမျိုး မကြုံခင်ခိုက်မှာ. . . မဲညစ်မဲခိုး ဥပဒေဆိုးနဲ့ လိမ်ယုတ်သိမ်းသုံးနေတဲ့ ပြည်သူ့အာဏာကို ခပ်မြန်မြန် ပြန်အပ်. . .

သယ့် . တယ်လည်း မိုက်ကြသကိုး . . .

**'အပြာ'** အရိုးက
တွန်တွန်တွန်၊
ခေတ်လူတွေကြားထဲ **'အပြာ'**တရား
လွန့်လွန့်လွန့်. . .

လူထုအကျိုးမှန်ရင် ယုံကြည်ရာဘက် အဂတိဘက်လိုက်စတမ်းလို့ တိုက်ပွဲခေါ်ခေတ်ချန်စကားသံတွေ

ဟော. . . ဟိုမှာ ကြည့်စမ်း။

ဇော် ဥဒေတယံသွေး၊ အရေးတော်ပုံ နှိုးသံတွေ . . .

တွန်တွန်တွန်

**'အပြာ'** ဥုံအုပ်၊ မောရပရိတ်သုတ်ဟော့. . .

**'အမှန်၊ ပြည်သူ၊ ကာလ၊ ဘုရား'** ထိုလေးပါးဆုံတော့မည် မဝေး။

စစ်အာဏာစနစ်သွေးဆိုရင် တစ်ရွေ တစ်ညွှန့်လုံး ဝဋ်ကြွေမှာအဖြစ်ဆိုးနဲ့တိုး . . .

ဟယ်. . . ဒင်းရို့ကျရင်ဖြင့် အသေဆိုးနဲ့ ကေန်ကြုံကြပါစေကြောင်း. . . ။

. . . . . . . .

စိတ်ဓာတ်မာန်ပြင်းပြင်းဖြင့် အာဏာရှင်လူ့ဓာတ်အလွှာအတွက် ရာဇသံတင်းခြင်းဟု တစ်ကိုယ်တည်း ဥဒါန်းကျူးရင်း မြင်ကြရပြီးဖြစ်သော ထို့ ထို အက္ခရာများကို စိတ်နောက်ကိုယ်ပါ ကလောင်မင်ရင့်လိုက်ပေ၏။

သို့သော်လည်း ဇာတိသကန်အတွင်း ဟုန်းဟုန်းဆော်ဇောရှိန်က 'လျော့ ဖယ် ငြိမ်း ' မရှိ၊ ပိုလို့သာတိုး၍. . တိုးကာ။

ယုတ်ကောက်ညစ်သူများကြောင့်



အံ့ခေါင်မင်း

**ဤ အပြာသည်**
**ညစ်ညမ်းခြင်း သဘောမဟုတ်**
**ဖောက်ပြန်ခြင်း သရုပ်မဟုတ်**
**အခွင့်မျှော် အနားပြာမဟုတ် ၊**
**သေသည့်တိုင် တည်လုံခဲ့သော**
**သစ္စာ၏ ပြယုဂ်ဖြစ်သည် ၊**
**ဆိုရသော . . .**

ခေတ်ရိုင်းဆက်ဆက်ဒဏ်နဲ့ ပြည်လုံးအဝှမ်း လူဖြစ်ရှုံးခဲ့ကြခြင်းမှ မရုန်းနိုင်ကြသေး၊ ဒေဝဒတ်အကျင့် ရင်းတည်လျက်ဘုရားကုသွင် ဟန်ကိုယ့်ဖို့ အသွင်တစ်မျိုးနဲ့ ထမ်းပိုးတင် နဖားကြိုးထိုးခံလိုက်ရတဲ့ လူထုအသွင် သမိုင်းစဉ်ကျွန်ဇာတ်ဝင်နေသမျှ. . . 'မလျော့ မဖယ် မငြိမ်း' ။

ဒင်းရို့ ကလိန်ယုတ်စနစ် မကြေပြုန်းသမျှ ထိုဝေဒနာဇောက တည်နေမည်သာ။

ယင်းသည် ယခု ဖော်ညွှန်းခြင်း တစ်ကိုယ်တည်း၏ သဘောမဟုတ်။

စစ်အာဏာအသွင်ရုပ်အခွံ ယူနီဖောင်းခွာလဲထားရမျှသော တိဘုမ္မာဇာတ်သရုပ်ထင်းသည့် အယုတ်တရားလုပ်ရပ်များကို မြင်သိဆင်ခြင်မိကြပြီဖြစ်သော လူထုတစ်ရပ်လုံး တစ်ဖက်တည်း ရပ်ခြင်းညီကြမည်သာ။



**"ဝင်ပြင်"** မူလမ်းဖြစ်ခြင်း သဘောအကြောင်းမှာ "အမ .. အနိတီ .. အမေ" စသည်ဖြင့် ပညတ်အမျိုးမျိုးကွဲပြား ပရမတ် ကိုယ်နှုတ်ဖွင့်ထွက်လျှင် ဘာဖြစ်ဖြစ် " မှန်ပါ့ မှန်ပါ့ ဘုရား "အသင့်ညီညာကြခြင်းတွင် အရေးတော်ပုံသန္ဓေလမ်းမယွင်းခဲ့ခြင်းကို. . . ယခု ဘယ်သူ ဟားတိုက်ကွယ်လျောင်ကြအုံးမည်နည်း။

ဟော့၊ တို့လူကလေးများ ဆိုလေလေ့အပေါင်းကွယ်ရို့. . . ။ **"ကွန်မြူနစ်ကြီး"**လို့ ယိုးစွပ်ကြပါအုံးလား။

**ဟား . ဟားဟ . ဟား . ဟား . .**

ကဲလေ၊ ထားပါတော့ . . ။

အကြောင်းဖန်ပြီးပြီဆိုတော့ ဟိုသည်လက်ညှိုးရမ်း နှုတ်သီးကောင်းလျှာပါးနေဖို့ မတန်တော့ပါဘူး။

ဒီအဖြစ်ကို ထုတ်ပြတာက **'အပြာ'** ရဲ့သူ့ . ငါ ပုဂ္ဂလအတ္တအစွန်းကင်းကြောင်း ထင်းစေချင်သမို့ပါ။

**'အပြာ'**သည် ခေတ်ကို ကြည့်လျှင်ဖြစ်ခြင်း၊ ပျက်ခြင်း အကြောင်းအချင်းမှန်သမျှ အနုပဋိကျကျ အောက်ခြေလူထုတွင်းချင်းထိမြင်ခြင်းဖြင့်သာ အသိသညာအဖြစ်သွင်း နိုင်ငံရေးအလုပ်စခန်းအဖြစ် ဝန်ထမ်းရန်မဏ်။

ထိုလမ်းများသည်လည်း 'အပြာ'၏ အစွန်းကင်းခြင်းကြောင့် လူထုခြေလှမ်းဖဝါးအောက်ရောက်သင့်ခြင်းများသာ ဖြစ်သည်ပင်။

လူထုအကျိုးတစ်ဖက်သာ ကြည့်သော 'အပြာ'၏ ခေတ်ကူလီအလုပ်တွင် ဝန်စလည်အပေါင်း အများမြောင်ခဲ့လေတော့သည်။

အိုမင်းရင့်ရော်ကာလပေါက် ဘဝနိဂုံးအဆုံးရောက်ပြီဖြစ်ချိန်တွင်ပင် **'အပြာ'** သည် လက်တစ်ဖျစ်တည်း တစ်ထောက်စာမျှရှိ.. ရှိ၊ ရသလောက်အချိန်သည်ပင် နောက်ဆုံးနိုင်အားသလောက် ခေတ်ရိုင်းကိုပြောင်းနိုင်ရန် ကုန်းရုန်းကြရမည်ဟု နမူနာပြုစရာ တရားကောင်းများကို ပြခဲ့သေးသည်ပင် ။

ထိုအထဲတွင် လူ့သဘောအရ ခွဲခြားပါက အာဏာလက်ကိုင်တုတ်နှင့် ရမ်းချင်




**သတင်းစာအဖြစ်မှ ရပ်စဲခံရပြီးနောက် ၁၉၆၈ ခုနှစ်တွင် ဂျာနယ်အဖြစ် ပြန်လည်ထုတ်ဝေခွင့်ရခဲ့သည့် အိုးဝေဦးညိုမြ ထုတ်ဝေသော အိုးဝေဂျာနယ် အတွဲ (၁)၊ အမှတ် (၁) မှ ဆရာကြီးကာတွန်းဖေသိန်း၏ ဥဒေတယံ ကဗ္ဗာကာတွန်းခန်း**

ထိုသော အာဏာကိုယ်ကျိုးအတွက် ခေါင်းပေါင်းနှင့်တိုက်ပုံ ပြောင်းဝတ်ကြခြင်း သဏ္ဌာန်အတွင်းက သရုပ်စစ်ကို ထင်းရှင်းမျှော်သိကာ မလွဲကေန် စောလျှင်ထောက်ချင့် ပြောသည်က 'အပြာ' ပင်ဖြစ်ကြောင်းကို ငြင်းသူမရှိနိုင်။

သမိုင်းက သက်သေခံနေသည် မဟုတ်သလော။

သမျှ ရမ်းနေနိုင်ကြသော်လည်း ဇာတ်နိမ့်ယုတ်ညံ့လူ့အလွှာအောက်ဆုံး အာဏာကိုယ်ကျိုးများကို အရေးတော်ပုံသွေးသန္ဓေဆက်ကာ ပြည်သူ့အားဖြင့်သာ တောထုတ်နိုင်ကြောင်း ကျွန်ဇာတ်ခင်းနေရခြင်းမှ လွတ်မြောက်ရာထွက်ရပ်လမ်းကို ချန်ခဲ့ခြင်းဖြစ်ပေသည်။

**စာမျက်နှာ ၂၈ သို့**

အတွဲ-၃၊ အမှတ် ( ၁၁ )၊ မေ ၂၄ - ၃၀ ၊ ၂၀၁၄ ခုနှစ်

# ကျင့်ဝတ်အတည်ပြီးနောက် . . . ?

## လွှတ်တော်၊ စစ်တပ်၊ အာဏာရပါတီတို့ မကောင်းကြောင်း တွင်တွင်ကြီးဖော်ပြနေကြစေကာမူ အတိုက်အခံများမကောင်းကြောင်း ရေးသားလျှင်ကား သတင်းစာ၊ ဂျာနယ်များက မထည့်ရဲကြချေ . . .



ရွှေကူမေနှင်း

မေလ ၃ရက်နေ့သည် ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ဖြစ်၏။ မြန်မာနိုင်ငံတွင် သတင်းလွတ်လပ်ခွင့်နေ့ အခမ်းအနားကို ချက်ထရီယမ်ဟိုတယ်၌ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့်နိုင်ငံတကာအဖွဲ့များ၊ စာနယ်ဇင်းအဖွဲ့အစည်းများ စုပေါင်းကျင်းပခဲ့သည်။

မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)၊ မြန်မာတစ်ပြည်လုံးမှ စာနယ်ဇင်းကိုယ်စားလှယ်များနှင့်အတူ နိုင်ငံတကာမီဒီယာပံ့ပိုးရေးအဖွဲ့တို့က ''မြန်မာသတင်းစာဆရာများ သတင်းမီဒီယာကျင့်ဝတ်အတည်ပြုထုတ်ပြန်ခြင်း'' အခမ်းအနားကို ဆီဒိုးနားဟိုတယ်၌ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပခဲ့ပါသည်။

၎င်းအခမ်းအနားတွင် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)မှ ပြုစုခဲ့သော ''သတင်းမီဒီယာကျင့်ဝတ်'' လက်စွဲစာအုပ်ကို စတင်ထုတ်ဝေဖြန့်ချိခဲ့၏။ စာအုပ်မိတ်ဆက်ပွဲဟုလည်း ပြောနိုင်ပါ၏။ ၎င်းစာအုပ်ဖြစ်မြောက်ရေးအတွက်၊ ပြင်ဆင်ချိန် ၆လကြာခဲ့ကြောင်း၊ မြန်မာနိုင်ငံမြို့ကြီး ၉ မြို့၌ ဆွေးနွေးအကြံဉာဏ်ရယူခဲ့ပြီး သတင်းသမား ၄၀၀ ကျော်တို့က ပါဝင်အကြံပြုခဲ့ကြကြောင်း သိရသည်။ မြို့ကြီး ၉ မြို့မှာ မကွေး၊ မန္တလေး (ကချင်+ နေပြည်တော်) တောင်ကြီး (ကယား+မြောက်ပိုင်း) မုံရွာ (+ချင်း) ပဲခူး၊ မော်လမြိုင် (+ကရင်)နှင့် ပုသိမ်တို့ ဖြစ်၏။ ကိုယ်စားလှယ်အများဆုံး တက်ရောက်သောပွဲမှာ ပဲခူးဖြစ်ပြီး မော်လမြိုင်က ဒုတိယအများဆုံးဖြစ်သည်။

ကျင့်ဝတ်၏ ရည်ရွယ်ချက်မှာ လွတ်လပ်ခွင့်ကာကွယ်ရေးနှင့် အခွင့်အရေးရရှိရေးတို့ဖြစ်သည်ဟုဆိုသည်။ ကျင့်ဝတ်အတည်ပြုကြောင်း MJA , MJN နှင့် MJU တို့အပါအဝင် တက်ရောက်သူအားလုံး လက်မှတ်ထိုးကြပါသည်။

မြန်မာတစ်နိုင်ငံလုံးမှ သတင်းသမားများတက်ရောက်ကြသော ၎င်းအခမ်းအနားကုန်ကျစရိတ်အတွက် နိုင်ငံတကာ မီဒီယာပံ့ပိုးရေးအဖွဲ့မှ ကူညီကြောင်းသိရသဖြင့် မုဒိတာပွားရပါသည်။ အခမ်းအနားအစီအစဉ်များတွင်လည်း (Centre for Law and Democracy ) မှ Executive Director Mr.Toby Mendel နှင့် FreeLance Journalist and Trainer, Former Head of BBC- Myanmar Programme ဖြစ်သူ Mr.Larry Jagan တို့က မိနစ် ၂၀စီဆွေးနွေးဟောပြောခဲ့၏။ ၎င်းတို့နှစ်ဦးလုံး၏ တူညီသော သဘောထားမှာ ယခုမြန်မာနိုင်ငံ၏ သတင်းလွတ်လပ်ခွင့်သည် ယခင်နှင့်စာလျှင် အများကြီးရရှိလာပြီဟူသော အချက်ဖြစ်၏။

ပြည်တွင်းသတင်းသမားများ၏ ခံစားချက်အများစုမှာမူ သတင်းထောက်များအား အကျဉ်းချခြင်း၊ တရားစွဲခြင်းများရှိနေသဖြင့် လွတ်လပ်မှုမရှိဟု ခံယူကြသည်။ ၎င်းကိစ္စနှင့်ပတ်သက်၍ စာနယ်ဇင်းကောင်စီ (ယာယီ)၏ လုပ်ဆောင်ချက်များကို မေးမြန်းကြရာ၊ အတွင်းရေးမှူး ဦးကျော်မင်းဆွေက ''သတင်းသမားများကိုယ်တိုင် ကျင့်ဝတ်လိုက်နာရန်လိုကြောင်း''၊ ယာယီကောင်စီသည် Power Less ဖြစ်ကြောင်း၊ တင်ပြမှသာ လုပ်နိုင်ကြောင်း၊ ရုံးအထိပြဿနာမရောက်ရန် မကျေနပ်မှုတိုင်ကြားခြင်းကို ညှိနှိုင်းပေးသောအဖွဲ့ (Complain Commette) ကိုဖွဲ့ထားရာ ယခုထိ ပဋိပက္ခမှု ၅၀ကျော်ကို ဖြေရှင်းပေးနိုင်ခဲ့ကြောင်း၊ မရှင်းနိုင်သော ကိစ္စများသာ ရုံးရောက်ရကြောင်း၊ အထူးသဖြင့် ယူနတီဂျာနယ်ကိစ္စကို ကြားဝင်၍ မရကြောင်း၊ ၎င်းကိစ္စအတွက် သမ္မတထံ စာတင်ခဲ့ကြောင်း ဖြေကြားခဲ့သည်။

၎င်းအခမ်းအနား၏ ''အသက်'' အဖြစ် ယခုထုတ်ဝေခဲ့ပြီဖြစ်သော သတင်းမီဒီယာကျင့်ဝတ်ကို စာနယ်ဇင်းသမားအားလုံး၊ အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းအားလုံး၊ ပြည်သူလူထုအားလုံး သိရှိရန် မည်ကဲ့သို့သော နည်းလမ်းများ အသုံးပြုကြမည်နည်းဟူသော ပြဿနာကို အဖွဲ့ ၄ဖွဲ့ခွဲ၍ စဉ်းစားဆွေးနွေးခဲ့ကြ၏။ တစ်နာရီခန့်အချိန်ယူကာ စုပေါင်းဆွေးနွေးအကြံပြုခဲ့ကြပြီး တစ်ဖွဲ့ချင်းအလိုက် တင်ပြကြသည်။ အားလုံးသဘောတူသော နည်းလမ်းများမှာ

I စာနယ်ဇင်းသမားများအတွက်

– သတင်းမီဒီယာကျင့်ဝတ် စာအုပ်ငယ်ကို လက်စွဲအဖြစ် အသုံးပြုနိုင်ရေး ဝေငှရန်။

– သတင်းဌာနတိုင်း၌ မီဒီယာကျင့်ဝတ်ကို သင်ပြခြင်း၊ အသစ်ခန့်ထားမည့် သတင်းထောက်များအား ပို့ချခြင်းနှင့် ဆွေးနွေးပွဲ၊ ဟောပြောပွဲများပြုလုပ်ရန်။ (တတ်သိနားလည်သူများကို ဖိတ်ကြားရန်)

– မီဒီယာကျင့်ဝတ်အကြောင်း၊ သတင်းဌာနများ၏ Online ဝက်ဘ်ဆိုက်များတွင်ထည့်သွင်း ဖော်ပြရန်။

– မီဒီယာကျင့်ဝတ်နှင့် ပတ်သက်သော သတင်းဆောင်းပါးများကို စာနယ်ဇင်းများ၌ ရေးသားကြရန်။

II အစိုးရအဖွဲ့များ၊ အရပ်ဘက်အဖွဲ့အစည်းများအတွက်

– ပြဿနာဖြစ်လျှင် ထိပ်တိုက်ဖြစ်နိုင်သော အဆိုပါအဖွဲ့အစည်းများအနေနှင့်လည်း မီဒီယာသမားများ၏လက်စွဲကျင့်ဝတ်ရှိနေပြီဖြစ်ကြောင်း သိရှိသင့်သဖြင့်၊ ယခုကဲ့သို့ ဆွေးနွေးပွဲများသို့ တက်ရောက်ကြဖို့ ဖိတ်ကြားရန်၊ သို့မှသာ ၎င်းတို့လည်း တိုက်ရိုက်ဗဟုသုတရနိုင်မည်။

– မီဒီယာကျင့်ဝတ်နှင့် ပတ်သက်၍ ပြဿနာဖြစ်နိုင်သော ကိစ္စများအကြောင်း ဓာတ်လမ်းဓာတ်ကွက်ဆင်ပြီး ရုပ်မြင်သံကြားနှင့် ရေဒီယိုမှရိုက်ကူးထုတ်လွှင့်ပေးရန်။ သက်ဆိုင်ရာ ရုပ်/သံဌာနများနှင့် ပူးပေါင်းအကူအညီရယူရန်။

– မီဒီယာကျင့်ဝတ်အကြောင်း အထက်ပါ အဖွဲ့အစည်းများနှင့် ဆက်သွယ်ကာ ၎င်းတို့ဌာနများ၌ သွားရောက်ရှင်းလင်းဆွေးနွေးခွင့်ရရန်၊ ၎င်းအဖွဲ့များနှင့် သတင်းမီဒီယာတို့ပဋိပက္ခကိုရှောင်နိုင်ရန်။

III ပြည်သူလူထုတစ်ရပ်လုံးအတွက်

– အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများအတွက် ပြုလုပ်သောနည်းများကို သာမန်ပြည်သူလူထုအတွက်လည်း အသုံးပြုရန်

– ကျင့်ဝတ်စာအုပ်ငယ်မှ အရေးကြီးသော အချက်များကို ထုတ်နုတ်ပြီးဈေးနှုန်းသက်သာသည့် ပန်းဖလက်များ ရိုက်နှိပ်၍ လူစည်းကားရာအရပ်များ၌ ဝေငှရန်

– လူထုအတွင်းပြုလုပ်သော စာပေဟောပြောပွဲများတွင် ၎င်းသတင်းမီဒီယာကျင့်ဝတ်အကြောင်း တစ်စိတ်တစ်ဒေသ ထည့်သွင်းပညာပေးရန်

– လူအများမြင်သာသော နေရာများ၌ သတိပေးဆိုင်းဘုတ်ကြီးများဖြင့် သတိပေးရန် စသည်တို့ဖြစ်ပါသည်။

တိုင်းနှင့်ပြည်နယ်အသီးသီးမှ သတင်းထောက်လူကြီး လူငယ်တို့သည် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ကော်ဖီချိန်၊ နေ့လယ်စာချိန်မှလွဲပြီး မပြီးမချင်း စိတ်အားထက်သန်စွာ ပါဝင်ဆွေးနွေးခဲ့ကြသည်ကိုကြည့်လျှင် သတင်းသမားတို့ စေတနာကို ရိပ်စားနိုင်ပါသည်။

သတင်းသမားတို့သည် မသိမှုရိုးရိုးရှိနိုင်သည်။ မထိမဲ့မြင်မော်ကြားခြင်း ရှိနိုင်စေကာမူ ထိုကိစ္စသည်ကျင့်ဝတ်မသိမှုမဖြစ်ပေါ်ခြင်းသာဖြစ်နိုင်သည်။ သိရှိပြီးသောအခါ မိမိကိုမိမိ နားလည်စွာဆင်ခြင်ကျင့်ကြံခြင်း (Self -Regulation) ရှိလာနိုင်သည်နှင့်အမျှ သတင်းရယူမှု၊ ရေးသားမှုတို့၌ လွန်ကဲခြင်း၊ မှားယွင်းခြင်းနည်းပါးလာနိုင်ပေသည်။

၎င်းအခမ်းအနား၌ လက်ဆောင်ပေးသော တီရှပ်ပေါ်တွင်

– တိကျမှု (Accuracy)

– ဘက်မလိုက်မှု (Impartiality)

– တာဝန်ယူမှု (Responsibility) ဟူ၍ ရေးသားပုံနှိပ်ထား၏။ အားလုံးသတိရှိကြရန်ဖြစ်သည်။

ထိုသတိပေးစာတန်း၌

Accuracy ခေါ် တိကျမှုဆိုရာတွင် အမှားမပါရေးဖြစ်စေကာမူ တိကျရန်မဖြစ်နိုင်သော ကိစ္စများရှိနေသည်။ ဥပမာ နိုးမှု၊ သတ်မှုစသော တရားခံများဓာတ်ပုံဖော်ပြရာ၌ မျက်နှာကိုပိတ်ရခြင်း၊ (တရားဥပဒေအရ အပြစ်ပေးမခံရမီမှာ လူသိမခံရခြင်း) မုဒိမ်းမှုကဲ့သို့ပြစ်မှုကျူးလွန်ခံရသော အမျိုးသမီးများ၏ အမည်ကိုမဖော်ပြရခြင်း (၎င်းကိစ္စအတွက် တစ်သက်လုံးမနစ်နာစေရန်)

ဘက်မလိုက်မှု– ဟုဆိုသော်လည်း ယခုမီဒီယာများ ဘက်လိုက်နေသေးသည်ကို မြင်နေရသည်။ (ဥပမာ အစိုးရအဖွဲ့၊ လွှတ်တော်၊ စစ်တပ်၊ အာဏာရပါတီတို့ မကောင်းကြောင်း တွင်တွင်ကြီးဖော်ပြနေကြစေကာမူ အတိုက်အခံများမကောင်းကြောင်းရေးသားလျှင်ကား သတင်းစာ၊ ဂျာနယ်များက မထည့်ရဲကြချေ။ ၎င်းတို့ဆင်ခြေမှာ လူထုသဘောထားနှင့် ဆန့်ကျင်မှာကြောက်၍ဟုဆို၏။ အချို့ကလည်း အချိန်မတန်သေး၍ဟုဆို၏။ ဘယ်တော့မှ အချိန်တန်မှာလဲမေးရာ ဒီမိုကရေစီလုံးလုံးလျားလျားရမှ ဟုဖြေ၏။ လုံးလုံးလျားလျားကား မျှော်တိုင်းဝေးဆဲ။ ၎င်းလိုနှင့်ဘက်လိုက်မှုက ရှိနေဆဲဖြစ်၏။ တရားသည်ဟုယူဆဆဲဖြစ်၏။ ဒါကကျင့်ဝတ်နှင့် မဆိုင်။ အနိုင်လိုချင်စိတ်သာတည်း။)

မည်သို့ဆိုစေ...

Larry တို့သုံးသပ်ချက်အရ သတင်းလွတ်လပ်မှု အတော်ကြီးကိုရလာတာကို အကောင်းမြင်ဝါဒဖြင့် လက်ခံသင့်သည်ဟုထင်ပါသည်။ ကျွန်မလည်း ထိုအတွေးအခေါ်ကိုလက်ခံပါသည်။ အနှစ် ၆၀ပိတ်ဆို့မှုကို ၃နှစ်နှင့်ရှင်း၍မပြီးနိုင်တာ သဘာဝကျပါ၏။ မလျှော့စတမ်း ဆက်တိုက်ရှင်းသွားရန် အင်အားစုဆောင်းကြရမည်ဟုသာ သဘောထားပါသည်။

## သံတော်ဆင့်ကာတွန်း The Myanmar Herald Cartoon



မြန်မာသံတော်ဆင့်
THE MYANMAR HERALD
အတွဲ-၃၊ အမှတ် (၁၁)၊ မေ ၂၄ - ၃၀၊ ၂၀၁၄ ခုနှစ်



"လူဆိုတာမိမိရဲ့အခွင့်အရေးတွေ၊ ရပိုင်ခွင့်အခွင့်အရေးတွေရှိသလို အခွင့်အရေးနဲ့တူတဲ့နိုင်ငံတော်အတွက် လုပ်ပေးဖို့ တာဝန်ဝတ္တရားရှိပါတယ်"

(တောင်ကလေးဆရာတော်)

# မျက်လုံးမပြူးကြပါနှင့်



အဲဒိုး

#### အကွက်ပြတဲ့ အစိုးရ

မြန်မာပြည်အတိတ်က သမဝါယမ စနစ်ဆိုးတဲ့ အမွေတွေ ပြည်သူတွေ တော်တော်လေးကို သိလောက်ပြီလို့ထင်ပါတယ်။ အရင်တို့ရဲ့တိုင်းပြည်ဟာ အဆင်းရဲဆုံး စာရင်းဝင်(LDC)နိုင်ငံဖြစ်ခဲ့ရတာဟာ ၁၉၆၂ မတ် ၂ ရက် အာဏာသိမ်းစစ်အစိုးရရဲ့ (REVOLUTIONARY COUCIL) ဝါဒ လမ်းစဉ်ကြောင့်ပါ။ ယနေ့မြန်မာပြည်ကို လေ့လာကြည့်ပါ။ ကျေးလက်နေပြည်သူတွေ ၇၀ ရာခိုင်နှုန်းဟာ လယ်ယာလုပ်ငန်း အပေါ်မှာအခြေပြုနေစားရတဲ့ ပြည်သူတွေပါ။ လက်လုပ်လက်စားတဲ့ ပြည်သူတွေမို့ လှည့်စားချင်တဲ့အကွက်ပြတဲ့ အစိုးရတွေကြောင့် နေ့စားလောကရောက်သွားကြရတာပါ။

#### ကျင့်သုံးနေတာမဟုတ်

သမဝါယမအောင်မြင်တဲ့အမေရိကန်၊ အိန္ဒိယ၊ ဂျပန်နိုင်ငံတွေကိုပြပြီး မြန်မာလူမှုအသိုင်းအဝိုင်း သမဝါယမစနစ်ဖြစ်ပေါ်အောင်လုပ်ပြတဲ့ ယနေ့မြန်မာအစိုးရဟာ တရုတ်စီးပွားရေးသမားတစ်ယောက်နဲ့ တွေ့ရင်တော့ ရယ်စရာကြီးဖြစ်နေမှာပါပဲ။ ယနေ့တရုတ်လူမျိုးတွေ စီးပွားရေးကောင်းစားလာရတဲ့ အချက်အလက်များနဲ့ ပတ်သက်ရင် သမဝါယမစနစ်တည်ထောင်လို့ အောင်မြင်ခဲ့တာမဟုတ်ပါ။ စီးပွားရေးကို သမဝါယမစနစ်နဲ့ ကျင့်သုံးနေတာမဟုတ်ပါ။

#### အဆင်းရဲဆုံး စာရင်းထဲပြန်ရောက်အောင်

မြန်မာအစိုးရဟာ တိုင်းပြည်ချမ်းသာရေးထက် ဆင်းရဲနွမ်းပါးမှုနှုန်းလျှော့ချနိုင်ရေးဟာ အဓိကဦးစားပေးဆောင်ရွက်ရမယ့်ကိစ္စဆိုပြီး

(၁)ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့

(၂)ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစီမံချက်ကို ပညာရှင်တွေနဲ့ တိုင်ပင်ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်တဲ့ လုပ်ငန်းကြီးတစ်ခုဖြစ်တယ်ဆိုပေမယ့် အရစ်ကျအမြတ်ယူတဲ့စနစ်နဲ့ ပြည်သူဆီက ငွေကို ညှစ်ယူတာခြောင်ကျကျ တွေ့ရပါတယ်။ ဗိုင်းကြီးချုပ်အဖွဲ့စနစ်နဲ့ ငွေညှစ်ယူတာဖြစ်တာကြောင့် ချေးငွေတွေမဆုံးရှုံးဖို့ ဗိုင်းပြီးအသေးစားငွေချေးတဲ့ စနစ်လုပ်ငန်းကို လုပ်နေတာဟာ လူထုကို အဆင်းရဲဆုံးစာရင်းထဲပြန်ရောက်အောင် လုပ်နေသလို ဖြစ်မနေဘူးလား။

#### သာဓုခေါ်ဆိုရမလို

မြန်မာပြည်သူတွေ သတိရကြဦးမှာပါ။ ဆိုရှယ်လစ်ချိတက်တဲ့ တော်လှန်ရေးကောင်စီခေတ်၊ မြန်မာ့ဆိုရှယ်လစ်ခေတ်က သမဝါယမလုပ်ငန်းတွေကြောင့် အသင်းဝင်ကြတဲ့ ပြည်သူတွေဆန်၊ ဆီ၊ ဆေး ဆပ်ပြာ၊ စားစရာတစ်မျိုးမျိုးရဖို့ တစ်နေကုန်အောင်တန်းစီပြီး စောင့်နေလိုက်ရတဲ့ အဖြစ်။ မလောက်မငမတဲ့ စနစ်နဲ့လူပုံအလယ်မှာ ဒုက္ခရောက်ကြတဲ့ ပြည်သူတွေ မျက်မြင်ပါပဲ။ အသင်းကို ဦးဆောင်တဲ့သူတွေက ဟိုဂုက်ဒီနိုက်နဲ့ ဆီလေးအစိပ်သား၊ ဆန်လေး ၂ဘူးဆပ်ပြာလေးတစ်ပိုင်းငွေပေးပြီး ဝယ်ယူနေရတာကြောင့် ခုခေတ်သမဝါယမလုပ်ငန်းကို အစိုးရက ကြီးမှူးဦးဆောင်ပေးမယ်ဆိုတဲ့ အစီအစဉ်ဟာ သာဓုခေါ်ဆိုရမလို ဖြစ်နေပါတယ်။

#### နိုင်ငံရေးပါတီငွေကြေးလား

သမဝါယမစနစ်သို့မဟုတ် လုပ်ငန်းဟာ မြန်မာအစိုးရကဒုတိယစီးပွားရေးမဏ္ဍိုင်အဖြစ်ထားတယ်။ ပြည်သူအပေါ်မှာ အစိုးရက ဒုတိယစီးပွားရေးစနစ်ပုံစံထားတော့ အသေးစားပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းများပါ ပါလာတော့ ချေးငွေရဲ့ အတိုးဟာအစိုးရဘဏ်ထက်ပိုများနေတာကို တွေ့ရတယ်။ ဒီအသေးစားပုဂ္ဂလိကက ငွေထုတ်ချေးပေးတဲ့သူတွေရဲ့ ရည်ရွယ်ချက်က တိုင်းပြည်ရဲ့စီးပွားရေးလား၊ ပါတီရဲ့စီးပွားရေးလားဆိုတာ ခန့်မှန်းစဉ်းစားလို့ရပါတယ်။ ပြည်သူ့စီးပွားရေးမဟုတ်တာကြောင့် အသေးစားငွေကြေး (MICROFINANCE) လုပ်ငန်းမဖြစ်နိုင်ပါ။ ဒီငွေကြေးဟာ ပြည်ပကရတဲ့ငွေနဲ့ နိုင်ငံတွင်းမှာ တရားမဝင်တဲ့ ငွေကြေးများတဲ့ ပုဂ္ဂလိကသမားနဲ့ငွေကြေးများပြားတဲ့ နိုင်ငံရေးပါတီ တစ်ခုခုရဲ့ ငွေကြေးတွေပဲ ဖြစ်ရမယ်။

#### တစ်ပါတီစနစ်လွှတ်တော်ကြောင့်

ယနေ့မြန်မာပြည်သူတွေဟာ ဆင်းရဲနွမ်းပါးမှုပိုများလာရတာဟာ ငွေအရင်းအနှီးမရှိတာနဲ့ မဆိုင်ပါ။ နိုင်ငံတော်အစိုးရက နိုင်ငံတကာကို ချေးထားတဲ့ငွေကြေးပမာဏကများပြားလွန်းတာကြောင့် ဆင်းရဲနွမ်းပါးကြရတာပါ။ ၁၉၇၄ ခုနှစ်ကစပြီး ကမ္ဘာ့နိုင်ငံအသီးသီးက ချေးယူထားတဲ့ငွေကြေးတွေဟာ အသေးစားငွေကြေးထက် အဆပေါင်းများစွာ များပြားလာပါတယ်။ချေးယူတဲ့ငွေကြေးများပြားလွန်းတာကြောင့် နိုင်ငံတော်ပါ အဆင်းရဲဆုံးစာရင်းဝင် X (LDC) အဆင့်ကိုရောက်သွားရတာပါ။ တရားခံက ပြည်သူတွေ မဟုတ်ပါ။ တစ်ပါတီစနစ်လွှတ်တော်ကြောင့် မြန်မာပြည် ဆင်းရဲတွင်းနက်ထဲကို ရောက်ခဲ့ရတာပါ။

#### မေးလိုက်ချင်ပါရဲ့

မြန်မာပြည်သူတွေဟာ ကမ္ဘာနဲ့ဝေးတဲ့ သူတွေမဟုတ်ပါ။ အသိဉာဏ်ခွန်အားပြည့်ဝကြတဲ့သူတွေပါ။ ငွေကြေးအရင်းအနှီး၊ ပစ္စည်းအရင်း၊ ဈေးကွက်ဖန်တီးပေးခြင်းစနစ်နဲ့ မြန်မာတွေ နေနိုင်စားနိုင်မယ်ဆိုတဲ့ မြန်မာအစိုးရရဲ့ စကားဟာ မသိတဲ့သူတွေကမိမိအစိုးရက ပြည်သူရဲ့မိဘပါပဲလားလို့ ထင်ကောင်းထင်မိမှာပါ။ တကယ့်ပြည်သူ့အစိုးရတစ်ရပ်ဟာ ငွေကြေးမရှိဘဲ မျက်နှာပန်းအလှပြဖို့ မလုပ်သင့်ပါ။ ပြည်သူတွေရဲ့ လိုအပ်ချက်၊ အခြေခံသဘောတရားကို အသေးစိတ်မလေ့လာဘဲ လူမှုစီးပွားရေးဘဝမြှင့်တင်ရေးအတွက် သမဝါယမစနစ်နဲ့ ကြိုးစားတာဟာ မြန်မာ့ဆိုရှယ်လစ်ခေတ်ကိုနောက်ပြန်ဆုတ်ပြီးလုပ်နေတာလား သို့မဟုတ် ဒီလိုပဲလုပ်တတ်တာလားဆိုတာကို မြန်မာအစိုးရကိုမေးလိုက်ချင်ပါရဲ့။

#### နားမလည်သင့်ဘူးလား

မြန်မာအစိုးရဟာ နိုင်ငံခြားကုန်နဲ့ ပြည်တွင်းဖြစ်ကုန်တွေကို မခွဲခြားဘဲ တန်းတူသဘောထားတဲ့ စီးပွားရေးမူဝါဒထားတတ်ကြပြီလား။ နိုင်ငံခြားကုန်တွေ ထိုးဖောက်ပြိုင်ဆိုင်လာတာတွေကို တားဆီးကာကွယ်မှုမပေးတဲ့ စီးပွားရေးမူဝါဒတွေ ရောနှောလည်နေပြီလား။ သို့မဟုတ် လွတ်လပ်စွာကုန်သွယ်မှုမူဝါဒတွေရော ဥပဒေပြုထားပြီးပြီလား။ ဘုံဈေး (COMMON MARKET)နဲ့ပတ်သက်တဲ့ ယှဉ်ပြိုင်တဲ့ ဈေးကွက်စနစ်တွေ ကုန်သွယ်မှုအလုပ်ရောတတ်ပြီလား။ အရင်းနဲ့ အလုပ်အင်အားစုတွေအားလုံးကို စီးပွားရေးအရ 'စုစည်းရန်'(စုစည်းဖို့) အင်အားအကြီးဆုံး အရင်းရှင်တွေကို သို့မဟုတ် လက်ဝါးကြီးအုပ်အရင်းရှင်သမားတွေအင်အားကို လွှမ်းမိုးမှုအကြောင်း နားလည်ကြရဲ့လား။ ဘုံဈေးကစားကြတဲ့သူတွေရဲ့ ရည်ရွယ်ချက်ထားတဲ့ နိုင်ငံရေးဟာ မြန်မာအစိုးရက ကွက်ကွက်ကွင်းကွင်း နားမလည်သင့်ဘူးလား။

ဘုံဈေးကစားကြတဲ့သူတွေရဲ့
ရည်ရွယ်ချက်ထားတဲ့ နိုင်ငံရေးဟာ
မြန်မာအစိုးရက ကွက်ကွက်ကွင်းကွင်း
နားမလည်သင့်ဘူးလား။ မြန်မာအစိုးရက
ဒီသဘောတရားကို မမြင်ဘဲ
ရေနက်ဆိပ်ကမ်းဆောက်ဖို့ပဲ ကြိုးစားနေတယ်။
တိုင်းပြည်ဗဟိုအလယ်မှာ ကုန်ထုတ်လုပ်မှု
အကျိုးစီးပွားဖြစ်ထွန်းဖို့ များစွာလိုအပ်ပါတယ် . . .

#### ဘုံဈေးကစားသူတွေရဲ့လှည့်ကွက်

လူ့အဖွဲ့အစည်းဟာ အစုအပေါင်း သို့မဟုတ်အကျိုးအကြောင်းနဲ့နိုင်ငံရေးထုံးတမ်းစဉ်လာအရ စုပေါင်းဖွဲ့စည်းထားကြတဲ့ လူမှုအဖွဲ့အစည်းပါ။ လူမှုအဖွဲ့အစည်းတိုင်းမှာ ငွေကြေးစနစ်နဲ့ ရပ်တည်နေကြရတာဖြစ်တာကြောင့်ငွေတန်ဖိုးသို့မဟုတ် မိမိရဲ့ ကုန်ပစ္စည်းတန်ဖိုးကို မှန်မှန်လှည့်ပတ်သွားဖို့အရေးကြီးပါတယ်။ တစ်နည်းငွေကိုလျင်လျင်မြန်မြန်လည်ပတ်သွားနိုင်ဖို့ ကုန်ပစ္စည်းဖြန့်ဖြူးတဲ့စနစ်ကိုအနှောင့်အယှက်အတားအဆီးအပိတ်အပင်မရှိဖို့ လိုအပ်ပါတယ်။ လွတ်လပ်တဲ့ဈေးကွက်စနစ်တစ်ခု တည်ထောင်ရင် ယှဉ်ပြိုင်တဲ့ဈေးကွက်ကို သတိထားနေကြရစမြဲပါပဲ။ အခုဆိုရင် မြန်မာတွေ ကုန်ဈေးကို အရင်းအနှီးများတဲ့နိုင်ငံခြားလုပ်ငန်းရှင်တွေက ရည်ရွယ်ချက်ပါပါနဲ့ ဈေးကွက်ပိတ်ဆို့တဲ့စနစ်တွေကြောင့် ရောင်းကုန်တွေ ဈေးအမျိုးမျိုးနည်းပါးခဲ့ရတယ်။ နိုင်ငံရေးအရပါ ပိတ်ဆို့မှုခံရတယ်။ စီးပွားရေးအားကောင်းလို့ နိုင်ငံရေးပါ ရည်ရွယ်ချက်ထားတဲ့ဘုံဈေးကစားသူတွေရဲ့ လှည့်ကွက်(လက်ချက်)နဲ့ မြန်မာပြည်မွဲပြာကျလုနီးပါး ခံစားခဲ့ကြရပါပြီ။

#### ကုန်ဈေးနှုန်းကစားမှု

မြန်မာအစိုးရဟာ ယနေ့သတိကြီးစွာထားရမည့် အချက်တစ်ရပ်ဖြစ်လာပြန်ပါပြီ။ အခြားမဟုတ်ပါ။မြန်မာပြည် စီးပွားရေးစနစ်ပါ။ အိမ်နီးနားချင်းတိုင်းပြည်တွေရဲ့ အဓိကစီးပွားရေးကုန်ပစ္စည်းဟာ ၂၀၁၅ခုနှစ်ကြရင် လွတ်လွတ်လပ်လပ်ဝင်လာကြတော့မှာဖြစ်တာကြောင့် အနီးကပ်ဆုံးတိုင်းပြည်အချို့ရဲ့လုပ်ငန်းခွင်ဟာ နိုင်ငံချင်း နယ်နိမိတ်အနီးအနားမှာသာ လုပ်ကိုင်ဖို့ ကြိုးစားနေကြပါတယ်။ ကုန်စီးဆင်းမှုလျင်မြန်ဖို့လမ်းတံတားတွေ ကူညီဆောက်လုပ်နေကြပါတယ်ဆိုတာ တွေ့ကြပြီးသားဖြစ်ပါတယ်။

မြန်မာအစိုးရက ဒီသဘောတရားကို မမြင်ဘဲ ရေနက်ဆိပ်ကမ်းဆောက်ဖို့ပဲ ကြိုးစားနေတယ်။ တိုင်းပြည်ဗဟိုအလယ်မှာ ကုန်ထုတ်လုပ်မှုအကျိုးစီးပွားဖြစ်ထွန်းဖို့ များစွာလိုအပ်ပါတယ်။ဗဟိုအချက်အချာကျတဲ့နေရာမှာ စီးပွားရေးဖြစ်ထွန်းမှုအင်အားကောင်းမွန်မှ ကုန်ဈေးနှုန်းကစားမှုတည်ငြိမ်မယ်။

ရှည်ရှည်ဝေးဝေး မကြည့်စေလိုပါ။ အရှင်တို့ ကရင်ပြည်နယ်မှာ အခုဆိုရင် အိမ်နီးနားချင်းစီးပွားရေးတိုးချဲ့မှုကြောင့် (လူအင်အားသုံးတဲ့ ကြားဖောက် စီးပွားရေးအချို့တွေရဲ့ထိုးနှက်ကွက်မှု တွေလုပ်ရပ်ကြောင့်) တရားမဝင်တဲ့ ကုန်ပစ္စည်းတွေမတားမဆီးနိုင်လောက်အောင် များပြားစွာဝင်ရောက်လာကြတယ်။ဒီပစ္စည်းတွေဟာ တရားဝင်လမ်းကြောင်းပေါ်မှာ ဝင်လာတာမဟုတ်ဘဲ လူတွေရဲ့ တဆွဲတပိုးအားကြောင့် ဝင်လာနေတယ်။ စစ်ဆေးစမ်းသပ်ပေးမှုမပါဘဲ လျင်လျင်မြန်မြန် ဝင်လာခဲ့တာကြောင့် မြန်မာပြည်သူတွေဟာ လူမှုစီးပွားရေးအကြောင်းကို ကောင်းကောင်းနားလည်ဖို့လိုအပ်ပါတယ်။ တရားမဝင်ဈေးကွက်ဆင်ယူတဲ့ ကုန်ပစ္စည်းတွေကို မြန်မာအစိုးရက အရေးမယူနိုင်လေသမျှ ကာလပတ်လုံး ဘုံဈေးကွက်အဆင့်နဲ့ နောက်ထပ်ဝင်လာမည့် ကော်ပိုရေးရှင်းကြီးစီးပွားရေးအကွက်ကို ဘယ်လိုစီးပွားရေးနည်းပညာနဲ့ အသုံးချကြမလဲဆိုတာကို စောင့်ကြည့်ရမှာဖြစ်ပါတယ်။

နောက်ဆုံးပိတ်မှာတော့

"မြန်မာကုန်ကူး မျက်လုံးမပြူးကြပါနဲ့"လို့သာပါပဲ။




အပတ်စဉ်စနေနေ့တိုင်းထုတ်ဝေသည်

အတွဲ-၃၊ အမှတ် ( ၁၁ )၊ မေ ၂၄ – ၃၀ ၊ ၂၀၁၄ ခုနှစ်

# ဆေးမြီးတိုအစိုးရ၊ အမြန်လမ်းနှင့် စီးပွားရေးဈေးကွက်

## (ဖြတ်သန်းခဲ့ရသည့် သတင်းထောက်ဘဝ အတွေ့အကြုံ)

အောင်ထွန်းလင်း


ရန်ကုန်-နေပြည်တော် အမြန်လမ်းမတစ်နေရာ

အမြန်လမ်းပေါ်ခရီးသွားရင်း ကားမှောက်တာကြောင့် လူ ၁၄ ဦး သေဆုံးခဲ့တာကို တွေ့ရတော့ အောင်မလေးဟဲ့လို့ ညည်းမိပါရဲ့။ ဘယ်လိုကြောင့်များ ဒီလောက်တောင် ဖြစ်ရတာလဲ။ ဖြစ်တဲ့နေ့ကလည်း မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်တွေ အလေးအနက်ထားတဲ့ ကဆုန်လပြည့်နေ့ဆိုတော့ ဩော် ...ဖြစ်မှ ဖြစ်ရလေခြင်းဆိုပြီး စိတ်မကောင်းလည်း ဖြစ်မိပါရဲ့။ ဒီလောက်တောင် သေရလောက်အောင် ကားကိုများ ဘယ်လိုမောင်းကြသလဲဆိုပြီး တွေးနေတုန်း သတင်းတကာ့ သတင်းအပျံ့ဆုံးလို့ ပြောရမယ့် လူမှုကွန်ရက်ဖေ့စ်ဘုတ်ကြီးမှာ ဓာတ်ပုံတွေ တက်လာပါလေရဲ့။ ဓာတ်ပုံတွေကို မြင်တော့မှ ပိုလို့တောင် စိတ်မကောင်းဖြစ်ခဲ့ရရဲ့။ ရခဲလှတဲ့ လူ့ဘဝမှာ ပြန်ထွက်သွားရတာတောင် အဖြစ်ဆိုးရချည်ရဲ့။

တိုက်ဆိုင်လိုက်တာများကလည်း အမြန်လမ်းကြီးပေါ် လူတွေက ခဏခဏ သေနေလို့ အကျွတ်ဆိုလား၊ အလွတ်ဆိုလား ပွဲတွေလည်း လုပ်ကြတာတွေ့ရရဲ့။ ဘာတဲ့...သတင်းတွေကလည်း ထွက်လာပါရဲ့။ အကျွတ်အလွတ်ပွဲမှာ ရာဇမတ်ကာထားတဲ့နေရာမှာ လူကြီးတွေကော၊ ကလေးငယ်တွေရဲ့ ခြေရာတွေပါ ပေါ်လာတယ်ဆိုပြီး သတင်းတွေလည်း ဖတ်ရပါရဲ့။ အကျွတ်အလွတ်ပွဲလည်း အပြီး ရက်ပိုင်းကလေးတင် နောက်ထပ် လူ ၁၄ ဦး မရှုမလှ ကွယ်လွန် ကြရပြန်တော့ ဘာတွေများ ဖြစ်နေတာလဲလို့ဆိုပြီး တွေးမိပြန်ရဲ့။

စိတ်ထဲမှာလည်း တော်တော်လေး တိုနေမိရဲ့။ တို့အစိုးရမင်းများ ဘာလုပ်နေကြသလဲဆိုပြီး တစ်ကိုယ်တည်း ကြိတ်မနိုင် ခဲမရ ဖြစ်ရပါရဲ့။ မိုင်ပေါင်း ၃၆၀ ကျော်ရှည်တဲ့ ဒီအမြန်လမ်း လူပေါင်း ၃၆၀ ကျော် အသက်ကို ဆွဲနုတ်ယူသွားလေခြင်းက ဘယ်သူ့မှာများ အပြစ်ရှိသလဲရဲ့ဆိုပြီး တွေးမိပါရဲ့။ တွေးမိနေတုန်း တန်းလန်း တို့များရဲ့ ဒုတိယသမ္မတမင်းကြီး ဦးညဏ်ထွန်းနဲ့ အဖွဲ့ လူ ၁၄ ဦး သေဆုံးခဲ့ရတဲ့ ရာဇာမင်းကား မှောက်ရာကို သွားရောက်ပါရဲ့။ ချီးကျူးလောက်ပါပေရဲ့။ တို့ပြည်သူများ အရေးဒုသမ္မတမင်း ကိုယ်တိုင် လာရောက်ရတဲ့ အကျိုး တယ်လီဖုန်းလိုင်းကြီးတောင် ချက်ချင်းဝေါက်ခနဲ ပေါ်လာပါရဲ့။ ဘာတဲ့ ဟော့လိုင်း နံပါတ် ၁၈၈၀ ဆိုလား။ တခြား အရေးပေါ် ဆက်သွယ်ရမယ့်ဖုန်းတွေ ဟောခနဲ ဟောခနဲ ထုတ်ပြန်ပါရဲ့။ အမြန်

**သေသူရဲ့ ယောက္ခမဖြစ်တဲ့ ဒေါ်သန်းသန်းဌေးကတော့ အငိုမျက်လုံး မချိမျက်နှာဖြစ်နေပုံကို တို့အစိုးရမင်းများ သတင်းစာမှာ အကျယ်တဝင့် ဖော်ပြထားလေရဲ့။ ဒါတင်ချည်းလား မဟုတ်ရဲ့။ အထူးခရီးသွား အာမခံလျော်ကြေးရှိတဲ့ကားကိုပဲ စီးနင်းရင်ဖြင့် ပိုပြီးလုံခြုံရဲ့ဆိုပြီး ရေးသားလို့ရေးရဲ့။ ကောင်းကြသေးရဲ့လားလို့ပဲ အော်-အော်ပြီးတော့ မေးလိုက်ချင်ပါရဲ့။ အောင်မလေး၊ ဒါတင်လား မဟုတ်ဘူး။ ဘဏ္ဍာရေးဒုဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက အခုလိုမျိုး အာမခံလျော်ကြေးပေးရတာ အစိုးရအနေနဲ့ အရှုံးပေါ်တယ်ဆိုပြီး မီဒီယာတွေကို ပြော . . .**

လမ်းကြီး အန္တရာယ် ကင်းရှင်းဖို့နဲ့ တစ်ခုခု ဖြစ်ခဲ့ရင် ကူညီရအောင်ဆိုလား ချက်ချင်း ဆိုသလို ထုတ်ပြန်ပါရဲ့။ တို့များ ပြည်သူအပေါ် အလေးဂရုပြု ချက်ချင်းဆိုသလို အရေးတယူ ဆောင်ရွက်ပါရဲ့။ ဒါပေသိ အမြန်လမ်းမကြီးက အောက်ခြေမညီဘဲ လိမ်နေတာတွေ၊ ညပိုင်းမောင်းနှင်ရင် Night Light မရှိတာတွေကို တို့များရဲ့ ဆောက်လုပ်ရေးဌာနကြီးနဲ့ မဆိုင်ဘူးထင်ပြီး ပြောတယ် ထင်ပါရဲ့။

ဟော...မတ်လ ၁၅ ရက်နေ့ ရောက်ပြန်တဲ့အခါ အပြစ်ရှိသူ ရာဇာမင်းကား ရန်ကုန်–မန္တလေး ပြေးဆွဲခွင့် ပိတ်စေလို့ အမိန့်တော် ပြန်ပါလေရဲ့။ ဒါတင်ချည်းလား မဟုတ်ဘူးရဲ့။ မတ်လ ၁၄ ရက်နေ့မှာလည်း သေဆုံးရသူ ၁၄ ဦးအတွက် အာမခံလျော်ကြေးအဖြစ် အာမခံလုပ်ငန်းနဲ့ ရာဇာမင်းက စုပေါင်းပြီး တစ်ဦးကို ကျပ်သိန်း ၆၀ ပေးတဲ့ အခမ်းအနားကြီးကို နေပြည်တော် ဘဏ္ဍာရေး ဝန်ကြီးဌာနရုံးခန်းမှာ တခမ်းတနားနဲ့ လုပ်ပြန်ပါရဲ့။ အစိုးပိုင် မီဒီယာမှာလည်း အထူးခရီးသွား အာမခံလျော်ကြေးငွေပေးအပ်ဆိုပြီး စာလုံးမည်းကြီးနဲ့ ဖော်ပြလို့ သေဆုံးသူရဲ့ မိသားစုပုံတွေကို တခမ်းတနား ဖော်ပြလေရဲ့။

လျော်ကြေးပေးခဲ့ရတဲ့ မြန်မာ့အာမခံလုပ်ငန်းနဲ့ အာမခံကုမ္ပဏီတွေက လူတွေရဲ့ ခန့်ခန့်ထည်ထည်အပြုံးတွေနဲ့ ဝင့်ကြွားနေသလောက် သေသူရဲ့ ယောက္ခမဖြစ်တဲ့ ဒေါ်သန်းသန်းဌေးကတော့ အငိုမျက်လုံး မချိမျက်နှာ ဖြစ်နေပုံကိုတို့ အစိုးရမင်းများ သတင်းစာမှာ အကျယ်တဝင့် ဖော်ပြထားလေရဲ့။ ဒါတင်ချည်းလားမဟုတ်ရဲ့။ အထူးခရီးသွား အာမခံလျော်ကြေးရှိတဲ့ကားကိုပဲ စီးနင်းရင်ဖြင့် ပိုပြီးလုံခြုံရဲ့ဆိုပြီး ရေးသားလို့ရေးရဲ့။ ကောင်းကြသေးရဲ့လားလို့ပဲ အော်...အော်ပြီးတော့ မေးလိုက်ချင်ပါရဲ့။ အောင်မလေး! ဒါတင်လား မဟုတ်ဘူးရဲ့။ ဘဏ္ဍာရေး ဒုဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက အခုလိုမျိုး အာမခံလျော်ကြေးပေးရတာ အစိုးရအနေနဲ့ အရှုံးပေါ်တယ်ဆိုပြီး မီဒီယာတွေကို ပြောလိုက်သေးရဲ့။ ဩော် ... အသက်တစ်ချောင်း အတွက်ပေးလိုက်ရတဲ့ သူတို့လျော်ရတာဟာ တကယ်တော့ သိန်း ၃၀ တည်းရယ်ပါ အရပ်ကတို့ရဲ့။ လူ့အသက်တစ်ချောင်းနဲ့ သိန်း ၃၀ ဘယ်ဟာ ပိုတန်ဖိုးရှိတယ်ဆိုတာ မသိလို့များ ပြောလိုက်လေသလားဆိုပြီး ဝေါက်ငမ်းမိလိုက်ချင်ရဲ့။

ဟော...မတ် ၁၅ ရက်မှာပဲ လူ ၁၄ ဦး သေဆုံးခြင်းဟာ လမ်းကြောင့် မဟုတ်၊ ရာသီဥတုနဲ့ ယာဉ်မောင်းရဲ့ အားနည်းချက်လို့ အစိုးရမင်းများက မီဒီယာတွေကို ပြောပြန်လေရဲ့။ အများပြည်သူများက ဒါဟာအမြန်လမ်းကြောင့်လို့ ပြောနေတာတွေ မဟုတ်ပါဘူးရဲ့လို့ ငြင်းချက်ထုတ်သူက ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုဝန်ကြီး ဦးစိုးတင့်ပါရဲ့။ အင်းပေါ့လေ...မှုခင်းတစ်ခု ဖြစ်ရင်ဖြင့် တရားခံဆိုတာရှိရမယ်ဆိုတော့ တရားခံကို လက်ညှိုးထိုးပြလိုက်ခြင်း ဖြစ်မယ်ထင်ပါရဲ့။ နောက်ပြီးတော့ လူ ၁၄ ဦး သေအောင်မောင်းတဲ့ ရာဇာမင်း ကားမောင်းဆရာက ယာဉ်မောင်းလိုင်စင်ပိတ်ခံထားရသူဖြစ်ပြီး မကြာခင် ရာသက်ပန်အထိ ယာဉ်မောင်းခွင့်ပိတ်ဖို့ လုပ်နေတယ် ဆိုပြီးတော့လည်း သတင်းထုတ်လိုက်သေးရဲ့။ အေးပေါ့လေ ...အပြစ်ရှိရင် ခံရမှာကတော့ ဖြစ်သင့်တဲ့ လုပ်ရပ်တစ်ခုမို့ အားပေးပါရဲ့။ နောက်ပြီးတော့ အမြန်လမ်းကြီးကို ရှစ်လမ်းသွားအထိ တိုးချဲ့သွားမယ်ဆိုပြီး သတင်းထုတ်လိုက်ပြန်သေးရဲ့။

အရေးရယ် အကြောင်းရယ် ဖြစ်လာပြီဆိုရင် ဘယ်ကိစ္စကိုမဆို ဆေးမြီးတိုနဲ့ ကုတတ်တဲ့ အစိုးရမင်းရယ်လို့ပဲ ပြောလိုက်ချင်တော့ပါရဲ့။ ဘာလို့လဲဆိုရင်ဖြင့် အစိုးရဘတ်ဂျက်လိုရင် ငွေတွေ ရိုက်ထုတ်တာ၊ ပြည်သူဆီက မရရတဲ့နည်းနဲ့ အခွန်ကောက်တာ၊ ဈေးနှုန်းတက်တာတွေက မကြာခဏ ဆိုသလို ဖြစ်နေတာ မဟုတ်ပါလား အရပ်ကတို့ရဲ့။ ဒါတင်လား မဟုတ်သေးရဲ့။ အစိုးရဌာနတွေ သွားရင် အလုပ်ကလေး အဆင်ပြေဖို့ ပေးလား ပေးရရဲ့၊ ကမ်းလားကမ်းရရဲ့။ ဟိုစကားတစ်ခုရှိသေးတယ် ပရိသတ်ရဲ့။ အထုပ်မပါ အလုပ်မလာ၊ အထုပ်သေး အလုပ်နေး၊ အထုပ်ကြီး အလုပ်ပြီးဆိုပြီး အစိုးရဌာနမင်းများရဲ့ကျင့်စဉ်တွေကို လှောင်ပြောင် သရော်ထားတာလည်း ရှိသေးရဲ့။

ဟော...နောက်ဆုံး ဘာဖြစ်လာတယ် ထင်သလဲ အရပ်ကတို့ရဲ့။ လူ့အသက် ၁၄ ချောင်းကို အမြန်လမ်းကြီးပေါ် ရင်းလိုက်တာ အာမခံလုပ်ငန်းကြီးတွေ အတွက် အကွက်စိုက်လာပြန်လေရဲ့။ အထူးခရီးသွား အာမခံလက်မှတ်ဝယ်ထားလို့ ဒီလူတွေ လျော်ကြေးရတာဆိုပြီး အစိုးရသတင်းစာတွေကပါ လော်ဘီလုပ်ကြတော့ မြန်မာ့အာမခံလုပ်ငန်းက အကွက်စိုက်တဲ့အပြင် ပုဂ္ဂလိကအာမခံလုပ်ငန်းတွေကပါ အပြိုင်အဆိုင်ဖြစ်လာပါလေရဲ့။ တချို့အာမခံလုပ်ငန်းဆိုရင် တစ်ယူနစ် မဟုတ်ဘူး၊ နှစ်ယူနစ်ထိ ဝယ်နိုင်တယ်ဆိုပြီး ကြော်ငြာလာတော့ လူ့အသက်ကိုရင်းပြီး လောင်းကစားလုပ်ငန်းကြီး တွင်ကျယ်မှာတော့ စိုးရိမ်မိပါရဲ့။ ဒါတင်လား မဟုတ်သေးဘူးနော် ပရိသတ်ရဲ့၊ ကြော်ငြာလိုက်ကြတာများ ဘယ်အပိုင်းလောက်ထိရင် ဘယ်လောက်ရမယ်၊ ဘယ်အစိတ်အပိုင်းကို ထိရင် ဘယ်လောက်ရမယ်ဆိုပြီး ရာခိုင်နှုန်းတွေအလိုက် ပြောကြ၊ ဆိုကြ၊ ကြော်ငြာကြဆိုတော့ တို့တွေ အသက်ဝိညာဉ်နဲ့ ကိုယ်ခန္ဓာအစိတ်အပိုင်းတွေက ဒီလောက်ပဲ တန်ဖိုးရှိသလားလို့တောင် တွေးမိပါရဲ့။

တစ်လက်စတည်း အငေါ်တူးလိုက်ချင်တာ အစိုးရမင်းရဲ့ အမြန်လမ်းကြီးပေါ် ကားစီးရတော့မှပဲ တို့တွေလည်း တန်ဖိုးဖြတ်ခံရချည်ရဲ့ဆိုပြီး အော့နလုံးနာမိပါရဲ့။ အာမခံလုပ်ငန်းက သူ့ဟာသူ သူ့အလုပ်သူလုပ်ပေမယ့်လည်း အခုလိုဖြစ်တော့မှ တန်ဖိုးဖြတ်ခံရလေရဲ့ဆိုပြီး တို့အစိုးရမင်းကိုချည်း တစ်ခုလောက်တော့ ပြောလိုက်ချင်ပါရဲ့။

တို့ပြည်သူများ အသက်ကို ဘယ်သူကမှ တန်ဖိုးဖြတ်တာမခံရချင်သလို ပြဿနာတစ်ခုဖြစ်တိုင်း ဆေးမြီးတိုနဲ့ချည်း ကုကုနေတာတွေကြောင့် တန်ဖိုးရှိတဲ့အသက်တွေကို စတေးနေရတဲ့ အမြန်လမ်းပေါ်က အဖြစ်အပျက်တွေကို ရပ်တန့်ဖို့ကောင်းပြီလို့ ပြောချင်ရဲ့။ ကားသမားမှားရင် ကားသမားကို တရားစွဲဖို့ ဥပဒေရှိပြီးသားမို့ သူ့ကို အပြစ်ဖို့ခြင်းထက် ကိုယ့်ဘက်က ဒါတွေ မဖြစ်အောင် အဘက်ဘက်က ပြင်ဆင်လိုက်ရင်ဖြင့် မပြန်လမ်းလို့ နာမည်ထွက်တဲ့ အမြန်လမ်းကြီးလည်း ပြည်သူ အကျိုးပြုလမ်းမကြီးအဖြစ် နာမည်ကောင်း ပြန်ရလာပါလိမ့်မယ်လို့ပဲ ပြောလိုက်ချင်ပါတော့တယ် အစိုးရမင်းရဲ့။

သံတော်ဆင့်ကာတွန်း



# တာမွေအိုးရှင်းစူပါစင်တာအသစ် ရေနစ်မြုပ်၍ မီးသတ်မှ ကူရ



ဓာတ်ပုံ– ရန်ကုန်ကိုကိုကြီး



Lဆိုင်းဗီ တာမွေအိုးရှင်း ပထမထပ်တွင် 'မိုး' သီချင်း သီဆိုပြီးနောက် အောက်ထပ်သို့ ရေများဝင်ရောက်လာစဉ်

ရန်ကုန်မြို့တွင် မေ (၁၈)ရက် ညနေ (၄)နာရီမှ ည(၈)နာရီအထိ အဆက်မပြတ် ရွာချလိုက်သောမိုးကြောင့် ရန်ကုန်ရှိ မြေနိမ့်ပိုင်းရပ်ကွက် နေအိမ်များအတွင်း ရေဝင်ရောက်မှုများကြုံတွေ့ခဲ့ကြရသည်။ ဗဟန်းမြို့နယ်၊ တာမွေလမ်းငါးခွဆုံရှိ Ocean Center (မဟာမေဒင်သချိုင်းနှင့်ကပ်လျက်)အောက်ဆုံးကားပါကင်အထပ်တွင် ရေများဝင်ရောက်မှုကြောင့် ရပ်ထားသောကားအချို့ နစ်မြုပ်ခဲ့ပြီး အောက်ဆုံးထပ်တွင်ထားရှိသော ပစ္စည်းများလည်းပျက်စီးခဲ့ရသည်။ ထိုအချိန်တွင်တိုက်ဆိုင်စွာ ပထမထပ်၌ညနေပိုင်းမှစ၍ အဆိုတော် Lဆိုင်းဇီက မိုးသီချင်း သီဆိုအပြီး ရေများဝင်လာခဲ့ခြင်းလည်းဖြစ်ကာ အောက်ထပ်ကားပါကင်ရေနစ်ရာသို့ တာမွေမီးသတ်မှ မီးသတ်ကားများဖြင့် ရေများ စုပ်ထုတ်ခဲ့ရသည်။

နှစ်စဉ်မိုးကြီးပြီဆိုလျှင် ငါးထပ်ကြီး၊ ခြောက်ထပ်ကြီးကုန်းမြင့်မှ စီးဆင်းလာသောရေများ အနိမ့်ပိုင်းရှိ အစ္စလာမ်သချိုင်း၊ (ယခင်တာမွေအဝိုင်းကြီး) ယခု လမ်းငါးခုဆုံနေရာ Ocean Center နေရာနှင့်အောင်ချမ်းသာအိမ်ရာတို့တွင် ရေများအောက်ထပ်နေအိမ်များအတွင်း ဝင်ရောက်မြဲဖြစ်သည်။ ယခု Ocean Center ကြီးတည်ဆောက်ပြီး တာမွေလမ်းငါးခွဆုံ မီးပွိုင့်တွင် ယာဉ်ကြောပိတ်ဆို့မှု မရှိအောင် အဆောက်အအုံ၏ အောက်ဆုံးထပ်အား ကားပါကင်ပြုလုပ်၍ တရုတ်အင်ဂျင်နီယာများဖြင့် စနစ်တကျဆောက်လုပ်ခဲ့ကြခြင်းက ယခုလိုမိုးကြီးပြီဆိုလျှင် ရေများစုစည်းရာသိုလှောင်ကန်ကြီးသဖွယ် ဖြစ်ခဲ့သည်။ ဈေးဝယ်ကားများ ပျက်စီးဆုံးရှုံးခဲ့ရသည်။ ဒီလို မြေပြင်မြေအနေအထားနှင့် နှစ်စဉ်မိုးရာသီရောက်တိုင်း ရေကြီးမှုကြောင့် Ocean Center ဆောက်လုပ်မည့် ပတ်ဝန်းကျင် အောင်ချမ်းသာအိမ်ရာ နေအိမ်အောက်ခန်းများသို့ ရေဝင်ရောက်မှုများကို တရုတ်အင်ဂျင်နီယာများ သတိမထားမိခဲ့သည်က စဉ်းစားစရာတစ်ခုဖြစ်ခဲ့သည်။ တာဝန်ရှိသူများက ပြန်လည်သုံးသပ်လေ့လာဆန်းစစ်မှု ပြုလုပ်ရန်လိုမည်။ ဒီလိုနေရာမှာ မိုးတွင်းရောက်ရင် ရေလျှံမှုဖြစ်ပေါ်နေတာကို မြေကြီးတွေတူးပြီး စဆောက်စဉ်တုန်းကတည်းက သတိထားသင့်တယ်။ တာမွေပလာဇာမှာလည်း မိုးတွင်းရေကြီးလို့ အောက်ဆုံးမြေအောက်ကားပါကင်က ကားတွေ ရေမြုပ်တာ၊ အခု Ocean Center သူတွေက တရုတ်ပညာရှင်တွေနဲ့ဆောက်တာဆိုတော့ သူတို့ နည်းပညာတွေနဲ့ဆို ဒီလိုမဖြစ်လောက်ဘူး ထင်ခဲ့တာ။ အတုယူပြင်စရာတော့ လိုနေပြီ။ တာဝန်ရှိသူတွေကလည်း မိုးရာသီရောက်တိုင်း ဒီလိုရေကြီးတဲ့နေရာတွေကို မပြောပြခဲ့မိဘူးထင်တယ်ဟု သုံးသပ်ပြောဆိုလျက် ရှိနေကြသည်။



မေ ၁၈ ရက်နေ့ည တာမွေအိုးရှင်းအောက်ထပ် စက်လှေကားပေါ်အထိ ရေလျှံလာသည်ကို ကြည့်ရှုနေစဉ်

စူရတီစွန်းနီ မဟာမေဒင်သချိုင်းကော်မတီအတွင်းရေးမှူး ဦးတင်ရွှေက "သချိုင်းကို လျှောသွားတဲ့ မူလာအဖွဲ့ရှိခဲ့တယ်။ သချိုင်းကြီးကို လက်ရှိအစိုးရက ပိတ်ထားတယ်။ မြှုပ်လို့လည်းမရ။ မဟာမေဒင်သချိုင်းဆိုပြီး ဂရန်ထွက်ထားတာပါ။ လှူထားတာပါ။ သူက လူနာမည်မရှိပါဘူး။ ဟိုတုန်းက ဂျမားခေတ်ကတည်းက Ocean Center နေရာ သချိုင်းမြေထဲမပါပါ။ ဟိုတုန်းက ခွဲပြီးတော့ မပါဘူး။ ဟိုတစ်လောက စည်ပင်တွေလာတိုင်းတယ်။ လှူထားတဲ့သူတွေလည်း ပါတယ်"

တာမွေ စူရတီစွန်းနီမေဒင်အစ္စလာမ်သချိုင်းအား လှူဒါန်းထားသူ၏ မြေးဖြစ်သူ ဦးရှာဟစ်က "သချိုင်းကို လှူထားတဲ့ပိုင်ရှင်ပါ။ Ocean Center က ကျွန်တော်တို့လှူထားတဲ့ သချိုင်းမြေမဟုတ်ပါဘူး။ ကျွန်တော်တို့မြေပုံအရ ကျွန်တော်တို့မြေနဲ့ ကွက်တိပါပဲ။ City Mart တို့ ဘာတို့နဲ့က မဆိုင်ဘူး။ ကျွန်တော်တို့မြေက (၁၇)ဧကပြည့်ပါတယ်"ဟု မြန်မာသံတော်ဆင့်သို့ ပြောသည်။

အိုးရှင်းရုံးချုပ်မှ ဦးအောင်မော်(ရုံးအဖွဲ့/မော်တော်ယာဉ်ဌာန)က ရေနစ်မြုပ်သွားသော ကားများနှင့်ပတ်သက်၍ "ပထမကျွန်တော်တို့ ရေတွေတက်လာတဲ့ အချိန်မှာ ယာဉ်ပိုင်ရှင်တွေကို လိုက်လံသတိပေးပါတယ်။ ကားအချို့ကတော့ ကျန်ခဲ့တာပေါ့။ ကျွန်တော်တို့ရဲ့ MD ကလည်း သူတို့ကားတွေ ပျက်စီးသွားမှုကို စိတ်ကျေနပ်အောင်လုပ်ပေးပါဆိုတော့ ကျွန်တော်တို့လုပ်ပေးခဲ့ပါတယ်။ ကားဘယ်နှစီးထိခိုက်သွားတယ်ဆိုတာကိုတော့ ကျွန်တော်ပြောလို့မရဘူး။ မန်နေဂျာတို့ကို တင်ပြပြီးမှ ပြောလို့ရမှာပါ"ဟု မြန်မာသံတော်ဆင့်သို့ပြောသည်။





ဓာတ်ပုံ– တာမွေအောင်ကို



တာမွေမီးသတ်တပ်ဖွဲ့ အမြန်ဆုံးရောက်လာ

အိုးရှင်းနှင့် နီးကပ်လျက် သချိုင်းဘက်မှ ရေများဝင်လာခြင်း ရှိ၊ မရှိကိုလည်း "ကျွန်တော်က အဲဒီလိုဖြစ်တာ ကျွန်တော်မသိတော့ ဘယ်လိုပြောရမှန်းတောင် မသိဘူး။ ရေဝင်ခြင်း မဝင်ခြင်းဆိုတာကတော့ ကျွန်တော်တို့နဲ့ မဆိုင်ဘူး။ ကျွန်တော်တို့ဘက်က မော်တော်ယာဉ်ဘက်အပိုင်း။ ဘယ်ကနေ ဘယ်လိုဝင်လာတယ်ဆိုတာတော့ ကျွန်တော်လည်း သေချာမသိဘူး။ ရေဝင်တာကိုတော့ သိတယ်"ဟု ၎င်းက ဆက်၍ပြောသည်။

မေလ ၂၁ ရက် နံနက်တွင် မိုးသည်းထန်စွာ ရွာသွန်းချိန်၌မှ အိုး ရှင်းအောက်ထပ်သို့ ရေများဝင် ရောက်ခြင်းမရှိတော့ဘဲ ကားပါကင်ဝင်ပေါက်၌ သဲအိတ်များထား၍ ကြိုတင်ကာကွယ် ကန့်သတ်ထားခြင်းများ ရှိခဲ့သည်။

တာမွေအိုးရှင်းစင်တာနှင့် ကပ်လျက်ရှိ စူရတီစွန်းနီ မဟာမေဒင်သချိုင်းသည် (၁၉၂၁)ခုနှစ်တွင် စတင်ဖွင့်လှစ်သင်္ဂြိုဟ်ခဲ့ပြီး ၁၀–၂–၁၉၉၈ ခုနှစ်တွင် ပိတ်သိမ်းခဲ့ရသည်။ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ တာမွေလမ်းနှင့် ရွှေဂုံတိုင်လမ်းထောင့်တွင် တည်ရှိပြီး ၎င်းအစ္စလာမ်သချိုင်းတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ကျဆုံးခဲ့သော အာဇာနည်ခေါင်းဆောင်များထဲတွင် ပါဝင်သည့် ဦးရာဇတ်၊ ရဲဘော်ကိုထွေး အပါအဝင် ဇာဖားရှားဘုရင်၏မြေးစသည့် အထင်ကရ ပုဂ္ဂိုလ်ကြီးများ၏ဂူဗိမာန်များ ယခုထက်တိုင် တည်ရှိနေဆဲဖြစ်သည်။

မြန်မာနိုင်ငံကုန်သည် စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်၏ ဒဂုံစင်တာ(မြေနီကုန်း)သည်လည်း အောက်ထပ်ကားပါကင်သို့ မိုးတွင်းရေများဝင်၍ ကားများ နစ်မြုပ်ခဲ့သောဖြစ်စဉ် ၂၀၀၆ခုနှစ် ဝန်းကျင်က ဖြစ်ပွားခဲ့သည်။

လွန်ခဲ့သည့် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ အတွဲ(၂)၊ အမှတ်(၂၄) မြန်မာသံတော်ဆင့် အပတ်စဉ်သတင်းတွင်"တာမွေငါးခွဆုံ၌ ယာဉ်ကြောပိတ်နိုင်သည့် အဆောက်အအုံကြီး"ခေါင်းစီးဖြင့် ၃ ထပ် Basement မြေအောက်ထပ် အပါအဝင် အဆောက်အအုံကြီးတစ်ခုအား ခေတ်မီအဆင့်မြင့်နည်းပညာများဖြင့် ဆောက်လုပ်နေခြင်း၊ ဆောက်လုပ်ခွင့်ကို မြို့တော်စည်ပင် ခွင့်ပြုချက်ဖြင့် လိုင်စင်ရ အင်ဂျင်နီယာ ဦးတင်ထွန်းနိုင်က တာဝန်ယူဆောက်လုပ်သည်ဟု ကြော်ငြာဆိုင်းဘုတ်တွင် ဖော်ပြထားသော်လည်း CNQC တရုတ်ကုမ္ပဏီ ဆောက်လုပ်ရေးအင်ဂျင်နီယာများဖြင့်ဆောက်လုပ်နေခြင်းဖြစ်ကြောင်း၊ ယခင်အစိုးရလက်ထက် ကျူးကျော်အိမ်များဖယ်ရှား၍ အောင်ချမ်းသာအိမ်ရာတွင် နေရာချထားခဲ့ခြင်းဖြစ်ကြောင်း၊ ယခုလိုအဆောက်အအုံကြီးများ ရန်ကုန်မြို့ ထင်သာမြင်သာနေရာများတွင် တည်ဆောက်သင့်သော်လည်း လမ်းဆုံလမ်းခွ မီးပွိုင့်ဆုံရာနေရာများတွင် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်လာစေသည့်အတွက် မြေအောက်ကားပါကင်များ ထားရှိပါကလည်း ကားအဝင်အထွက်များကြောင့် ယာဉ်ပိတ်ဆို့မှုများ ပိုမိုဖြစ်ပေါ်လာနိုင်ကြောင်းဖြင့် သတိပေးဖော်ပြခဲ့ဖူးသည်။

**တာမွေအောင်ကို**

# ဇနီးဟောင်းနှင့်တရားဝင်ကွာရှင်း ရုရှားသူကြွယ် ဒေါ်လာ ၄.၅ ဘီလီယံ ပေးလိုက်ရ



ဇနီးဟောင်းဖြစ်သူနှင့် တရားဝင်ကွာရှင်းပြတ်စဲရာတွင် ၆နှစ်ကြာ အမှုရင်ဆိုင်အပြီး ဂျီနီဗာတရားရုံးက ရုရှားလူမျိုးဘီလီယံနာ Rybolovlev အား ဇနီးဖြစ်သူသို့ တရားဝင်ပေးအပ်သည့် ဥစ္စာကြေးငွေ (Settlement)ဒေါ်လာ ၄ ၅ ဘီလီယံ ပေးရန် အမိန့်ချမှတ်လိုက်သည်။

ပြုခေါ်ခေါ်ကြသည်။ ရှေ့နေတစ်ဦးဖြစ်သူ ဇနီးသည်က ယင်းအမှုသည် ကမ္ဘာပေါ်တွင် တန်ဖိုးအကြီးဆုံး ကွာရှင်းမှုဟုဆိုသည်။ ဇနီးဖြစ်သူ



ဂျီနီဗာတရားရုံး၏ ဆုံးဖြတ်ချက်အရ ပြင်သစ်နိုင်ငံAS Monaco ဘောလုံးအသင်းပိုင်ရှင် Rybolovlev သည် သူ၏ကြွယ်ဝမှုအစုစုထဲမှ ဒေါ်လာ ၄ ၅ ဘီလီယံ ဆုံးရှုံးသွားပြီဖြစ်သည်။ ဇနီးဖြစ်သူ Elena က ၂၀၀၈ ခုနှစ်ကတည်းက Settlement ရလိုမှုဖြင့် တရားစွဲဆိုထားခြင်းဖြစ်သည်။

Rybolovlev သည်လယ်ယာစိုက်ပျိုးရေးအတွက် ဓာတ်မြေဩဇာတွင်အသုံးပြုသည့် သတ္တုတွင်းမှရရှိသည့် ပြာဓာတ်(Potash)ထုတ်လုပ်ပြီးချမ်းသာသည့်အတွက် သူ့ကို"ဓာတ်မြေဩဇာဘုရင်"ဟု ဂုဏ်

Elena က အသက် ၁၃ နှစ်အရွယ် သမီး Anna ကိုလည်း အုပ်ထိန်းခွင့်ရသွားသည်။ သူတို့ လင်မယားတွင် အသက် ၂၅ နှစ်အရွယ် အတားအဆီးကျော်ဖြတ်သည့် မြင်းစီးအားကစားသမားတစ်ဦးလည်း ရှိသေးသည်။ သူတို့ဇနီးမောင်နှံ အိမ်ထောင်သက်တမ်း ၂၃ နှစ်ရှိခဲ့သည်။

Forbes မဂ္ဂဇင်းက သတ်မှတ်သည့် ကမ္ဘာ့အချမ်းသာဆုံးပုဂ္ဂိုလ်များစာရင်းတွင် Rybolovlev သည် ပိုင်ဆိုင်မှုပမာဏ ၉ ၈ ဘီလီယံဖြင့် အမှတ်စဉ် (၉၉)တွင်ရှိသည်။

Ref:BBC

# ဗြိတိန်နိုင်ငံတွင် ကုဋေကြွယ်ဦးရေ (၁၀၀) ကျော်ထိ တိုးလာ



၂၀၁၄ခုနှစ်အတွက် ဖော်ပြလေ့ရှိသည့် Forbes လိုမျိုးအဖွဲ့အစည်းတစ်ခုဖြစ်သည့် Sunday Times Rich List စာရင်းအရ ဗြိတိန်နိုင်ငံတွင် နေထိုင်သည့် ကုဋေကြွယ်သူဌေးအရေအတွက်သည် ၁၀၀ ကျော်အထိ တိုးလာပြီဟုဆိုသည်။

လက်ရှိအခြေအနေတွင် ဗြိတိန်နိုင်ငံတွင် ကုဋေကြွယ်ဦးရေ ၁၀၄ဦးရှိပြီး ယင်းပုဂ္ဂိုလ်အသီးသီး၏ ကြွယ်ဝမှုအစုစုသည် ပေါင်စတာလင် ၃၀၁ကုဋေရှိသည်။ ဗြိတိန်နိုင်ငံသည် အခြားသော နိုင်ငံများထက် ကုဋေကြွယ်များတစ်ဦးချင်းပိုမိုနေထိုင်ကြသည်။

မကြာခင်သော ကာလအထိ ဗြိတိန်နိုင်ငံတွင် ကုဋေကြွယ်ဦးရေ (၇၂)ဦးရှိနေစဉ်တွင် ရုရှားနိုင်ငံမော်စကိုတွင် ဘီလီယံနာ (၄၈) ဦးရှိသည်။ ဗြိတိန်နိုင်ငံတွင် ကုဋေကြွယ်ဦးရေ (တိတိကျကျ ဆိုရလျှင်) ၁၀၄ ဦးရှိသည့်အနက် ထိပ်ဆုံး (၂၅)ဦးကို အိန္ဒိယနိုင်ငံဖွား ညီအစ်ကိုများဖြစ်ကြသည့် Sri နှင့် Gopie Hinduja မိသားစုက စုစုပေါင်းပိုင်ဆိုင်မှု ပေါင်စတာလင် ၁၁ ဒသမ ၉ ဘီလီယံဖြင့် ဦးဆောင်လျက်ရှိပြီး ရုရှားစီးပွားရေးလုပ်ငန်းရှင် Alisher Usmanov က စုစုပေါင်းပိုင်ဆိုင်မှု ပေါင်စတာလင် ၁၀ ဒသမ ၆၅ ဘီလီယံဖြင့် ဒုတိယလိုက်လျက်ရှိသည်။

အဆိုပါ ကုဋေကြွယ်များအနေဖြင့် အလွယ်တကူပြောင်းရွှေ့နေထိုင်ခွင့်ရရှိနေမည်။ အခြားနိုင်ငံတစ်နိုင်ငံရှိနေသည့်အတွက် အမြတ်ခွန်အနည်းငယ်သာ ပေးချင်ပေးမည်(သို့) အမြတ်ခွန်ရှောင်တိမ်းပြီး ပေးချင်မှလည်းပေးမည့် အနေအထားတွင်ရှိသည်။ ပင်လယ်ရပ်ခြားနိုင်ငံများမှ ရရှိသည့် ဝင်ငွေများဖြစ်ကြောင်း အကြောင်းပြပြီး အမြတ်ခွန်ကင်းလွတ်ခွင့် တောင်းဆိုပိုင်ခွင့်လည်းရှိနေသည် ဖြစ်ကြောင်း စီးပွားရေးသုတေသီများ ကသုံးသပ်ကြသည်။ ယင်းသူကြွယ်များကို no - doms (domiciled) တရားဝင်နေထိုင်သည့်နိုင်ငံ အတိအကျမရှိသူများအဖြစ် သတ်မှတ်ထားသည်။

၂၀၁၃ခုနှစ်တွင် ဗြိတိန်နိုင်ငံတွင် ကုဋေကြွယ်ဦးရေ (၈၈)ဦးသာရှိပြီး ကြွယ်ဝမှုပမာဏများလည်း ၂၀၁၃ ခုနှစ်အထိ ပေါင်စတာလင် ၂၄၅ ဘီလီယံသာ ရှိသည်။

ထိပ်တန်း (၂၅)ဦးဝင် ကုဋေကြွယ်များ

1. Sri နှင့် Gopi Hinduja ပေါင်စတာလင် ၁၁ ဒသမ ၉ ဘီလီယံ။

2. Alisher Usmanov ပေါင်စတာလင် ၁၀ ဒသမ ၆၅ ဘီလီယံ။

3. Lakshmi Mittal နှင့်မိသားစု ပေါင်စတာလင် ၁၀ ဒသမ ၂၅ ဘီလီယံ။

4. Len Blavatnik ပေါင်စတာလင် ၁၀ ဒသမ၂၅ ဘီလီယံ။

5.Ernesto နှင့် Kirsty Bertarelli ပေါင်စတာလင် ၉ဒသမ ၇၅ဘီလီယံ။

6. John Fredriksen နှင့် မိသားစု ပေါင်စတာလင် ၉ဒသမ၂၅ ဘီလီယံ။

7. David နှင့် Simon Reuben ပေါင်စတာလင် ၉ဒသမ၀၀ ဘီလီယံ။

8. Kirsten နှင့် Jorn Rausing ပေါင်စတာလင် ၈ ဒသမ ၈ ဘီလီယံ။

9. Roman Abramovich ပေါင်စတာလင် ၈ ဒသမ ၅၂ ဘီလီယံ။

10. ဝက်(ခ)မင်စတာမြို့စားကြီး ပေါင်စတာလင် ၈ ဒသမ ၅ ဘီလီယံ။

11. Galen, Hilary နှင့် George Weston မိသားစု ပေါင်စတာလင် ၇ ဒသမ ၃ ဘီလီယံ။

12. Charlene de Carvalho - Heineken နှင့် Michel de Carvalho ပေါင်စတာလင် ၆ ဒသမ ၃၆ ဘီလီယံ။

13. Monammed Bin Issa Al Jaber နှင့် မိသားစု ပေါင်စတာလင် ၆ ဒသမ ၁၆ ဘီလီယံ။

14. Carrie နှင့် francois Perrodo နှင့်မိသားစု ပေါင်စတာလင် ၆ ဒသမ ၁၄ ဘီလီယံ။

15.German Khanပေါင်စတာလင် ၆ ဒသမ ၀၈ ဘီလီယံ။

16. Sir David နှင့် Sir Frederick Barclay ပေါင်စတာလင် ၆ ဒသမ ၀၀ ဘီလီယံ။

17. Hans Rausing နှင့်မိသားစုပေါင်စတာလင် ၅ ဒသမ ၉ ဘီလီယံ။

18. Nicky Oppenheimer နှင့်မိသားစု ပေါင်စတာလင် ၄ ဒသမ ၅၇ ဘီလီယံ။

19. Earl Cadogan နှင့်မိသားစုပေါင်စတာလင် ၄ ဒသမ ၂ ဘီလီယံ။

20. Joseph Lau နှင့်မိသားစု ပေါင်စတာလင် ၄ ဒသမ ၀၃ ဘီလီယံ။

21. Sir Philip နှင့် Lady Green ပေါင်စတာလင် ၃ ဒသမ ၈၈ ဘီလီယံ။

22. Denis O' Brien ပေါင်စတာလင် ၃ ဒသမ ၈၅ ဘီလီယံ။

23. Mike Ashley ပေါင်စတာလင် ၃ ဒသမ ၇၅ ဘီလီယံ။

24. Sir Richard Branson နှင့်မိသားစု ပေါင်စတာလင် ၃ ဒသမ ၆ ဘီလီယံ။

25. Idan Ofer ပေါင်စတာလင် ၃ ဒသမ ၄၃ ဘီလီယံ။

(မေလ ၁၁ ရက်တွင် စုဆောင်းရရှိသည့် ကိန်းဂဏန်းများဖြစ်သည်။)

Ref: BBC

# ရေချိုးလျှင် ဖျားလိမ့်မည်ဟုထင်ပြီး ၁၉၅၄ ခုနှစ်ကတည်းက ရေမချိုးဘဲ နေလာသူ



သူ၏နာမည်ကAmou Hadgi ဖြစ်သည်။ အသက် ၈၀ အရွယ် အီရန်လူမျိုးမှာ ၁၉၅၄ ခုနှစ်ကတည်းက နှစ်ပေါင်း ၆၀ ကျော် ရေမချိုးဘဲ နေထိုင်လာခဲ့သူဖြစ်သည်။ မကြာခင်ကတော့ သူ့အကြောင်းလာရောက်မေးမြန်းသူ သတင်းမီဒီယာတစ်ခုနှင့် သူနှစ်ပေါင်း ၆၀ တိုင် ရေမချိုးဘဲ နေလာခဲ့သည့်အတွက် ခန္ဓာကိုယ်ဇီဝဖြစ်စဉ်များ မည်သို့ ထိခိုက်ပြောင်းလဲနိုင်ကြောင်း သိလိုစိတ်နှင့် မေးမြန်းခဲ့သည်ဟု ဆိုသည်။

နှစ်ပေါင်းခြောက်ဆယ်ကျော် ရေမချိုးသည့်အတွက် ခန္ဓာကိုယ်၏အနံ့အသက်များ အလွန်ဆိုးသည်နှင့်အမျှ သူ၏အရေပြားမှာလည်း အကြေးခံဖုံးသကဲ့သို့ ချေးတက်နေသည်။ Hadgi သည်အိုးမဲ့အိမ်မဲ့အခြေအနေမဲ့တစ်ဦးဖြစ်ပြီး အစားအသောက်နှင့်သန့်ရှင်းသည့် ရေသောက်ရန် လက်မခံသူဖြစ်သည်။ သူအနှစ်သက်ဆုံး အစားအစာမှာ porcupine ဟုခေါ်သည့် ဖြူကောင်အသေသားဖြစ်ပြီး ဆေးတံကိုအမြဲသောက်လေ့ရှိရာ ဆေးတံဆေးအစား တိရစ္ဆာန်များ၏ မစင်များကို အခြောက်ခံပြီး ဆေးတံဆေးအဖြစ် သုံးစွဲလျက်ရှိသည်။ သူ၏ပြောဆိုချက်အရ ကမ္ဘာမြေကြီးနှင့်တစ်သားတည်းကျအောင် ကမ္ဘာမြေကြီးနှင့် ယခုလို နီးနီးစပ်စပ်နေသည့်ဘဝကို သူ့စိတ်ကြိုက်ရွေးချယ်ခဲ့သည်ဟုဆိုသည်။

နောက်ဆုံးမှတ်တမ်းအရ အချိန်အကြာဆုံး ရေ၊ မိုးချိုးကိုယ်လက်သန့်စင်ခြင်းမပြုဘဲ နေနိုင်သူမှာ အသက် ၆၆ နှစ်အရွယ်ရှိ အိန္ဒိယလူမျိုး Kailash Singh ဖြစ်ပြီး ရေမချိုးဘဲ နေခဲ့သည်မှာ ၃၈ နှစ်ရှိပြီဟုဆိုသည်။

သွားရောက်မေးမြန်းသူများ၏ စုံစမ်းသိရှိချက် Amoud Hadgi ယခုကဲ့သို့ နေထိုင်ခြင်း၏ နောက်ကြောင်းသမိုင်းကတော့ သူငယ်စဉ်ဘဝတစ်လျှောက် စိတ်ပိုင်းဆိုင်ရာ ပြင်းထန်သည့်ခံစားချက်ကြောင့် ဖြစ်ပြီး ယခုကဲ့သို့ တစ်ကိုယ်တည်း အထီးကျန်ဘဝကို ရွေးချယ်နေထိုင်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ သူ့ကိုရေချိုးပေးရန် လူငယ်တစ်စုကဖမ်းချုပ်သည့်အခါတိုင်း လွတ်အောင်ရုန်းပြေးတတ်ပြီး အကြောင်းကတော့ သန့်ရှင်းမှုများက နာဖျားမကျန်း ဖြစ်လိမ့်မည်ဟု သူတထစ်ချ ယုံကြည်နေသည်။

Ref:BBC

# ထိုင်းပဋိပက္ခများထိန်းမရလျှင် အင်အားသုံးမည်ဟု ထိုင်းစစ်တပ် အကြီးအကဲသတိပေး



လက်ရှိထိုင်းနိုင်ငံ၏အခြေအနေသည် လိပ်ခဲတည်းလည်းအခြေအနေမှာရှိနေသည်။ ပုံမတော်လျှင် စစ်တပ်က အာဏာသိမ်းနိုင်သည်၊ ပြည်တွင်းစစ်ဖြစ်ပွားနိုင်သည်ဟု နိုင်ငံရေးပုရောဟိတ်များက ခန့်မှန်းထားသည်။ ထိုင်းနိုင်ငံသည် နိုင်ငံရေးအရ သောင်မတင် ရေမကျ အခြေအနေမျိုးတွင် ရွေးကောက်ခံမဟုတ်သော ဝန်ကြီးချုပ်တစ်ဦးကိုခန့်အပ်ရန် ရှပ်ဝါတို့၏ တောင်းဆိုချက်များအား ထိုင်းအထက်လွှတ်တော်ကပယ်ချခဲ့သည်။ ထိုင်းအောက်လွှတ်တော်သည် ယမန်နှစ်ဒီဇင်ဘာလအတွင်း ဝန်ကြီးချုပ်ပြုတ် ယင်လပ်ခ်က ဖျက်သိမ်းခဲ့သဖြင့် သေသွားပြီဖြစ်ရာ ဆီးနိတ်သည်သာလျှင် တစ်ခုတည်းသော ဥပဒေပြုအဖွဲ့အစည်းအဖြစ် ကျန်ရစ်တော့သည်။ အားနည်းနေသောအစိုးရအား ဖြုတ်ချရန် ကာလရှည်ကြာကြိုးပမ်းခဲ့သည့် ရှပ်ဝါတို့အတွက် ယင်းအခြေအနေသည် ကောင်းဖို့မဖြစ်သေးပေ။

လက်ရှိကြားဖြတ်အစိုးရအဖွဲ့အား ရာထူးမှ ဖယ်ရှားရန်နှင့် ဝန်ကြီးချုပ်သစ်ခန့်အပ်ရန် ရှပ်ဝါများက ထိုင်းဆီးနိတ်ကို တိုက်တွန်းထားသည်။ ယင်းတိုက်တွန်းမှုသည် ဥပဒေကြောင်းအရ အကျုံးမဝင်ဟု ဝေဖန်သူများက ပြောကြားသည်။ ပဋိပက္ခများကိုစုပေါင်းအဖြေရှာကြရန် တိုက်တွန်းကြသည်။

ဆန္ဒပြခေါင်းဆောင်ဆူသက်သောင်ဆူဘန်သည် အိမ်စောင့်အစိုးရအား ချက်ချင်းဖယ်ရှားပစ်ရေးကိုသာ အားသန်လျက်ရှိသည်။ လက်ရှိကြားဖြတ်အစိုးရဝန်ကြီးချုပ်သည် ယင်လပ်ခ်အား အစားထိုးခန့်အပ်ထားသည့် ယင်လပ်ခ်အစိုးရလက်ထက်က စီးပွားကူးသန်းဝန်ကြီးဖြစ်သည်။ သူဟာ တရားဝင်ရပ်တည်နိုင်ခွင့်မရှိကြောင်း၊ သူနှင့်အတူ ကျန်ဝန်ကြီးများပါ နုတ်ထွက်ပြီး ပေါ်ထွက်လာမည့်အစိုးရသစ်သည် တိုင်းပြည်၏ မြုပြင်ပြောင်းလဲမှုများကို ပြုလုပ်နိုင်မည်ဖြစ်ကြောင်း ဆူသက်သောင်ဆူဘန်က ပြောသည်။

ထိုင်းနိုင်ငံ၏ လက်ရှိအခြေအနေမှာ ထိုင်းစစ်တပ်သည် ယခုအချိန်တွင် ပဋိပက္ခများနှင့် ခပ်ဝေးဝေးတွင်နေနေသည်။ ထိုင်းစစ်တပ်ကအာဏာသိမ်းမည်မဟုတ်ကြောင်း အမေရိကန်က ကတိပေးသည်။ အကယ်၍ အစိုးရကို ထောက်ခံသူများနှင့်ဆန့်ကျင်သူများ ပဋိပက္ခမီးကြီးလာခဲ့လျှင် အင်အားအပြည့်အဝသုံးခြင်းမှအပ မိမိတို့မှာ အခြားနည်းလမ်းရွေးချယ်စရာမရှိကြောင်း ထိုင်းစစ်တပ်အကြီးအကဲက ပြောကြားသည်။ ထိုင်းနိုင်ငံကို စစ်တပ်က အာဏာသိမ်းဖြစ်စဉ်အား ပြန်ကြည့်လျှင်

*ဘုရင် Pragadhiprok အားဖြုတ်ချပြီး အာဏာသိမ်းသည်။

*ဂျပန်လိုလားသည့် စစ်ခေါင်းဆောင်Phibun songkhram ကအာဏာသိမ်းသည်။ ၁၉၇၃ခုနှစ်အထိ စစ်တပ်က အာဏာကိုချုပ်ကိုင်ထားသည်။

*၁၉၇၆ခုနှစ်တွင် စစ်တပ်က အာဏာသိမ်းသည်။

*၁၉၉၁ခုနှစ်တွင် စစ်တပ်က အာဏာသိမ်းသည်။

* ၂၀၀၆စစ်တပ်က အာဏာသိမ်းပြီးထိုစဉ်ကဝန်ကြီးချုပ်သက်ဆင်ကို ဖြုတ်ချသည်။

*၁၉၃၂ခုနှစ်မှ၁၉၉၁ခုနှစ်ထိ စစ်တပ်အာဏာသိမ်းသည့် အကြိမ်ပေါင်း ၁၇ ကြိမ်ရှိကြောင်း မှတ်တမ်းများအရ သိရသည်။

**Ref:BBC Wikipedia**

# နိုင်ငံတကာအဓမ္မအလုပ်သမားများ၏ တစ်နှစ်ဝင်ငွေ (၁၅၀)ဘီလီယံ ရှိကြောင်း ILO အစီရင်ခံ

အဓမ္မအလုပ်သမားများအလုပ်လုပ်ပေးသည့် အမြတ်ငွေများသည် ယခင်ခန့်မှန်းခြေများထက် များစွာမြင့်မားလျက်ရှိပြီး ယင်းကိစ္စနှင့်ပတ်သက်ပြီး သက်ဆိုင်ရာ နိုင်ငံအသီးသီး၏အစိုးရများက ကိုင်တွယ်ဖြေရှင်းစေလိုကြောင်း ILO (နိုင်ငံတကာအလုပ်သမားအဖွဲ့အစည်း) ကပြောသည်။ ကမ္ဘာနှင့်တစ်ဝန်းတွင် အဓမ္မခိုင်းစေခံရသည့်အလုပ်သမား ၂၁ သန်းရှိသည်။ ယင်းတို့အနက် ရွှေ့ပြောင်းအလုပ်သမားများသည် ပိုမိုနစ်နာကြသည်။ အဓမ္မစေခိုင်းခံရသည့် အလုပ်သမားများအနက်ထက်ဝက်ကျော်သည် အာရှတွင်အလုပ်လုပ်ကြသည်။ အာဖရိကတိုက်တွင် ၁၈ရာခိုင်နှုန်းနှင့် လက်တင်အမေရိကနိုင်ငံတွင် ၁၀ ရာခိုင်နှုန်းနီးပါးရှိကြသည်။

ယခုတွေ့ရှိသည့် အချက်အလက်ကိန်းဂဏန်းများအပေါ် ILO ကိုယ်တိုင် အံ့ဩထိတ်လန့်သွားကြောင်း ဂျီနီဗာဒေသခံBBCသတင်းထောက်က ကောက်ချက်ချသည်။ လူကုန်ကူးခြင်း၊ အတင်းအဓမ္မခိုင်းစေခြင်းနှင့် ကာလပေါ် ကျွန်ပြုခြင်းလုပ်ရပ်များ အဆင့်အသစ်တစ်ခုဆီရောက်နေပြီဆိုသည်။ ကျွန်တော်တို့၏ခံယူချက်များကို ILO အစီရင်ခံစာက သဘောပေါက်နားလည်သွားခြင်းဖြစ်သည်ဟု ILO ညွှန်/ချုပ်ကဆိုသည်။

တရားမဝင်ငွေကြေးများသည် သက်ဆိုင်ရာအလုပ်သမားများ၊ မခံစားရသကဲ့သို့ အခွန်ရငွေများ ခေါင်းစဉ်အောက်သို့လည်း ရောက်ရှိမသွားပေ။ ဖော်ပြပါ တရားမဝင်ငွေကြေးပမာဏထဲမှ သုံးပုံနှစ်ပုံသည် အဓမ္မလိင်လုပ်ငန်းမှဖြစ်ပြီး ကျန်ငွေပမာဏသည် အိမ်တွင်းအလုပ်,လယ်,ယာ စိုက်ပျိုးရေးကဏ္ဍနှင့် ဆောက်လုပ်ရေးလုပ်ငန်းအသီးသီးမှဖြစ်သည်။ အများစုသော အဓမ္မလုပ်သားများကို Organised Crime ဟုခေါ်သည့် အစိုးရနှင့် တစ်စုံတစ်ရာပတ်သက်နေပြီး လူအများပါဝင်ဖွဲ့စည်းထားသည့် တရားမဝင်ဂိုဏ်း,အုပ်စုမှ ထိန်းချုပ်ထားသည်။ ထို့အတွက် ယင်းကိစ္စ ကိုင်တွယ်ဖြေရှင်းရန် အခက်အခဲများ ရှိနေဆဲဖြစ်သည်ဟုဆိုသည်။

ယင်းတွေ့ရှိသည့်အချက်အလက်များကို တုံ့ပြန်သည့် အနေဖြင့် ILO က အဓမ္မအလုပ်သမား၊ ဆင်းရဲမွဲတေမှု,လှေ့ကျင့်ပေးခြင်းမရှိမှုနှင့်အလုပ်အကိုင်အခွင့်အလမ်းရှားပါးမှုနှင့်ပတ်သက်ပြီး အခြေခံအကြောင်းရင်းများကို သက်ဆိုင်ရာအစိုးရများထံ မေးမြန်းတောင်းဆိုထားသည်။

ကာယကံရှင်အလုပ်သမားများမခံစားရသကဲ့သို့ အစိုးရ အခွန်အခခေါင်းစဉ်အောက် မရောက်ရှိသည့် တရားမဝင်,ဝင်ငွေများမှာ

*အမေရိကန်ဒေါ်လာ ၉၉ ဘီလီယံ

(အဓမ္မလိင်လုပ်ငန်း)

*$(၃၄)ဘီလီယံ

(ဆောက်လုပ်ရေး,ကုန်စည်ထုတ်လုပ်ရေး,သတ္တုတွင်းလုပ်ငန်းနှင့် လျှပ်စစ်မီး,ရေ,လျှပ်စစ်ဓာတ်အား စသည့် အသုံးဝန်ဆောင်မှုလုပ်ငန်း)

*$ (၉)ဘီလီယံ

(လယ်ယာစိုက်ပျိုးရေး,သစ်တောနှင့်ငါးဖမ်းလုပ်ငန်း)

* $ (၈)ဘီလီယံ

(လုပ်ခမပေးသော (သို့မဟုတ်) ပုံမှန်ထက်လျှော့ပေးသော ပုဂ္ဂလိကအိမ်တွင်းလုပ်ငန်းများမှ လုပ်သားများယင်းတို့သည် အဓမ္မစေခိုင်းခံရသူများဖြစ်သည်)



**Ref:Reuters**



# ကူးတို့ရေယာဉ်နစ်မြုပ်ရာတွင် ကမ်းခြေစောင့်တပ်၏ ကယ်ဆယ်ရေးလုပ်ငန်းများ ညံ့ဖျင်းသည့်အတွက် ယင်းတပ်ဖွဲ့အား ဖျက်သိမ်း

ယခုနှစ် ဧပြီ ၁၆ရက်က လူ ၂၀၆ ယောက်သေဆုံးပြီး ၁၈ ယောက်ပျောက်ဆုံးခဲ့သည့် တောင်ကိုရီးယားကူးတို့ရေယာဉ် Sewol နစ်မြုပ်မှုတွင် ယနေ့အချိန်ထိ ရရှိသောစာရင်းများအရ ခရီးသည် (၃၀၀)ကျော် သေဆုံးသွားပြီဖြစ်သည့်အတွက် တောင်ကိုရီးယားကမ်းခြေစောင့်တပ်ဖွဲ့အား ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း တောင်ကိုရီးယားသမ္မတ ပတ်ဂွန်ဟေးက ကြေညာလိုက်သည်။ အစားဝင်ကမ်းခြေစောင့်တပ်သည် တစ်စထက်တစ်စ အရွယ်အစားကြီးလာသည်နှင့်အမျှ လိုက်ဖက်သည့် အရည်အသွေးများ ပေါ်ထွက်မလာ။ ဘဏ္ဍာငွေခွဲဝေပေးမှုအားနည်းပြီး ကျွမ်းကျင်သူရှားပါးသည့် ကမ်းခြေစောင့်တပ်ကို ဖျက်သိမ်းလိုက်ခြင်းသည် သူ၏ပြန်လည်ပြုပြင်ပြောင်းလဲရေးစီမံချက်များထဲမှ တစ်ခုအပါအဝင်ဖြစ်သည်။

ကြားဖြတ်စုံစမ်းစစ်ဆေးရေးအဖွဲ့၏တွေ့ရှိချက်အရ ကူးတို့ယာဉ်



ရောက်လာမည့်လုံခြုံရေးအေဂျင်စီနှင့်အတူ ရဲဌာနက ယင်းအမှုကို ဆက်လက်ကိုင်တွယ်မည်ဟု ဆိုသည်။ အဓိကတာဝန်ရှိသူများက ရေယာဉ်နစ်မြုပ်မှုနှင့်ပတ်သက်ပြီး မိမိအား လိမ်ညာပြောဆိုခဲ့ကြောင်း အမှန်တရားကိုဖုံးကွယ်ခဲ့ကြကြောင်း သမ္မတပတ်က ကောက်ချက်ချသည်။ ကမ်းခြေစောင့်တပ်ဖွဲ့သည်လည်း အဓိကတာဝန်များ အပြည့်အဝဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်။ ယခုပုံစံအတိုင်းသာ ဆက်လက်လုပ်ဆောင်နေမည်ဆိုပါက ကမ်းခြေစောင့်တပ်ဖွဲ့သည် နောက်နောင်ဖြစ်ပေါ်လာနိုင်မည့် အန္တရာယ်ဆိုးကြီးကိုလည်း ကာကွယ်နိုင်မည်မဟုတ်ဟု သမ္မတကပြောဆိုသည်။

ယခုဖြစ်ပျက်ခဲ့သည့် ကူးတို့ရေယာဉ်နစ်မြုပ်မှုတွင် ကမ်းခြေစောင့်တပ်ဖွဲ့အနေနှင့် ဒီထက်မကသော ခရီးသည်အရေအတွက်ကို အသက်ရှင်လျက် ကာကွယ်နိုင်ရမည်ဖြစ်သည်။ ကယ်ဆယ်ရေးအတွက် လေ့ကျင့်မှုများသည်လည်း အရည်အသွေးမပြည့်ဝကြချေ။ သည် မတန်တဆ ဝန်တင်သည်။ ခွင့်ပြုချက်ရှိသည့် ကုန်စည်ထက် ၃ ဆတင်သည်။ ရုတ်တရက် ချိုးကွေ့ခြင်းသည် အရှိန်နှင့်အတူလျင်မြန်စွာတိမ်းမှောက်စေသည် စသည့်အချက်များကိုစုံစမ်းတွေ့ရှိရသည်။ ကူးတို့ယာဉ်ကို ကူးတို့ယာဉ်မထွက်ခွာမီ အန္တရာယ်ကင်းရှင်းကြောင်း အတည်ပြုခွင့်ပြုခဲ့သည့် အစိုးရတာဝန်ရှိသူများကိုလည်း ဖမ်းဆီးထားသည်။ ဆောက်ထားသည်မှာ အနှစ် ၂၀ ကျော် ကြာပြီဖြစ်သည့် ကူးတို့ယာဉ်ကို ပြန်လည်ပြင်ဆင်မွမ်းမံသည့် လုပ်နိုင်စွမ်းနှင့် ဆုံသောစွမ်းအင်များကို အလွန်အကျွံဖြည့်ဆည်းသည်၊ ပြင်ဆင်သည် စသည်တို့မှာ ကူးတို့ယာဉ်တိမ်းမှောက်ရသည့် အကြောင်းရင်းများတွင်အချက်တစ်ချက်အနေဖြင့် ပါဝင်သည်။

ယင်းကိစ္စနှင့်ပတ်သက်ပြီး မိမိဆောင်ရွက်မည့် အစီအစဉ်များကို လွှတ်တော်သို့ တင်ပြပြီး အတည်ပြုချက်ရယူမည်ဟု ဆိုသည်။

**Source; BBC**

## တစ်ပတ်အတွင်း ကစားမည့်ပွဲစဉ်များ

ကိုထွဋ် (စိန့်ထွန်း)

**၂၄-၅-၂၀၁၄ (စနေနေ့)**
**ချန်ပီယံရှစ် Play-Offs (ဗိုလ်လုပွဲ)**
ည ၈း၃၀ နာရီ ဒါဘီ– ကျူပီအာ

**နိုင်ငံတကာခြေစမ်းပွဲ**
ည ၁၀း၃၀ နာရီ မော်ရိုကို– မိုဇမ်ဘစ်
ည ၁၁း၃၀ နာရီ ဆော်ဒီအာရေးဗျ– မော်လ်ဒိုဗာ

**၂၅-၅-၂၀၁၄ (တနင်္ဂနွေနေ့)**
**ချန်ပီယံလိဂ် (ဗိုလ်လုပွဲ)**
နံနက် ၁း၁၅ နာရီ ရီးရဲလ်– အက်သလက်တီကို

**နိုင်ငံတကာခြေစမ်းပွဲ**
ည ၁၀း၃၀ နာရီ အိုင်ယာလန်– တူရကီ
ည ၁၀း၃၀ နာရီ မာလီ– ဂီနီ

**၂၆-၅-၂၀၁၄ (တနင်္လာနေ့)**
ညနေ ၄း၀၀ နာရီ ဩစတြေးလျ– တောင်အာဖရိက
ည ၈း၃၀ နာရီ ရုရှား– ဆလိုဗက်ကီးယား
ည ၁၁း၀၀ နာရီ မွန်တီနီဂရိုး– အီရန်
ည ၁၁း၃၀ နာရီ မက်ဆီဒိုးနီးယား– ကင်မရွန်း

**၂၇-၅-၂၀၁၄ (အင်္ဂါနေ့)**
**နိုင်ငံတကာခြေစမ်းပွဲ**
နံနက် ၁း၁၅ နာရီ ဘယ်လ်ဂျီယံ– လူဇင်ဘတ်
နံနက် ၂း၃၀ နာရီ ဆားဘီးယား– ဂျမေကာ
ညနေ ၅း၀၀ နာရီ ဂျပန်– ဆိုက်ပရပ်စ်
ည ၈း၃၀ နာရီ ဥဇဘက်– အိုမန်
ည ၁၀း၀၀ နာရီ မော်လ်ဒိုဗာ– ကနေဒါ
ည ၁၁း၃၀ နာရီ အက်စတိုးနီးယား– ဂျီဘရော်လ်တာ
ည ၁၁း၃၀ နာရီ ယူအေအီး– အာမေးနီးယား

**၂၈-၅-၂၀၁၄ (ဗုဒ္ဓဟူးနေ့)**
**နိုင်ငံတကာခြေစမ်းပွဲ**
နံနက် ၁း၃၀ နာရီ ပြင်သစ်– နော်ဝေ
နံနက် ၈း၃၀ နာရီ အမေရိကန်– အဇာဘိုင်ဂျန်
ညနေ ၄း၃၀ နာရီ တောင်ကိုရီးယား– တူနီးရှား

**၂၉-၅-၂၀၁၄ (ကြာသပတေးနေ့)**
**နိုင်ငံတကာခြေစမ်းပွဲ**
နံနက် ၀၀း၃၀ နာရီ အင်ဂိုလာ– မော်ရိုကို
နံနက် ၀၀း၄၅ နာရီ ဒိန်းမတ်– ဆွီဒင်
နံနက် ၁း၃၀ နာရီ နိုင်ဂျီးရီးယား– စကော့တလန်
နံနက် ၈း၃၀ နာရီ မက္ကဆီကို– အစ္စရေး
ည ၁၁း၃၀ နာရီ ကင်မရွန်း– ပါရာဂွေး



## ဖလားမဲ့ရာသီကို အဆုံးသတ်နိုင်ခဲ့တဲ့ အာဆင်နယ်

အာဆင်နယ်အသင်းသည် အချိန်ပိုတွင် သွင်းယူပေးခဲ့သော အေရွန်ရမ်ဆေး၏ နောက်ကျသွင်းဂိုးဖြင့် ၉ နှစ်ကြာ အိပ်မက်မက်ခဲ့ရသော ဖလားလက်မဲ့ရာသီကို အဆုံးသတ်နိုင်ခဲ့ပြီဖြစ်သည်။

ဖြိုင်ဘက်ဟားလ်စီးတီးအသင်းက ၂ ဂိုးပြတ်ဖြင့် ဦးဆောင်နေသည့်အချိန်တွင်ပင် အိပ်မက်ဆန်ဆန် ဝင်ဘာလေကွင်းကြီးထဲ၌ အနိုင်ရလဒ်တစ်ခုကို နည်းပြ အာဆင်ဝင်းဂါးက လုပ်ဆောင်နိုင်ခဲ့သည်။

အာဆင်နယ်သည် ၂၀၀၅ ခုနှစ်တွင် ကာဒစ်ဖ်အသင်း၏အိမ်ကွင်း၌ မန်ယူအား ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ယူပြီး FA ဖလားကို ကိုင်မြှောက်နိုင်ခဲ့ခြင်းမှာ သူတို့၏နောက်ဆုံးရရှိခဲ့သောဖလား ပင်ဖြစ်သည်။

အာဆင်နယ်သည် ယခုရာသီတွင် အဆင့် ၄ နေရာချိတ်ခဲ့သည့်အတွက်ကြောင့် လာမည့်ရာသီတွင်လည်း ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာ သေချာသွားခဲ့ပြီဖြစ်သည်။

အာဆင်နယ်အသင်းအနေဖြင့် ပွဲအစ ၁၀ မိနစ်အတွင်းမှာပင် ဟားလ်စီးတီးအသင်းအား ဦးဆောင်ဂိုး ၂ ဂိုး ပေးလိုက်ရသော်လည်း ၁၇ မိနစ်တွင် အလွတ်တည့်ကန်ဘောမှတစ်ဆင့် ကာဇိုလာက ပထမချေပဂိုးကို သွင်းယူပေးခဲ့သည်။ ၇၁မိနစ်အရောက် နောက်ခံလူ ကိုစီယန်နီက အာဆင်နယ်အတွက် ဒုတိယချေပဂိုးကို သွင်းယူပေးနိုင်ခဲ့သောကြောင့် ပြိုင်ပွဲမှာ အချိန်ပိုအထိ ခရီးဆက်ခဲ့ရသည်။

အချိန်ပို ၁၀၉မိနစ်တွင် ကွင်းလယ်လူရမ်ဆေးက အာဆင်နယ်အတွက် အနိုင်ဂိုးကို သွင်းယူပေးနိုင်ခဲ့သဖြင့် အာစင်ဝင်းဂါး၏ ၃,၂၈၃ ရက်ကြာ ဖလားလက်မဲ့ဖြစ်မှုမှာ အဆုံးသတ်သွားခဲ့ပြီ ဖြစ်သည်။

အခြားဆက်စပ်သတင်းတစ်ပုဒ်အရ အာစင်ဝင်းဂါးအား အာဆင်နယ်အသင်းမှ ၃ နှစ်ကြာသက်တမ်းတိုးစာချုပ်ကိုလည်း ချုပ်ဆိုခဲ့ပြီးဖြစ်သည်။

## ပေါ်တူဂီမြေမှာ မက်ဒရစ်ဒါဘီ အပြိုင်နွဲကြမယ့် ချန်ပီယံလိဂ်ဗိုလ်လုပွဲ



လာမည့်တနင်္ဂနွေနေ့ မြန်မာစံတော်ချိန် နံနက် ၁း၁၅ နာရီတွင် ချန်ပီယံလိဂ်ဗိုလ်လုပွဲကို ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့ရှိ ဘင်ဖီကာအသင်း ပိုင်ဆိုင်သော အားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်ပါသည်။

ကစားကြရမည့်အသင်းနှစ်သင်းမှာ စပိန်လာလီဂါ၏ အသင်းနှစ်သင်းလည်းဖြစ်ပြီး မက်ဒရစ်မြို့၏ မြို့ခံပြိုင်ဘက် အသင်းနှစ်သင်းလည်းဖြစ်သော ရီးရဲလ်မက်ဒရစ်နှင့် အက်သလက်တီကိုမက်ဒရစ်တို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

ပွဲကြီးကြပ်မည့် ကွင်းလယ်ဒိုင်နှင့် လက်ထောက်ဒိုင်များမှာ နယ်သာလန်လူမျိုးများဖြစ်ပြီး စတုတ္ထဒိုင်မှာမူ တူရကီလူမျိုး ဒိုင်လူကြီးတစ်ဦးဖြစ်သည်ကို တွေ့ရှိရသည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် နောက်ဆုံးကစားခဲ့သည့် ပြိုင်ပွဲစုံ ၆ ပွဲတွင် ၃ ပွဲနိုင်၊ ၂ ပွဲ သရေ၊ ၁ ပွဲရှုံးနိမ့်ထားသည်ကို တွေ့ရှိရပြီး အက်သလက်တီကိုမက်ဒရစ်အသင်းမှာမူ နောက်ဆုံးကစားခဲ့သည့် ၇ ပွဲတွင် ၃ ပွဲနိုင်၊ ၃ ပွဲ သရေ၊ ၁ ပွဲရှုံးရလဒ် ထွက်ပေါ်ထားသည်ကို မြင်တွေ့ခဲ့ရပါသည်။

အက်သလက်တီကိုမက်ဒရစ်သည် ရမှတ် ၉၀ ဖြင့် စပိန်လာလီဂါချန်ပီယံဆုဖလားကို ကိုင်မြှောက်နိုင်ခဲ့ပြီး ရီးရဲလ်မက်ဒရစ်မှာမူ ရမှတ် ၈၇ မှတ်ဖြင့် တတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရသဖြင့် ယင်းတို့၏ ချန်ပီယံလိဂ်ဗိုလ်လုပွဲမှာပိုမိုအသက်ဝင်လာဖွယ်ရာရှိသည်ဟု မီဒီယာများက သုံးသပ်နေကြပါသည်။

ရီးရဲလ်မက်ဒရစ်နှင့် အက်သလက်တီကိုမက်ဒရစ်တို့ ၄၃ ကြိမ် ထိပ်တိုက်တွေ့ဆုံခဲ့ရာတွင် ရီးရဲလ်မက်ဒရစ်က ၂၉ ကြိမ် နိုင်၊ ၁၀ ကြိမ် သရေကျပြီး ၄ ကြိမ် ရှုံးနိမ့်ခဲ့သဖြင့် အချင်းချင်းတွေ့ဆုံမှုတွင် ရီးရဲလ်တို့ အသာစီးရခဲ့သည်ဟု ပြောဆိုနိုင်ပါသည်။

သို့ရာတွင်ဖလားလုပွဲဖြစ်သော စပိန်ဘုရင့်ဖလားပြိုင်ပွဲတွင် ၂၀၁၃ ခုနှစ်၌ အချိန်ပိုတွင် ရီးရဲလ် ရှုံးနိမ့်ခဲ့ခြင်းမှာ အက်သလက်တီကိုမက်ဒရစ်တို့၏ စွမ်းဆောင်ရည်ကို လျှော့တွက်၍မရကြောင်း ဖော်ပြသကဲ့သို့ ဖြစ်နေပါသည်။

ယခုကစားမည့် လစ္စဘွန်းမြို့ ဘင်ဖီကာကွင်းမှာ ၂၀၀၃ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီး ပရိသတ် ၆၅,၆၄၇ ဝင်ဆံ့ပြီး မြက်ခင်းကွင်း ဖြစ်ပါသည်။ ထို့ကြောင့် မည်သူ့မျှ အိမ်ရှင်အားသာချက်မရှိသော အိုင်ဘီရီယန်ကျွန်းဆွယ်၌ ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်ဗိုလ်လုပွဲမှာ ရင်ခုန်စိတ်ဝင်တစားပြည့်နှက်နေမှုများဖြင့် ရှိနေမည်မှာ အသေအချာဖြစ်နေပါသည်။




## နယ်သာလန်နည်းပြ လူးဝစ္စဗန်ဂါးလ်အား မန်ယူက ၃ နှစ်စာချုပ် ချုပ်ဆို

ဘာစီလိုနာနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့အား ပထမရာသီမှာပင် အောင်မြင်မှုများ ရယူပေးနိုင်ခဲ့သော နယ်သာလန်နည်းပြလူးဝစ္စဗန်ဂါးလ်သည် မန်ယူအသင်း၏ မန်နေဂျာအဖြစ် ခန့်အပ်ခြင်းခံခဲ့ရပြီဖြစ်သည်။

အဆိုပါ နယ်သာလန်သားသည် ၁၉၉၇–၉၈ ဘောလုံးရာသီတွင် ဘာစီလိုနာအသင်းအား စပိန်လာလီဂါဖလားကို ရယူပေးနိုင်သကဲ့သို့ ၂၀၀၉–၁၀ ဘောလုံးရာသီတွင်လည်း ဘိုင်ယန်မြူးနစ်နှင့်အတူ ဘွန်ဒက်စ်လီဂါဖလားအား ရယူပေးနိုင်ခဲ့သော နည်းပြကောင်းမှတ်တမ်းကို ရေးထိုးနိုင်ခဲ့သည်။

ပရီးမီးယားလိဂ်၌ နိုင်ငံခြားသားနည်းပြများအောင်မြင်ခဲ့ရာတွင် ချဲလ်ဆီးနည်းပြ မော်ရင်ဟို၊ ထို့နောက်ချဲလ်ဆီးကိုကိုင်တွယ်ခဲ့သော ယခုလက်ရှိ ရီးရဲလ်နည်းပြ အန်ဆယ်လော့တီ၊ ယခုမန်စီးတီးကို ကိုင်တွယ်နေသော ပယ်လီဂရီနီတို့သည် ထင်ရှားသောနည်းပြ ၃ ဦးဖြစ်သည်ဟု မီဒီယာများက သတ်မှတ်ကြပါသည်။

အသက် ၆၂ နှစ်အရွယ်ရှိပြီဖြစ်သော ဗန်ဂါးလ်က နည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရပြီးနောက်တွင် ဒတ်ချ်ရုပ်သံတစ်ခုဖြစ်သော RTL သို့ပြောကြားရာတွင် "ဒီအလုပ်အတွက် ကျွန်တော်အင်မတန်မှပဲ ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ဒါဟာ မှန်ကန်တဲ့ရွေးချယ်မှုနဲ့ လမ်းကြောင်းတစ်ခုဖြစ်ပါတယ်။ အင်္ဂလန်ရဲ့ ချန်ပီယံအသင်းတစ်သင်းဖြစ်တဲ့ မန်ယူအသင်းနဲ့အတူ ဖြတ်သန်းရတော့မယ့်ကာလတွေမှာ ကျွန်တော်ဟာ စပိန်နဲ့ဂျာမနီမှာလိုပဲ ပထမနှစ်အတွင်းမှာ အောင်မြင်မှုတွေ ရယူပေးနိုင်လိမ့်မယ်လို့ ကျွန်တော် ထင်နေပါတယ်။ ကျွန်တော့်အနေနဲ့ အခုလို ပရီးမီးယားလိဂ်ကို ရောက်လာခဲ့ရခြင်းအတွက် ကျွန်တော် ဂုဏ်ယူနေမှာပဲ ဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

မန်ယူအသင်းသည် ဗန်ဂါးလ်အား ၃ နှစ်သက်တမ်းရှိသော စာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ပြီး သူသည် လိဂ် ၇ ခု၏ ချန်ပီယံဘွဲ့များကို မတူညီသောကာလပ် ၄ ခုနှင့်အတူ ရယူနိုင်ခဲ့သော သူအဖြစ် မှတ်တမ်းဝင်ထားခဲ့သည်။

သူဆုဖလားရရှိခဲ့သောအသင်းများမှာ အေဂျက်စ်၊ ဘာစီလိုနာ၊ အယ်လ်ခမာနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ ဖြစ်ကြသည်။

## ဆောက်သမ်တန် ကွင်းလယ်လူအား ဘော်လ်တန် လက်မှတ်ရေးထိုး

ဘော်လ်တန်အသင်းသည် ဆောက်သမ်တန်ကွင်းလယ်လူအန်ဒီ ရော်ဘင်ဆန်နှင့် တစ်နှစ်စာချုပ် လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ကြောင်း သိရှိရသည်။

ရော်ဘင်ဆန်သည် ယခုလာမည့်နွေရာသီတွင် ဘော်လ်တန်အသင်းသို့ ရောက်ရှိလာမည်ဖြစ်ပြီး အဆိုပါ ၂၁ နှစ်သား ကွင်းလယ်လူသည် ဆောက်သမ်တန်၏ အကယ်ဒမီတွင်တက်ရောက်၍ ဆောက်သမ်တန်အသင်း၏ လူငယ်ကျောင်းထွက်တစ်ဦးလည်းဖြစ်သည်။

သူသည် ဘော်လ်တန်အသင်း၏ တိုးချဲ့မည့်တပ်ဖွဲ့တွင် လီယန်ဖန်နီ၊ လီယန်ထရိုတာနှင့် နေးလ်ဒင်းနစ်တို့၏ နောက်တွင် စတုတ္ထမြောက်ကစားသမား ဖြစ်လာမည် ဖြစ်သည်။







မျက်နှာဖုံးမှအဆက် -

"ဒါဟစ်တိုင်ကွင်းဆောက်နေတာ။ မနက်ဖြန် ရန်ကုန်တိုင်းဝန်ကြီးလာမယ်။ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့ကလုပ်နေတာ။ ဒီတစ်ရက်၊ နှစ်ရက်အတွင်း အပြီးလုပ်ရမှာ"ဟု အဆိုပါဟစ်တိုင်တည်ဆောက်ရေးလုပ်ငန်းခွင်မှ ကြီးကြပ်သူတစ်ဦးကမြန်မာသံတော်ဆင့်သို့ ပြောသည်။

တာမွေမြို့နယ်အုပ်ချုပ်ရေးမှူးဦးသန့်ဇင်ကလည်း"ကျွန်တော်လည်း အဲဒီနေရာမှာ စောင့်ကြည့်နေရတယ်။ ဘာအတွက် ဆောက်နေတယ်လို့ ကျွန်တော့်အနေနဲ့ အတည်မပြုနိုင်ဘူး။ ရန်ကုန်တိုင်းဝန်ကြီးချုပ်ဦးမြင့်ဆွေက တည်ဆောက်ခိုင်းတာပဲ သိပါတယ်"ဟု ပြောသည်။

အလားတူ မန္တလေးမြို့မဟာ အောင်မြေမြို့နယ်၊ ၆၂ လမ်းနှင့် သိပ္ပံလမ်းထောင့်ရှိ မနောဟရီပန်းခြံ၌ ပေ ၃၅၀ X ၁၅၀ အကျယ်ရှိ ပြည်သူ့ဟစ်တိုင်ကွင်းကို ယခုလကုန်ပိုင်းအတွင်း အပြီးတည်ဆောက်သွားရန်လည်း မန္တလေးတိုင်းအစိုးရအဖွဲ့မှ စီစဉ်လျက်ရှိသည်။





လွှတ်တော်
အမျိုးသမီး
အမတ်များ
ဖက်ရှင်

ဒေါ်အောင်ဆန်းစုကြည်နှင့်
ဘဝတူအမျိုးသမီး
ခေါင်းဆောင်များ
အပါအဝင်
ဦးကျော်သူနာရေးကူညီမှု
အသင်းထောင်၍
ဦးကျော်ဟိန်း
ဘုန်းကြီးဝတ်သွားသော
လောက.....
မေလထုတ် ရွှေတော်ဝင်
အမှတ် (၄)
ထွက်ပြီ

ဖြန့်ချိရေး– ရွှေနီလာစာပေ
ဖုန်း ၀၉ ၄၃၁၃၆၈၅၂၊
၀၉ ၄၂၈၂၀၁၉၅၇


# သမိုင်းဝင် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီး
# အာဏာရ ကြံ့ခိုင်ရေးပါတီ စိတ်ဝင်စားမှုမရှိ



**ရန်ကုန်၊ မေ ၂၂**

ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေတွင် မေ ၁၂၊ ၁၃ ရက်များ၌ ကျင်းပခဲ့သည့် သမိုင်းဝင် ပဌမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးသို့ အာဏာရ ကြံ့ခိုင်ရေးပါတီနှင့် အင်အားကြီးအတိုက်အခံ NLD ပါတီ အကြီးအကဲများ လာရောက်ကြည်ညိုမှုမရှိဘဲ သာသနာရေး ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်နှင့် ဒုတိယဝန်ကြီးများသာ အစိုးရပိုင်းမှ တက်ရောက်ခဲ့သည်။ သာသနာရေး ပြည်ထောင်စုဝန်ကြီးသည် ကြံ့ခိုင်ရေးပါတီတွင် ဗဟိုအလုပ်အမှုဆောင်ကော်မတီထက် အဆင့်နိမ့်သော ဗဟိုကော်မတီဝင်အဆင့်သာရှိပြီး ယခင်က ရန်ကုန်မြို့တွင် ကျင်းပခဲ့သော စာပေသက်ကြီးပူဇော်ပွဲမြို့တော်ခန်းမသို့ ကြံ့ခိုင်ရေးပါတီ ဒုဥက္ကဋ္ဌ ဦးထွေးဦးနှင့် ဗဟိုအလုပ်အမှုဆောင်များနှစ်စဉ်တက်ရောက်ခဲ့ကာ ၎င်းတို့ အနေဖြင့်လည်း သံဃာ့အစည်းအဝေးကြီးသို့ တက်ရောက်ကြည်ညိုရန် ဆက်သွယ်မှု တစ်စုံတစ်ရာမရှိကြောင်းလည်း သိရှိရသည်။

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တောင်ကလေးဆရာတော်က အစိုးရနှင့် ပါတီကြီးများအနေဖြင့် မဲဆွယ် အသုံးချရန်သာ ဘုန်းကြီးများကို စိတ်ဝင်စားမှုရှိပြီး မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ သံဃာတော်များသည် သနားစဖွယ်ဖြစ်နေကြောင်း၊ စိတ်ပေါ့သွပ်သူများ (အရူးများ)၊ သာသနာ့ဝန်ထမ်းများသည် မဲပေးခွင့်မရှိသော တစ်တန်းတစ်စားတည်း သတ်မှတ်ခံရသည့် သံဃာတော်များသာဖြစ်ကြောင်း မြန်မာသံတော်ဆင့်သို့မှတ်ချက်ပြုပြောကြားခဲ့သည်။





လွန်ခဲ့သော ၁၉ နှစ်ကကမ္ဘာအေးတွင် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး ကျင်းပစဉ်က နိုင်ငံတော်အကြီးအကဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုချုပ်များ တက်ရောက်ကြည်ညိုခဲ့ကာ ကိုယ်တိုင်ပါဝင် ဆွမ်းလောင်းခဲ့ကြပြီးယခုနှစ် ကျင်းပသည့် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီး ပင့်သံဃာ ၂၅၉၈ ပါးဖြင့် ပြုလုပ်ရာသို့မှ သာသနာရေးဝန်ကြီး၊ရန်ကုန်တိုင်းဝန်ကြီးချုပ်၊ တပ်မတော်အစိုးရဝန်ကြီးဟောင်းများသာ တက်ရောက် ကြည်ညိုခဲ့ကြသည်။

MH-0011


(၁-၅-၂၀၁၄)တွင်ကျင်းပသော (၃၀၄)ကြိမ်မြောက်ထီဖွင့်ပွဲတွင် **အေးငြိမ်းချမ်းသာအောင်ဘာလေထီဆိုင်မှ**

သ-၇၇၆၂၇၃ဖြင့် ကျပ်သိန်း ၃၀၀ ဆုကြီး အပါအဝင် ဂ-၂၄၈၊ က-၇၂၁၊ ဍ-၉၇၄၊ ရ-၃၀၉၊ ည-၃၄၇၊ သ-၇၂၂၊ ဏ-၁၅၀၊ ခ-၆၃၂၊ ပ-၉၇၄ စသည့် ထိပ်စီးများ ကျပ်သိန်းပေါင်း (၁၄၀၀)ကျော် ဆွတ်ခူးပေးလိုက်ပါပြီ။

(၁)အမှတ်(၂၀၀)၊ (၂၇)လမ်း (အထက်ဘလောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

(၂) အမှတ် (၁၂၉)၊ (၈၄)လမ်း၊ ၂၉ လမ်းနှင့် ၃၀ လမ်းကြား၊ မန္တလေးမြို့။

(၃) ပ/၁၀၊ မြို့မဈေး၊ နေပြည်တော် တို့တွင် ဖွင့်လှစ်ရောင်းချနေပါကြောင်း

သတင်းကောင်းပါးအပ်လိုက်ပါတယ်။

အေးငြိမ်းချမ်းသာ အောင်ဘာလေထီဆိုင်မှ ဆိုင်ခွဲများ ထပ်မံတိုးချဲ့ဖွင့်လှစ်နေပါပြီ။ အေးငြိမ်းချမ်းသာတွင် အလုပ်လုပ်ခဲ့ကြပြီး အကြောင်းအမျိုးမျိုးဖြင့် မလုပ်ဖြစ်ခဲ့ကြသော မည်သည့် ဝန်ထမ်းဟောင်းများကိုမဆို ပြန်လည်လက်တွဲအလုပ်လုပ်ပေးပါရန် ဖိတ်ခေါ်ပါသည်။
ဆက်သွယ်ရန် ဆရာနှင့်အစ်မ
၀၉ ၅၁၂၁၉၃၁၊ ၀၉ ၅၁၂၁၉၃၂

အေးငြိမ်းချမ်းသာ ထီထိုးသူများအားလုံး မဟာကံထူးရှင်ကြီးများ ဖြစ်ကြပါစေ။

အေးငြိမ်းချမ်းသာ အောင်ဘာလေထီဆိုင်မိသားစု
၀၉ ၅၁၂၁၉၃၁၊ ၀၉ ၇၃၀၈၇၈၀၉